ဆရာအောင်သာဦး၊ ရေးစီရင်အပ်သော၊

အပိုး ရမင်းတို့၊ ပြဋ္ဌာန်းချက်ဖြစ်သည့်

# ကဗျာဖွဲ့နှံ့ပေါင်းနည်းလမ်းကျော်

# Essentials of Burmese Prosody.

**For the Students.**

*By*

Saya Aung Tha Oo.

Approved by the Text Book Committee, Burma.

၁၂၈၀ ခု၊ တပေါင်းလ၊

မြန်မာ့အလင်းသတင်းစာပုံနှိပ်တိုက်၊

ရန်ကုန်မြို့။

# နိဒါန်း။

ကျွန်ုပ်သည်၊ ဤ"ကဗျာညွန့်ပေါင်း၊ နည်းလမ်းကောင်းကျမ်း" ကို အပတ်တကုတ်၊ အားထုတ်ပြုဖြင့်၊ ရေးစီရင်ခြင်း၏ အကြောင်းရင်းမူလ၊ အစနိဒါန်းတွင် ဖော်ညွှန်းလိုသည်မှာ၊ မြန်မာတို့၏ပြီးခွန်း၊ ပွင့်လန်းကောင်းစားစဉ်အခါက၊ ပညာရှိ ကဗိပုဂ္ဂိုလ်ကျော် အပေါင်းဖြင့်၊ ဤမြန်မာပြည်ကြီးသည်၊ ညီးညီးပြောင်ပြောင်၊ မိုး,နေ,လ အရောင်ကဲ့သို့ ထွန်းလင်းခဲ့ဘူးသောကြောင့်၊ ထိုပုဂ္ဂိုလ်မြတ်တို့၏"အနှစ်ပြည့်ကဗျာရပ်များ" သည်၊ အထင်အရှားပင်ဖြစ်ပွားလျက် ရှိပေသည်၊ သို့သော် အရှေ့အိန္ဒိယကုမ္ပဏီအင်္ဂလိပ်လူမျိုးတို့သည်၊ ဘကြီးတော်ဘုရားလက်ထက်သက္ကရာဇ် ၁၁၈၆ ခုနှစ်တကြိမ်၊ ပုဂံမင်းတရားလက်ထက်၊ သက္ကရာဇ် ၁၂၁၄ ခုနှစ်တကြိမ်၊ သီပေါမင်းတရားလက်ထက်၊ သက္ကရာဇ် ၁၂၄၇ ခုနှစ်တကြိမ်၊ သုံးကြိမ်တိုင်အောင်မြန်မာတို့နှင့်စစ်မက်ဖြစ်ပွား၊ တိုက်ခိုက်သိမ်းယူခြင်းဖြင့်၊ မြန်မာတနိုင်ငံသုံးသည် အင်္ဂလိပ်မင်းတို့၏ လက်အောက်လက်နက်နိုင်ငံ အဖြစ်သို့သက်ရောက်ခဲ့ရပေ၏။ ဤကဲ့သို့ ဖြစ်ပျက်ရွေ့လျောရသည်ကစ၍၊ ကမ္ဘာ့ဓမ္မတာ၊ မင်းမရှိသောလူမျိုးတို့၏၊ ဘာသာ သာလျှင်၊ ဘွဲ့မိုးထင်ရှားပမြဲဖြစ်တိရကား ယခုအခါ၊ ပညာသင်ကျောင်းများ၌၊ အင်္ဂလိပ်ပညာ၊ ဘာသာစာပေများကိုသာလျှင်၊ အနည်းနည်း၊ အဖုံဖုံ၊ တိုက်ရိုက်ဖြစ်စေ၊ တဆင့်၊ ဘာသာပြန်၍ဖြစ်စေ၊ လေ့လာသင်ကြားကြရခြင်းကိုများသောအားဖြင့် တွေ့ရှိရပေသည်၊ ထို့ကြောင့် ကျောင်းသားကလေးများမှာ၊ မြန်မာဘာသာ၊ ကဗျာရပ်များကို သင်ကြားဆည်းပူးရန် အချိန်အနည်းငယ်မျှသာ ရရှိကြ၏၊ ထိုကဲ့သို့ အနည်းငယ်မျှလောက်သောအချိန်၊ ကျောင်းသားကလေးတို့၏ နုနယ်သောပညာများနှင့် သင့်တင့်လျောက်ပတ်၊ လိုအပ်လိုထိုက် သရွေ့၊ သိုင်းမြိုင်တင့်တယ်၊ ပြည့်ကြွယ်ဝလင်သော၊ ကဗျာကျမ်းစာအုပ်များသည်၊ ယခုတိုင်အောင်၊ ထွန်းထွန်းကားကား၊ ထင်ရှားပေါ်ပေါက်လာခြင်းကို မတွေ့ရသေးချေ၊ ရှေးပညာရှိ ဆရာမြတ်တို့မှာလည်း၊ မိမိတို့လိုရာကိုသာ အကျယ်တဝင့် ချယ်သွင့်လျက်ရေးသားထားရှိကြကုန်သဖြင့်၊ ကျောင်းသားသူငယ်များ အ

# နိဒါန်း။

တွက်၊ အလွန်အမင်းခဲယဉ်းချက် တွေ့ရပေလိမ့်မည်၊ ဤအကြောင်းများကိုထောက်ဆ၍ "ကဗျာအရေး အဆိုဝါသနာပါခဲ့လျှင်၊ သေချာစွာတတ်မြောက်၍၊ နောက်နောင်ကိုလည်း ကဗျာကျမ်းကြီးတို့၏အနှစ်သာရကိုအလွယ်တကူနှင့်ခံစားနိုင်ကြစေရန်" ဟုရည်သန်ရင်းပြိတ်တော်နာကနှိုးဆော်တိုက်တွန်း တော်ညွှန်းသောသောကြောင့်၊ ဉာဏ်အဘိဓာန် ကဗိပုဂ္ဂိုလ်မြတ်တို့ မှုအဆောင်ဆောင်ရှုယူဆောင်ကောက်နုတ်သင့်၊ ကောက်နုတ်ထိုက်သည့်၊သောရှုအသီး၊ အညီကောင်းကျိုး၊ပြည့်ဖြိုးလတ္တံ့ သော၊ ဘဗျာဆီ၊ ကဗျာနှင်း၊ ကဗျာညွှန့်များကို၊တော်သင့်အောင် တကွနုတ်ပေါင်းရ၍၊ ထိုထိုသောကဗိမဟော် အစဉ်အလာတို့၏အလို၊ အဆိုအမျိုးမျိုးနှင့်တိုက်ဆိုင်သုံးဝါ၊ ပဌမ,ဒုတိယ,တတိယဟု ကဏ္ဍသုံးရပ်ခွဲခြားကာ၊ အစီအစဉ်၊ အဆင့်ဆင့်၊ဉာဏ်ရှိသင့်မသင့်ကြောင်း၊ရှုပေါင်းပြုပြင်၊ ရေးသီရင်အင်ပေသတည်း။

ဤကဗျာညွှန့်ပေါင်း၊နည်းလမ်းကောင်းကျမ်းကို၊ ကြိုးကုတ်နေ့ည၊ကြည့်ရှုမှတ်သားကြကုန်သော၊ အကြင်မြန်မာနိုင်ငံတိုင်းသွား၊ ရှင်လူအများတို့မှာ၊(ပါရမီတော်ခန်းပျို့အညွှန်း၊ "လမ်းမိုးပေါင်းတွင်၊ဆင့်ကာတွင်သို့၊သုတ်သင်ကာမျှ၊လွယ်စွာရ" ဆိုဘိသကဲ့သို့) လွယ်လွယ်ကူကူနှင့် ကောင်းပွန်စွာတတ်စွမ်းကြပြီး၍၊မိမိတို့၏ မျိုးရိုး,ဘာသာ,သာသနာနှင့်ပညာမြတ်မွန်၊ ဤလေးတန်ကို၊ မြင့်မိုရ်လွန်ဖြိုးတိုးကြီးတိုးအောင်၊ကြိုးကုတ်ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

ဒေါင်သဲဦး၊
မြန်မာစာဆရာ၊
အစိုးရအထက်တန်းဆယ်
အမျိုးသားအထက်တန်း
ကျောင်းကြီး၊
ဝင်တွေမြို့

# မာတိကာစဉ်။

| ဦးရေ၊ | အကြောင်းအရာ၊ | မျက်နှာနံပါတ်၊ |
|---|---|---|
| | **ပဌမကဏ္ဍ** ကမ္ဘာ့အကြောင်း။ | |


| | | |
|---|---|---|
| ၁ | ကမ္ဘာဟု အမည်မှည့်ခေါ်ခြင်းအကြောင်း။ | ၁။ |
| ၂ | ကပိလ်ပုဂ္ဂိုလ်သေးဦးတို့အကြောင်း။ | ၁။ |
| ၃ | ကမ္ဘာ၏အခံသည်ကွဲပြားခြင်းအကြောင်း။ | ၄။ |
| ၄ | မြန်မာဘာသာကမ္ဘာသည်၊ မည်သည့်အခါကပေါ်ပေါက်လာ၍၊ မည်သည့်များဖြစ်ကြောင်းပြဆိုခြင်း။ | ၅။ |
| ၅ | ကမ္ဘာကိုအမှတ်ရသရက်ပင်မင်းနှင့်၊ ဥပမာဆောင်၍ပြဆိုခြင်း။ | ၆။ |
| ၆ | မြန်မာဘာသာ၊ ကမ္ဘာမှုလ၊ အပင်မြ,မှ၊ လက်ဘ သီချင်း၊ အခက်အလက်များထွက်ပေါ်လာပုံကို ပြဆိုခြင်း။ | ၈။ |
| ၇ | လက်ဘသည်မည်သည့်အခါက၍ ပေါ်ပေါက်ဖြစ်ထွန်းလာကြောင်း၊ ကပိလ်ပုဂ္ဂိုလ်အပေါင်းတို့ ယူဆပုံအရပ်ရပ်ကိုနှိုင်းယှဉ်၍ပြဆိုခြင်း။ | ၉။ |
| ၈ | သီချင်းအကြောင်းသုံးအပေါင်းဆုံးကိုပြဆိုခြင်း။ | ၁၄။ |

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျွန်းဝယ်ငါး၊ချစီ၊အညီရံခအပ်သော၊ကျွန်းကြီးလေးရပ်၏ဗဟို၊ မြင့်မိုရ်တောင်မင်း၏နံပါး၊တောင်ဖျားယုဂန်ရ၊ အဇ္ဈကာသ၌၊သူ ရိယာကြော၊ဥဒေါင်းမင်းယဉ်သသည်၊ဝိဝဋ္ဋဟူသယ်၊အသချေ်ယျကပ် ဦး၌၊ရောင်ဆိုင်ကွန့်ရှန်း၊ အလောင်မကသော၊ခြည်ပန်းတို့ဖြင့်၊ တသဲ နက်သောအမိုက်တိုက်ကို ဖြိုသွင်၍၊ အရောင်အလင်းကို၊ ပြောင်း ဝင်းစွာပေးအပ်လေသည့်အလား၊ ။မခြားထို့သွင်၊ ဘုံသုံးခွင်၌၊ ကျင်လည်ချောပါး၊ နစ်မွန်းကြကုန်သော၊ ဝေနေယျသတ္တဝါတို့၏၊ အညာဏ္ဍသဏ္ဍာန်၌၊ပြည့်လျှံအဝိဇ္ဇာ၊ထဗျာမှောင်တိုက်ကို၊မွေ့ရောင် ဖြိုက်ဖြင့်၊အလိုက်သင့်ဖြိုသွင်၍၊အလင်းကိုပေးတော်မူတတ်သဖြင့်၊ နေမင်း၏အဆွေ ဖြစ်းတော်မူသောတရားမင်း၊ ဘုရားအား၊ ကျွန်ုပ် သည်-ကြည်ညိုမြတ်နိုး၊လက်စုံမိုး၍၊ရှိခိုးဦးခိုက်ပါ၏။ ။

တာရိန္ဒ်ာသင်္ဂနိုင်း၊ ယုန်ဝန္ဓာငွေလမင်းသည်၊ ငါးဖြာသေရန် ဘေး၊ကင်းစင်ဝေး၍၊နက္ခတ်ကြယ်တာရာအပေါင်း၊ခြောင်းရံပတ် လျက်၊ ကျွန်းဇမ္ဗူသောင်းရပ်၌၊ မွန်းမတ်သည့်ချိန်အခါတွင်၊စန္ဒာရ ကန့်မြဲဂျောက်မွန်ပမာ၊သတ္တဝါမိုလ်လူအပေါင်းအား၊နှစ်သက်ရွှင် လန်း ချမ်းသာယာစေတတ်သကဲ့သို့၊ ။ပဋိရူပမရှုပ္ပါး၊စက်ရဟတ်၌၊ တပတ်သည်လည်နစ်မွန်းမျောပါးကြကုန်သော၊ သတ္တဝါဝေနေယျ တို့အား၊ မဂ်ဖိုလ်နိဗ္ဗာန်၊ သုံးတန်သောချမ်းသာမွန်ကို၊ ပြည့်စုံ အောင်ပေးတော်မူတတ်သော၊ ရှစ်ဆသောင်းလေးထောင်၊ များမြောင် ကျယ်ဝန်း၊ဆယ်ခန်းသောတရားတော်မြတ်အား၊ကျွန်ုပ်သည်၊ကြည် ညိုမြတ်နိုး၊လက်စုံမိုး၍ ရှိခိုးဦးခိုက်ပါ၏။ ။

အာပေါသံဝဋ္ဋ၊အသချေ်ယျကပ်ကမ္ဘာ၊ပျက်ပြုန်းသောအခါဝယ်၊

ရူပါဝစရသောဥဿဝတွင်၊ သုဘကိဏှအောက်၊ ဘုံဝေဈွေးကိကို၊ ဖြည့်ချွေးဖောက်ပြီး၊ ရှာသညီ့မိုးစမ်းထက်၊ တိုးတက်လွန်ကဲ၍၊ သည်းထန်မှာစွာ၊ ချုံးသွန်းကာရွာသောကိလေသာသမိုးစမ်း၍ စွပ်မို ကျည်းမြောင်းခြင်း၄၊ ကင်းလွတ်တော်မူကြပြီး၍၊ ကောင်းမှုတည်း ဟူသောမျိုးစေ့ကိုက်မျိုးရော၊ ထယ်ယာမြေကောင်းသဘွယ်လည်း ဖြစ်တော်မူထသော၊ အသက်ကဲ့သို့ပြုအပ်သောသာဝမျပီလနှင့်ပြည့် ရုံသည်ဖြစ်၍၊ အခါခပ်သိမ်း၊ ကာလျာဏဓမ္မဘုစ္စနဲ့တို့ထက်-မြတ်တော် မူထသော၊ ရှစ်ယောက်သောအရိယာသသံဃာတော်တို့အား၊ ကျွန်ုပ် သည့်၊ ကြည်ညိုမြတ်နိုး၊ ထက်ရုံမိုး၍၊ ရှိခိုးဦးနှိမ်ပါ၏၊ ၊

ဤကဲ့သို့၊ မွန်မြတ်သောရတနာသုံးပါးတို့အား၊ ရှိခိုးဦး၍၊ မာတာပိတာ၊ အာစရိယဆရာ၊ ဤနှစ်ဖြာကိုလည်း၊ ရှိခိုးဦးနှိမ်ပါ၏၊ ၊ ထိုအကျိုးဆက်ကြောင့်၊ ကျွန်ုပ်တို့အား၊ အခါခပ်သိမ်း၊ အောင်ခြင်းမင်္ဂလာသည်ဖြစ်ပါစေသတည်း၊ ၊

# ပဌမကဏ္ဍ။

# ကဗျာအကြောင်း။

## ကဗျာဟုအမည်မှည့်ခေါ်ခြင်းအကြောင်း။

"ကဝိနံ ဣဒံကဗျံ" ဟူသောသဒ္ဒါနိရုတ္တိကာနှင့်အညီ၊ ဝိတ္ထာရ၊ သုတ၊ အတ္ထ၊ ပဋိဘာန်၊ အသိသန့်တော်မူကြသော၊ ကဝိစ်ပုဂ္ဂိုလ်လေးဦးတို့၏ထုံးဖြစ်သောသဥ္စာ၊ အဓိပ္ပါယ်နှင့်စပ်ဆိမ့်တွယ်သော၊ သဒ္ဒပဗန္ဓအစဉ်အလာကို၊ ကဗျာဟုမှည့်ခေါ်သောသည်၊

### ကဝိစ်ပုဂ္ဂိုလ်လေးဦးတို့အကြောင်း

၁၊ ။စိန္တာကဝိ။ ။ ဝတ္ထုအနှုသည်ကို၊ မိမိဉာဏ်အလျှော် ကြံစည်၍၊ အင်္ဂနာဇာတ်၊ ကောသလ္လာဘိရ ဇာတ်တို့ကဲ့သို့၊ ဖွဲ့နွဲ့သီကုံးတတ်သော ပညာရှိ။ ။

၂၊ ။သုတကဝိ။ ။ ဝေဿန္တရာဇာတ်စသည်တို့ကို ကြားဘူး၍၊ ထိုဇာတ်နှင့်ယှဉ်ပြီးလျှင်၊ မကြားဘူးသေးသောအဖွဲ့အနွဲ့၊ သီချင်းစသည်တို့နှင့်တကွ၊ ဝေဿန္တရာဖြစ်ဇာတ်စသည်တို့ကို ဖွဲ့ဆို၍သီကုံးတတ်သောပညာရှိ။ ။

၃။ ။အတ္ထကဝိ။ ။ ပါဠိ အဋ္ဌကထာ ဋီကာတို့၌ လာရှိသော ဇာတ်တို့၏ အနက်အဓိပ္ပါယ်တို့ကို ဆင်

ခြင်း၍၊ထိုအဓိပ္ပါယ်မပျက်စေရ၊ အကျယ်
ချဲ့ခြင်း၊ အကျဉ်းချုံးခြင်းတို့ဖြင့်၊ ပါဠိ
ခန်း၊ဆုတောင်းခန်း၊ စတုဓမ္မသာရမျိုးတို့
ကဲ့သို့ဖွဲ့ဆိုသီကုံးတတ်သောပညာရှိ၊ ။

၄။ ။ပဋိဘာဏကဝိ။ ။ရှေးကဝိဆရာတို့ ဝင်ဆိုဖွဲ့နွဲ့ခဲ့ဖြ
သော၊မြို့၊ပြ၊ပြည်၊ရွာဖွဲ့၊ တောဖွဲ့၊တောင်
ဖွဲ့၊မယ်ဖွဲ့၊ မောင်ဖွဲ့၊ သီချင်း၊ ပတ်ပျိုး
ပိုး၊ဒွေးယားစသည်တို့ကိုမြင်ရ၍၊ ထိုအတူ
အသစ်ဖွဲ့ဆိုသီကုံးတတ်သောပညာရှိ၊ ။

ထို့ကြောင့်၊သီလက္ခန္ဓအဋ္ဌကထာ၌။

ကာဝေယျန္တိစတ္တာရောမေကဝယောကဝိ၊စိန္တာကဝိ၊ သုတကဝိ၊ အတ္ထကဝိ၊ပဋိဘာဏကဝီတိ ဣမေသံစတုန္နံကဝီနံ အတ္တနောစိန္တာဝသေနဝါ၊ဝေဿန္တရော နာမရာဇာ အဟောသီတိအာဒိနာ သုတွာသုတဝသေနဝါ ဣမဿ အယံအတ္ထော ဧဝံယောဇေတဗ္ဗောတိ ဧဝံအတ္ထဝသေနဝါ ကိဉ္စိဒေဝ ဒိသွာ တင်္ခဏညေဝ ကဗ္ဗံကရိဿာမီတိ ဧဝံဥပ္ပန္နုပ္ပတ္တိက ပဋိဘာဏဝသေနဝါ ဇီဝိကတ္ထာယ ကဗျကရဏံ၊ ။ဟူ၍ဒိန္နဆို၏၊ ။ကာဝေယျန္တိ၊ ဟူသည်ကား၊ ထိကဗ္ဗေဝ၊ ပြောန်းတို့၊ ကဝိ၊ ကဝိတို့သည်၊ စိန္တာကဝိ၊စိန္တာကဝိရင်း၊ သုတကဝိ၊ သုတကဝိရင်း၊ အတ္ထကဝိ၊ အတ္ထကဝိရင်း၊ ပဋိဘာဏကဝိ၊ ပဋိဘာဏကဝိရင်း၊ ဣတိ၊ ဤလေးပါးတို့တည်း။ ဣမေသံစတုန္နံ၊ ဤလေးပါးကုန်သော၊ ကဝီနံ၊ ကဝိတို့၏၊ အတ္တနောဝ၊ မိမိ၏၊ စိန္တာဝသေနဝါ၊ အကြံအစည်၏ အစွမ်းဖြင့်ရင်း၊ ဝေဿန္တရော နာမရာဇာ၊ ဝေဿန္တရာ မည်သော မင်းသည်၊ အဟောသိ၊ ဖြစ်ဘူးပြီ၊ ဣတိအာဒိနာ၊ ဤသို့အစရှိသော စကားတို့ကို၊ သုတွာ၊ ကြား၍၊ သုတဝသေနဝါ၊ ကြားသည်၏အစွမ်း ဖြင့်ရင်း၊ အယံအတ္ထော၊ ဤအနက်သည်၊ ဣမဿ၊ ဤသဒ္ဒါ၏၊ အတ္ထော၊ အနက်တည်း၊ ဧဝံ၊ ဤသို့၊ ဝါ၊ ထိုအနက်ကို၊ ယောဇေတဗ္ဗော၊ ယှဉ်အပ်၏၊

ဇာတိ ဇော်၊ ဤသို့။ အတ္ထဝသေနဝါ၊ အနက်၏အစွမ်းဖြင့်ရင်း၊ ကိဳ္ဘဝေ၊ တရုံတခုကိုသသဘျင်၊ ဒိသွာ၊ မြင်၍၊ တပ္ပုဒ်ဘာဂံ၊ ထိုဝတ္ထု၏အတုဖြစ်သော၊ ကတ္တုဒ္ဓိ၊ ပြုအပ်သောအမှုကို၊ ကရိဿာမိ၊ ပြုအံ့ဟူ၍၊ ဇော်၊ ဤသို့၊ ဌာနုပ္ပတ္တိကပဋိဘာဏဝသေနဝါ၊ အရာဌာနအလျောက်စွာဖြစ်သော ပညာဉာဏ်၏အစွမ်းဖြင့်ရင်း။ ဇိဝိကဗ္ဗာသာ၊ အသက်မွေးခြင်းငှါ။ ကဗျာကရဏံ၊ ကဗျာပြုခြင်းတည်း။

ရင်းပြစ်တနည်း၊ ပြဆိုပြန်သည်မှာလည်း။

ကာဝေယျနှို့၊ ကာဝေယျံဟူသည်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ကဝိ၊ ကဗျာတို့သည်။ စတုမဟာဂ္ဂါရော၊ ဤလေးပါးတို့တည်း။ စတ္တာရော၊ လေးပါးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ စိန္တာကဝိ၊ ကြံ၍ကဗျာဖွဲ့ခြင်းရင်း။ သုတကဝိ၊ သုတပါးဖွဲ့သည်ကို ကြားဘူး၍ ကဗျာဖွဲ့ခြင်းရင်း။ အတ္ထကဝိ၊ အနက်နှင့်ငင်၍ ကဗျာဖွဲ့ခြင်းရင်း။ ပဋိဘာဏကဝိ၊ ထင်သသာဉာဏ်၏ အစွမ်းအားဖြင့်၊ ကဗျာဖွဲ့ခြင်းရင်း။ ဇာတိဗုမေ စတ္တာရော၊ ဤလေးပါးတို့တည်း။ ဇာတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဝုတ္တာနံ၊ ဟောတော်မူအပ်ကုန်သော၊ ဇာမေသံ စတုန္နံ ကဝိနံ၊ ဤလေးရပ်သော ကဗျာတို့ကို။ အတ္ထနော၊ မိမိ၏။ စိန္တဝသေနဝါ၊ အကြံ၏ အစွမ်းအားဖြင့်ရင်း။ ဝေသာလိုရော နာမ၊ ဝေသာလိုရာ အမည်ရှိသော၊ ရာဇာ၊ မင်းသည်၊ အပေဘာသိ၊ ဖြစ်၏၊ ဇာတိ အာဒိနို့၊ ဤသို့အစရှိကုန်သော စကားတို့ကို၊ သုတွာ၊ ကြား၍၊ သုတဝသေနဝါ၊ ကြားဘူးသည်၏ အစွမ်းအားဖြင့်ရင်း။ ဣမဿ၊ ဤပါဌ်၏။ အယံအတ္ထော၊ ဤအနက်သည်။ ဟောတိ၊ ဖြစ်၏။ ဇော်၊ ဤသို့။ တံ၊ ထိုအနက်ကို၊ ယောဇေဿာမိ၊ ယှဉ်အံ့။ ဇာတိဇော်၊ ဤသို့။ အတ္ထဝသေနဝါ၊ အနက်၏အစွမ်းအားဖြင့်ရင်း။ ကိဳ္ဘဝေ၊ တရုံတခုကိုသသဘျင်။ ဒိသွာ၊ မြင်၍၊ တပ္ပုဒ်ဘာဂံ၊ ထိုမြင်ဘူးသောဝတ္ထုနှင့်တူသော၊ ကတ္တုဒ္ဓိ၊ အမှုကို၊ ကရိဿာမိ၊ ပြုအံ့။ ဇာတိဇော်၊ ဤသို့၊ ဌာနုပ္ပတ္တိကပဋိဘာဏဝသေနဝါ၊ မြင်ဘူးသောဝတ္ထု အနုလျောက်စွာဖြစ်သော၊ ပညာဉာဏ်၏အစွမ်းအားဖြင့်ရင်း၊ ဇိဝိကဗ္ဗာသာ၊ အသက်မွေးခြင်း

၄၂၊ ကာရုကာရအာ၊ ဖွဲ့ခြင်းကိုပြုခြင်းတည်း။ ဟူ၍ဘွင့်ဆိုထားရှိပေ သည်။ ။

ကဗျာ၏အမည်ကွဲပြားခြင်းအကြောင်း။

ထိုကဲ့သို့ဘုတ်ဘောဘ်ဖြဲဆိုခဲ့ပြီးသော၊ ကဗိလေးပါးတို့၏ဉာဏ်၊ အဆိုအမိန့်၊ နှစ်သိမ့်ဘွယ်သောကဗျာကို၊ "နာနာသောဓာတ်နိဿိယာနိ ဉာဏ်သိယာနိ ဝေဒ ဘောနာတိဝါဝေါ၊ နာနာ အတ္ထံ ပါဠိရတီတိဝေါ၊ ဂေါစေသောခေါ်တော်ဂန္ထော" ဟူ၊ ဝစနတ်လှစ်ကြွေးရကား၊ အထူးထူး အပြားပြားသောသဒ္ဒါတို့ကိုဆိုရာ ဆိုကြောင်းဖြစ်၍၊ အထူးထူး သောအနက်ကိုဆောင်တတ်သောကြောင့်၊ "ဂန္ထ" ဟူ၍အမည်ဖွဲ့ ၍ခေါ်ဆိုခြင်းပြုကြလေသည်၊

ထို "ဂန္ထ" အမည်ရှိသည်ကိုလည်း၊ "ကဗိဟိဗန္ဓိတာဗ္ဗောတိ ဗန္ဓော" ဟူသောဝစနတ်နှင့်အညီ၊ လေးရပ်သောကဗိတို့၏၊ မကဗိ ရတ္တာ၊ ရတနာ ခွဲလုံး၊ ရလဲပြီးကို၊ ဘလုံးစီခြယ်ကြီးသိသကဲ့သို့၊ စီကုံး ဖွဲ့ဆိုအပ်သောသဘောကြောင့် "ဗန္ဓ" ဟူ၍ အမည်ရပြန်လေသည်၊

ဗန္ဓအပြား၃ပါး၊

၁၊ ဂါထာ၊ ၊အက္ခရာ၊ဂိုဏ်း၊ ဂရု၊ လဟုတို့ကိုမှတ်၍၊ ဖွဲ့အပ်သောဗန္ဓကိုခေါ်သည်။

၂၊ စုဏ္ဏိယ၊ . အက္ခရာ၊ဂိုဏ်း၊ဂရု၊ လဟုတို့ကိုမမှတ် မူ၍၊ဖွဲ့အပ်သောဗန္ဓကိုခေါ်သည်၊

၃၊ ဝိမိဿ၊ ၊ ဂါထာနှင့်စုဏ္ဏိယနှစ်ပါးသုံးကို ရော၍ ဖွဲ့ ၍ အပ်သောဗန္ဓကိုခေါ်သည်၊

ထိုဂါထာ၊ စုဏ္ဏိယ၊ ဝိမိဿတို့ကိုပင် "ဒိဗ္ဗသဒ္ဒေန ဂါယိတဗ္ဗန္တိ ဂီတံ" ဟူသောဝစနတ်နှင့်အညီ၊ ရှည်သောအသံဖြင့် ရင့်ကြွေး သီဆိုရခြင်းကြောင့်၊ "ဂီတ" (ဝါ) "ပြုတဂီတ" ဟုတပန်၊ သမုတ်ကြ ပြန်သည်၊

ဤကဲ့သို့ပြဆိုခဲ့သမျှသော ကဗျာတို့ကိုတဖန်၊ "လောကဝတ်၊ မွေဝတ်၊ ညီညွတ်ပြည့်ဝရန်၊ နား၏ တန်ဆာ ဆင်မြင်းကြောင့်" "ကဗျာ့ အသက်ရော တိတိ အလင်္ကာ" ဝေနှင်းသော အတိုင်း။ "အလင်္ကာ" ဟုသမုတ်ခေါ်ဆိုကြကုန်၏။

## မြန်မာဘာသာကဗျာသည်မည်သည့်အခါကပေါ်ပေါက်လေသနည်း၊ မည်သည့်များဖြစ်ကြောင်းပြဆိုခြင်း။

အထက်ကပြဆိုခဲ့ပြီးဖြစ်သော၊ ဂန္ထ, ဗန္ဓ, ဂါထာ, ရတ္တုပိယ, ဂီတ, ဟူသော၊ ဤငါးပါးသည်၊ မြန်မာဘာသာကဗျာများ မဟုတ်ကြသောဖြင့်၊ ကျွန်ုပ်တို့မြန်မာပြည်၌၊ မြန်မာဘာသာကဗျာများသည်၊ မည်သည့်အခါကစ၍၊ ပေါ်ပေါက်ဖြစ်ထွန်းလာသည်။ မည်သည်တို့သည်၊ မြန်မာဘာသာ ကဗျာများဖြစ်ကြသည်၊ ဟူသောအချက်နှစ်ရပ်မှာ၊ သိအပ်၊ သိသင့်သိထိုက်သောအချက်များဖြစ်ကြလေသည်၊ ထို့ကြောင့်၊ အောက်၌သင့်တင့်လျောက်ပတ်ရုံ၊ အနည်းငယ်ဖော်ပြပေတော့အံ့။

၁ အချက်။ ။ မြန်မာဘာသာ ကဗျာသည်၊ မည်သည့်အခါကစ၍၊ ပေါ်ပေါက်ဖြစ်ထွန်းလာကြောင်းကို၊ သတ်ရာသေချာစွာ ဖော်ပြခြင်းငှါ ခဲယဉ်းချက်ရှိငြားသော်လည်း၊ သက္ကဋဘာသာ၊ မာဂဓဘာသာတို့သည်မဇ္ဈိမဒေသမှ မြန်မာနိုင်ငံသို့ပြန့်ပွားရောက်ရှိ၍ သိမြင်၊ လိုက်နာကြသည်မှစ၍ သက္ကဋဘာသာ၊ မာဂဓဘာသာတို့ကဲ့သို့၊ မြန်မာတို့ကလည်း၊ မြန်မာဘာသာ ကဗျာဖွဲ့သီကုံးစီကြသည်ဟူ၍ အများအယူရှိကြကြောင်း၊ တချို့ပညာရှိတို့က ထွက်ဆိုကြလေသည်။

၂ အချက်။ ။ မည်သည်တို့သည်၊ မြန်မာ ဘာသာ ကဗျာများဖြစ်ကြသနည်းဟူမူ။ ။ စာလုံးအကျွရာ အနည်း အများထားခြင်း၊ အစအချထားခြင်း၊ ကာရန်၊ သတ်ပုံ၊ အဝပ်အဟပ်များကိုမငဲ့မူ

၍၊ကဗ္ဗာ့ကြိယာ၊သေဒ၊သေဒ္ဒ၊စကား၁ါကျပိုင်းဖြတ်ခြားနားချင်း ဒေါ်သလွှတ်ကုန်၊ဂုဏ်ရသတို့နှင့်တန်ဆာဆင်ခြင်း၊ စသည်တို့ဖြင့်၊ ပညာရှိ၊ကဝိပုဂ္ဂိုလ်တို့၊ထုတ်ဆိုဘွဲ့သီ၊ ကုံးစီအပ်ကုန်သော စကား ပြေကဗျာများနှင့်တကွ၊လင်္ကာသက်ဝင်ရာ ၁၄ မျိုး၊ သီချင်းသက် ဝင်ရာ ၂၂ မျိုးစသည်တို့ဖြင့်၊ပြဆိုထားသောအချက်၊သီကုံးဖွဲ့စပ် ရေးအဆက်ဆက်တို့သည်၊ အထက်ဆိုခဲ့ရင်း“ကဗျာ”သာလျှင်၊အ မွန်ပဘာဝဖြစ်ရလေကုန်သတည်း၊

ကဗျာကိုအမ္ဗရုက္ခရသရက်ပင်မင်းနှင့်ဥပမာဆောင်၍ပြဆိုခြင်း၊

ထို့ကြောင့်၊ ရှေးဆရာတို့သည် ကဗျာပင်မကြီးကို၊ အမ္ဗရုက္ခရ သရက်ပင်မင်းနှင့်၊ဤသို့ဥပမာဆောင်ကြကုန်၏၊“တထောင်ရုက္ခာန်၊ စောင့်ဝန်းရံသော၊ အမ္ဗရုက္ခရ သရက်ပင်မင်းသည်၊ အချင်းအဝန်း၊ သွန်းသွန်းမြင့်လျက်၊ဆင့်ဆင့်တက်သော၊ခက်မငါးသွယ်၊ခက်ငယ် အပေါင်းတို့ဖြင့်တန်ဆာဆင်၍၊ညည်ပင်ကြီးမြင့်ရကား၊အသီးအပွင့်၊ ရွက်ရင့်ရွက်နုနှင့်၊ ဝေဝေဆာဆာ၊ လူရှင်အပေါင်းတို့သုံးဆောင် မှီရန်၊ ဖြစ်ပေါ်လာဘိသကဲ့သို့၊ ၊ပုထုဇ္ဇန်,သံသရာ၊နစ်မြောသော ရဟန်းကျေးဇူးကို၊အထူးဆောင်ရွက်သောအားဖြင့်၊ချီးမွမ်းသောပုဒ်, ဗျည်း,အက္ခရာ။ သဒ္ဒါအနက်တို့နှင့်ပြီးရံအပ်သော၊အမ္ဗရုက္ခရသရက် ပင်မင်းအတူ၊လေးသုခသောကဝိပုဂ္ဂိုလ်တို့၊ ဖွဲ့ဆိုသီကုံးအပ်သည့်က ဗျာပင်မင်းသည်၊ချင်းဝန်းမြင့်လျက်၊ဆင့်ဆင့်တက်သော၊ခက်မငါး၊ ဖြာသဏ္ဌာန်၊ဂန္ထ,ဗန္ဓ,ဂါထာ,ရတ္တပ္ပိယ,ဂီတဟူသော၊ဤငါးပါးလျှင် ထွားထွားကျိုင်းကျိုင်း၊ကိုင်းကြီးခက်မ,ထွက်၍၊ ခက်ငယ်အသွင်၊ အဆင်တန်ဆာ၊ဆယ့်စည်းလာသော၊လင်္ကာ,သီချင်းအမျိုးပေါင်းတို့ဖြင့် ကြီးမြင့်ရကား၊အသီးအပွင့်၊ ရွက်ရင့်,ရွက်နုနှင့်တပြေး၊ချောင်း,မြို့, ရတု,ရကန်၊ ဆဲ,အန်,လူးတား၊ ထူးခြားဖွဲ့သွယ်၊လွန်ဆန်းကြွယ် သော၊မယ်ဘွဲ့,မောင်ဘွဲ့,တောဘွဲ့,တောင်ဘွဲ့၊ ဘုန်းတော်ဘွဲ့နှင့်၊နန်း

ဘွဲ့,မှာတမ်း၊ တမ်းချင်း,လွမ်းချင်း, ရုံးချင်း,ဟန်ချင်း၊ ရဲတင်း,သံ
ပေါက်အမျိုးမျိုး၊ မိုစင်းတော,မောင်းတော,မယ်တော,သဖြေလား,
ရှေလား၊ဘုရားတိုင်,ဆီကြားတိုင် အခိုင်ပေါ်ထွန်း၊ မော်ကွန်း,သံ
ပိုင်း၊ သမိုင်း,ဧကျောက်စာမျိုးအရပ်ရပ်၊ ဘောသင်,နှစ်ချိုး,သုံးချိုး၊
လေးချိုး၊ပတ်ပျိုး,ယိုးဒယား၊ကြိုး၊ဘွဲ့ချင်းခံ,နတ်သံ,ယောဒယား၊ဇာတ်
အရပ်အရပ်၊ဝတ္ထုပုံပြင်,မဟာခင်,ရာဇဝင်,အနာဂတဝင် စသောက
ဗျာပင်ကြီး၊ပွားရအစဉ်၊ သုံးဆောင်ရှိမြဲ၍ မပြီးနိုင်အောင်၊ ကဗျာ
သီးကဗျာပွင့်၊နှင့်ဝွာလျက်၊ခါမပျက်ပင်၊ ကဗျာရွက်ကဗျာဖူးဖြစ်
ပွါးလေသတည်း၊ ၊

နှစ်ချုပ်၊

အထက်ဆောင်ပြပါ၊ ကဗျာပင်မကြီးသည်၊ ကာလရှေ့
ဆျှာလေသသလောက်၊ပညာဥာဏ် ကြီးမြတ်ကြကုန်သော- ကဗိဝ်
ရဉ်တို့ထံတော်ထွန်းကားပေါ်ပေါက်လေသလောက်၊တစတစ-ကြီးပွား၊
ဆန်းပြား၊ ထွန်းကားလာခဲ့ပေသည်၊ ရင်းကဗျာပင်မကြီး၌၊ ယခု
ဆောင်ပြထားသလောက်သာလျှင်၊ မြန်မာဘာသာ၌ ဝေးကဗျာရှိ
သည်ဟူ၍ဆောင်ပြလိုရင်းမဟုတ်ပေ၊စင်စစ်ဆောင်တမူကား၊ ကဗျာ
လင်္ကာ၊ဘွဲ့ချင်းတို့သည်၊တစတစ-မည်ကဲ့သို့ပြန့်ပွားလာခဲ့ကြောင်း
ကိုပြဆိုခြင်းမျှသာဖြစ်ပေလိမ့်မည်၊

မြန်မာဘာသာ၊ကဗျာမူလ၊အစပင်မှ၊လင်္ကာ၊ သီချင်း၊အခက်အလက် များခွဲထွက်ပေါ်လာပုံကိုပြဆိုခြင်း။

## ကဗျာ။

| လင်္ကာ၊ | သီချင်း၊ | |
|---|---|---|
| ၁-လင်္ကာ၊ | ၁-ရကန်၊ | ၁၂-ဘွဲ့။ |
| ၂-ပျို့၊ | ၂-ယောဒယ | ၁၃-ဘောလယ် အမျိုးအဆန်း၊ |
| ၃-မော်ကွန်း၊ | ၃-သာချင်း၊ | ၁၄-တေးအမျိုး အဆန်း၊ |
| ၄-သံပိုင်း၊ | ၄ ကာချင်း၊ | ၁၅-သဖြန့်အမျိုး အဆန်း၊ |
| ၅-သမိုင်း၊ | ၅-ဒွဲ၊ | ၁၆-ဒိုချင်းအမျိုး အဆန်း၊ |
| ၆-ရဲတင်း၊ | ၆-ဒိုင် | ၁၇-ထုံ့ချင်းအမျိုး အဆန်း၊ |
| ၇-တမ်းချင်း၊ | ၇-လေးချိုး၊ | ၁၈-ဟန်ချင်းအမျိုး အဆန်း၊ |
| ၈-ဧချင်း သံတိုင်၊ | ၈-သံချိုချိုး၊ | ၁၉-ဖျော်ချင်းအမျိုး အဆန်း၊ |
| ၉-ဧချင်း သံပေါက်၊ | ၉-ယိုးဒယား၊ | ၂၀-နတ်သံ၊ |
| ၁၀-ရတု၊ | ၁၀-ပတ်ပျိုး၊ | ၂၁-မှာတမ်း၊ |

၁၁-လူးတား၊ ၁၈-ကြိုး။ ၂၂-ဇာတ်စကား ပေါ်ပုံ၊

၁၂-ဆန်း၊
၁၃-သံပေါက်၊
၁၄-ဝဲရိုက်ဝဲသွင်း၊

## သက္ကရာဇ်စဉ်ဖြင့်ဆည်း၍ အခါကာလ၌ပေါ်ပေါက်ဖြစ်ထွန်းလာကြောင်း ကဝိပုဂ္ဂိုလ်အပေါင်းကို ယူ၍ဆိုအံ့ရစ်ရစ်ကို နှိုင်းယှဉ်ပြဆိုခြင်း၊

စကားကပြေဗျာများကိုချန်ထား၍၊ မြန်မာဘာသာ၊ ကဗျာမူလ၊ အပင်မရှိဖြစ်၍ထွက်ကြကုန်သော၊ ကဗျာရပ်များသည်၊ လင်္ကာနှင့်သီချင်းတို့၌ပါဝင်ကြသောကြောင့်၊ ရင်းနှစ်ရပ်တို့၏ အရင်းအမြစ်၊ ဖြစ်ပေါ်လာခြင်းတို့မှာ၊ ထိုရှိအင်သောအချက်များဖြစ်ကြသဖြင့်၊ ပညာရှိ၊ ကဝိပုဂ္ဂိုလ်အပေါင်းတို့၏၊ တင်ယူဆုံးဖြတ်ချက် အရပ်ရပ်ကို နှိုင်းယှဉ်၍ဘော်ပြပေအံ့သတည်း။

၊(က) မြန်မာတို့၏ဦးစွန်း၊ပွင့်လမ်းကောင်းစ၊ ဥအခါ၊ကြေရဇ်ဝရာ၊ ငါးကျိုင်ငံတို့၊တရားစည်ကြီး၊တီးတော်မူရာ၊ကျုံးသုံးပြာနှင့်၊ပေါ်ထွန်းရာမည်သောပုဂံပြည်ကြီးဝယ်၊ "ကျွန်းဦးသမြေသို့၊သောခင်ကြေးနှင့်တူ၊ညီလည်တော်မူဘူးသည်" ဟုထင်ရှားကျော်စောသော၊အလောင်းစည်သူမင်းမြတ်၏ မြေးတော် နရပတိစည်သူမင်းသည်၊သက္ကရာဇ် ၅၃၄ -ခုနှစ်၊ ဝေဠုဝေဠီဓိတ်ရားနှင့် နောင်တော်မင်းယဉ်နရသိခ်၏ အရိုက်အရာကို ဆက်ခံပြီးသည် နောက် နောင်တော်၏အထိန်းတော်သား၊ အနန္တသူရိယ အမည်ရှိသောအမတ် ပညာရှိ တဦးကို၊ အမှုကိစ္စပေါင်း ရှိတော်မမူဘူး သည်နှင့် သူသခန်ထို့ တုတ်၍ ကွင်မှုက်စေ အမိန့် တော်ရှိရာ ခံရင့်တည်

ကြည်သောနှလုံးရှိသူဖြစ်ရကား။ သတ်အုံမှူးမှူးတွင်လင်္ကာ၄ပိုဒ် ဆို၍မင်းကြီးအားဆက်ပါဟု အပ်ခဲ့၏။ ။သူသတ်တို့လည်းသတ်ပြီးမှမင်းကြီးထံ စာကိုဆက်သကြလျှင်။တဘန် လွှတ်စေ ဖို့ခေါ်မူသော်လည်း။ထက်လွန်ပြီးဖြစ်ကြောင်းနှင့်လျှောက်ထားကြသဖြင့်။ မှားလေစွဟုပိုးရိမ်ခြင်းဘဘန်ဖြစ်ခေါ်မူဖြန့်၏။

ယင်းကဲ့သို့ “အနန္တသူရိယ ၏ မတ်ပညာရှိ ရေးသားခဲ့သော အမျက်ဖြေလင်္ကာ ၄ပိုဒ်”ကိုသာလျှင်၊ အကြာဆုံး၊ အပေါင်းဆုံးဖြစ်ကြောင်းနှင့်။တချို့ပညာရှိတို့က၊ ထွက်ဆိုကြ သောကြောင့်ရင်းလင်္ကာ၄ပိုဒ်ကို၊ အောက်၌ဖော်ပြလိုက်ပေအံ့။

(၁)။ ။ သူတည်း တယောက်၊ ကောင်းဘို့ ရောက်မူ၊ သူတ
ယောက်မှာ၊ ပျက်လင့်ကာသာ၊ မွေတာတည်း။ ။

(၂)။ ။ ရွှေအိမ်နန်းနှင့်။ကြငှန်းလည်းခံ၊မတ်ပေါင်း ရံလျက်။
ပျော်စံရိပ်ငြိမ်၊စည်းစိမ်မကွာ၊မင်းချမ်းသာအား၊သ
မုဒ္ဒရာ၊ရေမျက်နှာထက်၊ ခဏတက်သည့်၊ရေပွက်
ပမာ၊တသက်လျှာတည်း။ ။

(၃)။ ။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်းမ
လွှတ်ကြမ္မာ၊ရှုတကာတို့၊ခန္ဓာခိုင်ကျည်၊အတည်မ
မြဲ၊ဖေါက်တတ်သည်၊ မချွတ်စသာ၊ သဘောဝါ
တည်း။ ။

(၄)။ ။ ရှိခိုးကော်ရော်။ပူဇော်အကျွန်။ ပန်ခဲ့တုံ၏၊ခိုက်ကြုံပိ
ပါက်သံသာစကာ်၌၊ ကြိုက်ထပ်တွန်မူ၊တုံ့မယူလို၊
ကြည်ညို စိတ်သန်၊ သခင် မွန်ကို ချန်ဘိစဉ်စစ်။ဖြစ်
မဲ့အမေး၊ ခွင့်လျှင်ပေး၏၊သွေးသည်အနှိုင်ရွာ၊ငါ့ခန္ဓာ
တည်း။

ဖော်ပြချက်

အထက်ပါလင်္ကာ၄ပိုဒ်မှာ။ဆန်းနည်းနှင့်ရွေးချယ်သောအခါ၊ညီညွတ်စွာမရှိ၊အနိမ့်မြင့်ဂိုဏ်.ဖြစ်သည့်ပြင်။(၁)အပိုဒ်ထည်းနေယျူဓေါါသ

သင့်သည်၊ ဆိုကြ၏၊ ယင်းကဲ့သို့ပင်၊ လင်္ကာ၌ အပြစ်ရှိသေးကြောင်း ဘော်လည်း၊အနန္တသူရိယသည်၊စာဆိုမတော်၍ ဟု ဆိုထွယ်ရာမရှိ ပါပေ၊ ၊ရာဇဝင်တော်သင့်၍သေရေးဆဲဆဲမှာ၊ရဲရင့်တည်ကြည် သောစိတ်ထားနှင့်၊ ဤမျှသေချာ ဘိတုံးဖွဲ့စီးနိုင်ခြင်း ကိုသာလျှင်၊ လွန်စွာချီးမွမ်းထောက်ပါပေသည်။ ၊

(ခ)သက္ကရာဇ် ၆၄၃ ခုနှစ်တွင်၊ပထမံ ဒိဋ္ဌိကြီး၊နဲ့ဝန်း ဒ ရုပ်(ရှေး က“ တကောဘုရင်”တွင်၏)လျှင်တွားရာ စာတိုရှိသော ယော်မည်မဂ နု တွင်သော တသိုင်းမင်းဝ ဒီရှုသည်၊ ရှုထွာမက်ုရသောအခါပညာရှိ ရဟန်းပုဏ္ဏားတို့နှင့်ညှိနှိုင်းတိုင်ပင်၍“ ပညာရှိ မနုရေးသားထားခဲ့ သောမနုဓမ္မသတ်ကျမ်း” ကို ရခဲခေါင်းစီစဉ်၊ ပြင်ဆင်စီမံတော်မူ၍ မိမိအမည်ကိုအစွဲပြု၍“ ဝါရီရုဓမ္မသတ်” ဟုတွင်စေသည်၊ ထို မင်းမပေါ်မီ၊ နှစ်ပေါင်းတထောင်ထောက်ကပင်အိန္ဒိယပြည်မှ ဟိန္ဒူ လူမျိုးတို့သည် မြန်မာပြည်၊ မြစ်ဝကျွန်းပေါ်အရပ်တို့သို့၊ လာရောက် နေထိုင်ကြသောအခါ၊ မနုဓမ္မသတ်များကိုခေါ်ယူလာခဲ့ကြသဖြင့်၊ ရင်းသည်နောက်ကာလ၌ မွန်ဘာသာဖြင့် ပြန်ရှိသည်ကို၊“ နှင်ဖုန္ဒ ယောသမထေရ်က မြန်မာဘာသာသို့ပြန်ဆိုသော ဓမ္မသတ်လင်္ကာ” သည်သာလျှင်၊ အကြာဆုံးအဟောင်းဆုံးဖြစ်သည်ဟု တချို့ပညာရှိ တို့ထွက်ဆိုကြ၏၊သို့ရာတွင် သက္ကရာဇ်ကိုမူ သေချာစွာမသိရချေ။ (တချို့ က နရပတိစည်သူမင်းမပေါ်မီနှစ်ပေါင်း ၁၁၀ လောက်က၊“ သာရမွန်ဖျား” မင်းလက်ထက် ဟူ၍ဆိုကြ၏။)

(ဂ)တချို့သောပညာရှိတို့ကလည်း မြန်မာလူမျိုးတို့မှာ၊ကမ္ဘာဦး ကပင်၊ကဗျာ လင်္ကာရှိသည် ဟူ၍ထွက်ဆိုကြ၏၊သို့ရာတွင်၊အကိုး အကားနှင့်ပြဆိုချက်ကိုမူကား၊မတွေ့ရသေးချေ။

(ဃ) ရှေးကြသော လင်္ကာတို့သည်၊တကိုယ်စာသားတို့တောင်း ၍၊များသောအားဖြင့်၊ချို့ချိသောပဒမှာ၊အကျရာသုံးလုံးစီသာထားရှိ စပ်ဆိုမြဲဖြစ်ခဲ့လေသည်၊ထို့ကြောင့်၊“အနန္တသူရိယရေးသားခဲ့သော

အချက်ဖြလင်္ကာ၄ပိုဒ်" မှာ။ တကိုယ်တေသားပင်တို့တောင်းသည် ဟုဆိုရလေပြီးသော်လည်း၊ အက္ခရာသုံးလုံးနှင့်စ၍ချိုးသောလင်္ကာမ ဟုတ်သဖြင့်၊ အလွန်ရှေးကျသောလင်္ကာဖြစ်သည်ဟု၊ ကောက်ယူ ဆုံးဖြတ်ခြင်းငှာခဲယဉ်းချက်ရှိပေလိမ့်မည်၊သို့ဖြစ်၍ ပုဂံမြို့ကောင်း စားစဉ်၊ သက္ကရာဇ်၂၆၆ ခုနှစ် နန်းတက်တော်မူသော၊သော်ဇော်ထည် ကြောင်မင်း (ပိုက်ဆော်ဥ လည်မင်းဈါသားတော်)လက်ထက်က ဟု ၍ဆိုရသော၊လေးလုံးတပိုဒ်ကဗျာလင်္ကာကိုသာလျှင်၊ အကြာဆုံးအ ဟောင်းဆုံးတွေ့ရှိရသည်မှတ်ပါ။ အခြားအကြာဆုံးအဟောင်းဆုံး ကိုမတွေ့ရ သေးကြောင်းနှင့် တချို့ပညာရှိတို့က၊ ထွက်ဆိုကြလေ သည်၊

မြန်မာ့ဘာသာ၊ ကဗျာလင်္ကာသည်၊ မည်သည့်အခါကစ၍ပေါ် ပေါက်ဖြစ်ထွန်းလာသည်ဟုတင်ပ ဆုံးဖြတ်ရန်၊အမှန်မှုရုံ၊သော်ပြ ခြင်းငှါခဲယဉ်းချက် ရှိသော်ငြားသည်း၊ ယခင်ဆိုအပ်ခဲ့သော မင်း လက်ထက်ပေါ်ပေါက်၍၊အကြာဆုံး၊အဟောင်းဆုံးဟုဆိုရသော " ရုပ္ပါးနတ်လင်္ကာ" ကိုအောက်၌ဖော်ပြပေတော့အံ့၊

(၁)၊ ။ သိုးကလေး၊ ရုပ္ပါးနတ်တောင်၊ အခေါင်မြင့်ဖျားရုံ တောပြေး၍၊ နံ့ရှားကြိုင်လှိုင်၊ ခါတန်ပွင့်သည်၊ရွှေ နှင့်ရိုးမှား၊ပန်းစံကား၊

(၂) ။ သိုးကလေး၊ စံကားပွင့်နှင့်၊ နှိုင်းဘင့်နိုးသည်၊ရဲမျိုး ထွီး၊မကြီးနှမ၊ ညက်ဖှာပြာစင်၊ (၁)မွဲ့သည်းပင် သည်၊ခရီးသား၊

(၃)၊ ။ သိုးကလေး၊(၂)မြိတ်လွှတ်ရလည်း၊အငယ်တည်း က၊ကျွန်းဝင်ကြ၍၊ခွေးဘတူရင်း၊(၃)မျိုးသည်မင်း နှင့်၊ချစ်ခြင်းရရုံ၊လက်ထက်ဆုံးသည်၊ နှလုံးမခြား၊ စေ ဘင့်တရား၊

(၄)၊ ။ ခေွမိမင်း၊မျက်သုတ်နိုဝင်၊(၄)ရတည်းဖျင်နှင့်၊(၅) ကျိုင်းစင်မြဝါ၊ မတ်ကြီးလျှာကို၊ မယ်သကြိုက် မိတ်ဝမရှိ၊

သော့်သည်းကြောင် မင်းဟုခေါ်တွင်သည့်မှာ၊ မင်းသားအဖြစ် တွင်၊တောင်တွင်းကြီး၌ အနေဒ်မြောက်ယွန်း၌ရှိသည့်၊သော့်သည် ကြောင်ရွာကို အစားရသူသည်ကိုဖွဲ့၍ဖြစ်သည်။

(၁)သည်းပင် -ထင်းယောကျ်ား။

(၂)မြိဘိလွှတ်ရသည်း- { တပတ်ရစ်ခံဝဲ့း၊ / တပတ်ကျွှဲခံထဲ့း။ }

(၃) နှီးသည်မင်း-ထင်ယောကျ်ား

(၄)ရတည်းဖျင်-ဝိတ်သည်အင်္ကျီ၊

(၅)ကျွှင်းစင်မြဲဝါ-စင်ကြယ်သောမြအရောင်ရှိတီး။

(င) တချို့သောပညာရှိတို့က၊ ထိုထိုသောမင်းတို့လက်ထက်က ပင်၊ကဗျာလင်္ကာပေါ်ပေါက်ဖြစ်ထွန်းလာသည်ဟုဆိုရပေပြားသော် လည်း၊များစွာဂရုစိုက်မှုမပြုကြခဲ့ဘဲ၊ ကဗျာလင်္ကာသီကုံးမှုများ၌၊အ မှတ်ဘဲ့သောသျှင်၊အချိန်ကုန်လွန်လာခဲ့ကြ၍၊ သက္ကရာဇ် ၈၀၄ ခုနှစ် ဒေဝသျှာပုရ်တိုင်း၊စစ်ကိုင်းမြို့၊ ထူပါရုံစေတီတော်ဒါယကာ၊ ဟုခေါ် ရသော၊ လက်ထက်တော်တိုင်ကျရောက်မှ၊ အမြွတ်တန်နိုး ပြုလုပ်ဖွဲ့ နွဲ့၊ထွန်းကားကြီးကျယ်လာသည်ဟူ၍ အယူရှိကြလေသည်။

(အလင်္ကာဘောင်ပြချက်များအနက် နှစ်သက်ရာယူကြပါကုန်)

မြန်မာပြည်၌ ဗုဒ္ဓမြတ်စွာ၊သာသနာတော်ကြီး အငွေ့အသက် မှူးလောက်သာရှိသော အခါကာလက ပေါ်ပေါက် ဖြစ်ထွန်းခဲ့သော လင်္ကာများသည်၊ သာသနာတော် ထွန်းသင်းတောက်ပ ပြီးမှပေါ် ပေါက်ဖြစ်ထွန်းလာသော လင်္ကာများနှင့် မည်သို့ကွဲပြား ခြားနား ချက်ရှိသည်ကို၊ ဤတွင်အကျဉ်း မသင့်၍မဆိုပြီ၊ တတိယကဏ္ဍ လင်္ကာအကြောင်းမှာကြည့်လေ။

## သီချင်းအကြောခံဆုံး၊အစပေါင်းခံဆုံးကိုပြဆိုခြင်း၊

မြန်မာဘာသာ၌၊ သီချင်းဟူသောသဒ္ဒါသဒ္ဒါ၏ ဟာရအဓိပ္ပါယ်မှာ။ ။ပဒယာကြည်လင်၊ ရှင်ဖြိုးရှက်ကျူး၊ကြည်နူးကြွေကွဲဘွယ်၊ ဘွဲ့နွဲ့စီစဉ်၊ ရည်ရည်လွင်လွင်ရွတ်ဆိုအပ်အောင်၊ ငယ်ဆိုသီကုံးသောအဘွဲ့အနွဲ့ကို၊သီချင်းဟုခေါ်ဆိုသသည်၊ ။

ထိုသီချင်း ဟူသော ကဗျာသည်၊ မည်သည့်အခါကစ၍၊ပေါ်ပေါက်ဖြစ်ထွန်းလာသည်ဟု၊တင်ယူဆုံးဖြတ်ခြင်းငှါ၊ ထတ်ရာသေချာစွာ မခွမ်းနိုင်ကြချေ၊သို့သော်၊ မြန်မာသက္ကရာဇ်-၇၀၄-ခုနှစ်တွင် နန်းတက်တော်မူသော၊ မြင်စိုင်းငါးစီးရှင်ကိုယ်တော်တိုင်၊ က,ဆိုတော်မူသောသီချင်း၏ အဝင်အပါဖြစ်သည့်"ကာချင်း"ကိုသာအကြာဆုံးအပေါင်းဆုံး တွေ့ရှိရသည်မှာပေါ။ အခြားအကြာဆုံးအပေါင်းဆုံးကိုမတွေ့ရသေးကြောင်းနှင့်တချို့ပညာရှိတို့ကထွက်ဆိုခြင်းပြုကြသဖြင့်၊ ၎င်းကာချင်းနှစ်ပိုဒ်ကိုအသာ၌ ဖော်ပြလိုက်သည်။ ။

(၁)၊ ၊ဘာဝတီဘို၊ နတ်ရွာလော၊နတ်ရွာလော၊ ၊ဟူတတ်ည်းရှင်ခြင်းရှင်ခြင်း၊ ဟူတတ်ည်းဝေဘွရင်းဝေဘွရင်း၊ ဟူတတ်ည်း(၁)သည်းခုင်းသည်းရင်း၊

မြင်စိုင်းဟူသည်၊အွေဖြည့်အွေဖြည့်၊မြင်စိုင်းအွေမြေပန်းသင်းခွေ၊ပင်မြေခြုံတက်နွယ်၊မြုံတက်နွယ်၊

ဘောင်လေရှုန်းရှုန်း၊ မိုးယံခတ်ဒုန်း၊ ကင်းပုန်းပွင့်ချိုချယ်၊ပွင့်ချိုချယ်၊

နွယ်ပန်းခွာညို၊ပွင့်ပေလို၊ ပြာသိုလ်ဆောင်းလလယ်၊ဆောင်းလလယ်၊

ဘောင်တွင်ဖျားဆီ၊အွေဝါတီ၊(၂) သရီရ ခေါင် စွယ်၊ သရီရခေါင်စွယ်၊

ပလာဆီမြေကောင်း၊ကျသည့်ကျသည့်မြောင်း၊မနှောင်းပြည့်ခေါလွှယ်၊ပြည့်ခေါလွှယ်၊

ခါနှင့်ဘုတ်ချိုး၊ကြက်တောမျိုး။ လိုရိုးကြက်မြေကျယ်၊ ကြက်မြေကျယ်။

လှည့်ဘော်မဝေး၊ တော်ရွှေကျေးစာ (၃) ငှေးစားလို ဘွယ်၊စားလိုဘွယ်၊

၊(၄) ယရည်းသွန်းသွန်း။ မြင်းသည်ဝန်း၊ ဖုံချွန်းတွန်း တက် ပယ်၊တွန်းတက်ပယ်။

။(၆) စောလူးစီးတန်၊မျိုး(၅)ဆက်ဒန်၊လျင်ခုန်မြင့်မဘွယ်၊မြင့် မဆွယ်။

။(၇) မြွောက်စည်လတီး၊ ဝင်ခါနီး။ စောခ်ီးနန်းတက်ကျယ်။ နန်းတက် ကျယ်၊

သာသည့်မြေပြင်၊စောနတ်သျှင်၊ နန်းစွင်ရှုတင့်တယ်၊ ရှုတင့်တယ်။

အထူးလော၊ထက်တိမ်လော၊နေရောင်လော၊

၁–သည့်ရှင်း–မပဘာ။

၂–သဒ္ဒိရ်ဓောတ်စွယ်–မြတ်စွာဘုရား၏ ကိုယ်တော်မှ ဖြစ်သောစွယ်တော်စသောဓာတ်မြတ်။

၃–ငှေး–အခွံကိုခွာသည် (ပေါရာဏ)

၄–ယရည်း–ဆင်ဝဲန်း။ ။

၅–ဆက်ဒန်–ဆဒ္ဒန်–အရောင် ၆ ပါးအပေါင်းနှင့် ပြည့်စုံသောအစွယ်ရှိသည့်ဆင်မြူ၊

၆–စောလူး–မင်း (ပေါရာဏ)

၇–မြွောက်စည်– မင်းဧကရာဇ်တို့ ဝင်တော်မူရန် တီးရသည့်စည်၊

(၂)။ ။တမောင်းတမောင်း၊တို့တမောင်းသည်၊တမောင်းဘ ကောင်းသားလော၊ဘကောင်းဘကောင်း၊

အနီးမြင်မှတ်၊ စေတီထွင့်ပုံသည်၊ ကောင်းမြတ် သာ ချောင်းလော၊သာချောင်းသာချောင်း၊

သင်းတွဲ မြောင်းကြီး၊ အပည့်စီးသည်၊ ဖြင်ညီးမြှ

သောင်းသော။ မြစ်လောင်း မြစ်လောင်း။ ။ဥတည်
သည်သည်း။ဥတည်ရဲ့ဝန်း။ပြွန်းသွန်းသည်။ ထက်
ဝန်းတန်ဆောင်းသော၊ တန်ဆောင်း၊တန်ဆောင်း။ ။
ပေါင်းကွင်စေချင်။ တန့်ပြင်ပြင်ကား။ ဆင်လျှင်နှင်း
ကောင်းလော၊နှင်းကောင်းနှင်းခကောင်း။

ကျုံးနက်ရေ၊မြို့ခြေအပြည့်ထား။တေဟူသည်ကား။ ထွားရှည်
ကျော်မျှပွား။

တေဟူသည်ကား၊ဆယ့်တစ္ဆာအခြား၊ဓေဝဒကျော်ထင်ရှား၊
မဟော်ဆင်သည်၊မျက်ရှင်ကွန်းတော်သား၊ကွန်းတော်ကွန်းတော်၊
အမွှမ်းစွင့်စွင့်၊ကနာ၊မြင့်သည်။ကြိုသင့်သာပျောင်းလော။ သာ
ပျောင်းသာပျောင်း။

ရဝေဆီးသည်။ထက်ပီးလေးတံခါး။
တရုပ်ထသည်၊(၁)ရှိုင်ရှိုင်လော၊ရှိုင်ရှိုင်။
မြားမိုးစင်းရွာသည်၊ဖြိုင်ဖြိုင်လော၊ဖြိုင်ဖြိုင်။
လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ၊ လတိုင်းလော၊လတိုင်းလတိုင်း၊
မြင်းသည်ထိန်းသန်း။ များစွာလွှန်းသည်၊ ထက်ဝန်းရံသ၊မနိုင်
မနိုင်။ ။လျှပ်စစ်တိမ်ပြင်၊ မိုင်းမင်းလွင်သည်လည်း။ လွင်သည်
လည်း။

တိမ်သည်မည်းမည်း။မည်းသည်လည်း။ မည်းသည်လည်း။ ။
တိမ်မည်းတက်ရာ၊ မိုးစင်းသေးငါ့၌၊ ရွာသည်မိုးစင်းကား၊ရိုက်ကြိုး
(၂)ကြည်းသည်လည်း၊ကြည်းသည်လည်း၊
ကန့်သင်းမွှေ၊မမြင်သည်လည်း၊မမြင်သည်လည်း၊
အရိုင်းမနေချင်သည်လည်း၊မနေချင်သည်လည်း၊
ခြေးလျှင်တစီး၊မြင်းသည်လည်း၊မြင်းသည်လည်း၊
နှင်တံမကမ်းခင်သည်လည်း၊မကမ်းခင်သည်သည်း၊
ဒသာလည်းဒသာ၊ကောင်းမြင်း၊ခပင်းကြိုက်သည်လည်း၊ကြိုက်
သည်လည်း၊

ရာဇသင်္ကြံ၊ စည်းစိမ်ခံသည်လည်း၊ ခံသည်လည်း။ ၊အသသိ
ယသ၊ ချမ်းသာစံသည်လည်း၊ စံသည်လည်း၊

နှစ်ပါးမင်း၏၊ ညီရင်းလေဟူ၊ သီဟသူကား၊ အယူဖြောင့်ဝင်း၊ မြ
အသင်းသို့၊ ချစ်ခြင်းလေးချပ်မျက်နှာသည်လည်း၊ ရပ်မျက်နှာသည်
လည်း။

သီးရှည့်ကျိုးအသသည်လည်း၊ အသသည်လည်း၊ ၊သာယာဂွတန်း
နိုး၊ မပြတ်ကိုးသည်၊ သုံးလူ့အရှူး၊ ဂုဏ်ကျေးဇူးသည်လည်း။ ဂုဏ်
ကျေးဇူးသည်လည်း။ မုခပါဌ်မျက်ရှင်၊ ပလ္လင်ခတ်သည်လည်း၊ ခတ်
သည်လည်း၊

၁။ ရိုင်ရိုင် - အများအပြား၊ (ပေါရာဏ)

၂။ ကြည်း - မြည်ဟိန်းသည်၊ ချူနှံသည်၊ (ပေါရာဏ)

ကဗျာအကြောင်းရုံးပေါင်းဆောင်ပြသော
ပဥ္စမကဏ္ဍ ဤတွင်ရွေ့၏။

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာနံပါတ် |
|---|---|---|
| | ဒုတိယကဏ္ဍ။ | |
| | ကဗျာလင်္ကာစီကုံးရေးသားရန်အထောက်အခံများကိုပြဆိုစကား။ | |
| ၉ | အက္ခရာမှ သရနှင့်ဗျည်း၊ ကွဲပြားပုံကို ပြဆိုခြင်း။ (မှတ်ရန်သံပေါက်)။ | ၁၉။ |
| ၁၀ | ဗျည်းနှင့်သရ ပေါင်းစပ်ခြင်းအကြောင်း။ | ၂၀။ |
| ၁၁ | ဗျည်းသွားကိုခွဲခြားခြင်းအကြောင်း။ (မှတ်ရန်သံပေါက်)။ | ၂၀။(၂၁) |
| ၁၂ | ဌာန်အကြောင်း။ | ၂၂။ |
| ၁၃ | ဌာန်အကြောင်းမှတ်ရန်လင်္ကာ။ | ၂၃။ |
| ၁၄ | ကရိုဏ်းအကြောင်း။ | ၂၃။ |
| ၁၅ | ပယတ်အကြောင်း။ | ၂၃။ |
| ၁၆ | မာတြာအကြောင်း။ | ၂၄။ |
| ၁၇ | မာတြာခွဲခြားပုံ။ | ၂၅။ |
| ၁၈ | မာတြာယူဟန်ကို ပြထားသောဇယားပုံစံ အတိုင်း ရှင်းလင်းပြဆိုခြင်း။ | ၂၆။ |
| ၁၉ | ဂရုသံ၊ လဟုသံတို့ကို၊ နှစ်မျိုးစီ ခွဲခြားအသုံးပြုခြင်း အကြောင်း။ | ၂၆။ |
| ၂၀ | သံယုဂ် ၁၀ လုံး၌မာတြာယူပုံကိုပြဆိုခြင်းအကြောင်း။ | ၂၈။ |
| ၂၁ | ဂိုဏ်းအကြောင်း။ (ကဝိုဏ်း) | ၂၈။ |
| ၂၂ | ဂိုဏ်းရွေးချယ်၌ အနေ့ထောက်အခံရာစရန်၊ ရက်နံ့ဘို့ ကိုပြဆိုခြင်း။ | ၂၉။ |
| ၂၃ | မြဝတီမြို့စားမင်းကြီးဆို၊ ဂိုဏ်းရှစ်ပါး ရွေးနည်း လေးချိုးကြီး။ | ၂၉ |

ဦးရေ၊ အကြောင်းအရာ၊ စာမျက်နှာခံပါတ်၊

ဒုတိယကဏ္ဍ


၂၄ မြဝတီမြို့စားမင်းကြီးဆို၊ ဂိုဏ်းရှစ်ပါး ရွေးနည်းလေးချိုးဘွဲ့ကို၊ ခွဲခြားစိတ်ဖြာ၍၊ အဓိပ္ပါယ်ပြဆိုခြင်းအကြောင်း၊ ၃၀

၂၅ အမတ်မင်းချစ်သဆိုဂိုဏ်းရှစ်ပါးရွေးနည်းဗေဒ ဂိုဒ်လင်္ကာ၊ ၃၄၊

၂၆ ဂိုဏ်းဖိုးနတ်သွေး၊ဂိုဏ်းစောင့်နတ်သား၊ ဂိုဏ်းငှဉ်နက္ခတ်များနှင့်၊နံ့သင့်ရက်သားတို့ကိုပြဆိုခြင်း အကြောင်း၊ ၃၆၊

၂၇ ဂိုဏ်းရှစ်ပါးမှတ်ရန်အကျဉ်း၊ ၃၇၊

၂၈ ဂိုဏ်းရှစ်ပါးဇယားပုံ၊ ၃၈၊

၂၉ ဂိုဏ်းအကြောင်း၊ (ခပိုင်း) ၃၉၊

၃၀ (က) တခြားစာဆိုဆရာ၊ပညာရှိဂုဏ်ပုဂ္ဂိုလ်အသီးသီး တို့စပ်ဆိုရေးသားခဲ့ပြီးသောကဗျာရပ်များ၌၊ဂိုဏ်း ရွေးနည်းအကြောင်း၊ ၄၀၊

၃၁ (ခ) မိမိကိုယ်တိုင်စပ်ဆိုရေးသားအပ်သောကဗျာ ရပ်များ၌၊ဂိုဏ်းရွေးနည်း၊ ၄၂၊

၃၂ မည်သည့် ဂိုဏ်း ကို–မည်သည့်နေ့ ရှောင် အပ် ကြောင်းအကျဉ်းမှတ်ရန်သံပေါက်၊ ၄၅၊

၃၃ ဝံသအကြောင်း၊ ၄၅၊

၃၄ စာမျက်နှာခံပါတ် ၈–၌ပြဆိုခဲ့သော အနှုတ်၏ သရက်ပင်မင်းဥပမာကိုသပ်၍တင်ဆောင်ပြဆိုခြင်း၊ ၄၈၊

၃၅ ဓါသအကြောင်း၊ ၄၉၊

၃၆ (က) ပဒဓါသရှစ်ပါးအကြောင်း၊ ၅၀၊

၃၇ ပဒဓါသရှစ်ပါးအကျဉ်းမှတ်ရန်တေးထပ်ရိုး၊ ၅၀၊

၃၈ (ခ) ဝါကျဓါသအကြောင်း၊ ၅၀၊

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
| --- | --- | --- |
| | ဒုတိယကဏ္ဍ။ | |
| ၃၉ | ဝါကျဒေါသကိုးပါးအကျဉ်းမှတ်ရန်ဇယားထပ်ရိုး။ | ၆၅။ |
| ၄၀ | (၁) ဝါကျဖွဲ့ဒေါသအကြောင်း။ | ၆၅။ |
| ၄၁ | ဝါကျဖွဲ့ဒေါသခြောက်ပါးအကျဉ်းမှတ်ရန်ဇယား ထပ်ရိုး။ | ၇၀။ |
| ၄၂ | ပရိဘာသ အကြောင်း။ | ၇၀။ |
| ၄၃ | ပဒပရိဘာသ၏ဥပမာများ။ | ၇၁။ |
| ၄၄ | ဝါကျပရိဘာသ၏ဥပမာများ။ | ၇၂။ |
| ၄၅ | ဝါကျဖွဲ့ပရိဘာသ၏ဥပမာများ။ | ၇၄။ |
| ၄၆ | ဂုဏ် ၁၀ ပါးအကြောင်း။ | ၇၆။ |
| ၄၇ | ဂုဏ်မြောက်သောဥပမာများ။ | ၈၀။ |

# ဒုတိယကဏ္ဍ။

## ကဗျာလက်ခံစီကုံးရေးသားရန်၊ အထောက်အခံများကိုပြဆိုချက်။

### အက္ခရာမှသရနှင့်ဗျည်း၊ ခွဲခြားပုံကိုပြဆိုခြင်း။

အက္ခရာ။ ။အသံဘာရနှင့်တကွ၊ ကွဲပြားရာကွဲပြားကြောင်းဖြစ်ရသော အမှတ်အသားလက္ခဏာကို၊ အက္ခရာဟုခေါ်ဆိုလေသည်၊ (တနည်းလည်း)၊ အက္ခရာ-အခရ-(အ-မ+ခရ-ကုန်ခြင်း) ထို့ကြောင့်၊ အက္ခရာဟူသည်ကား၊ သုံး၍ မကုန်နိုင်သော စာလုံးကိုခေါ်သည်၊

အက္ခရာမှ—သရ—ဗျည်းဟူ၍၊ ၂ မျိုးပြားပြန်၏၊

(က)။ သရ၊ ။မိမိကိုယ်တိုင် အခြားအက္ခရာကိုမမှီဘဲ အသံဖြစ်နိုင်သောအက္ခရာကိုခေါ်သည်၊ သရစစ်သည်း ။အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ။ကျန် ဧ၊ ဪ၊ အံ၊ အား၊ တို့မှာသရစစ်များမဟုတ်ကြချေ၊

(၁) ရဿသရ။ ။အသံတိုတိုထား၍၊ ရွတ်ဘတ်ရသော သရကိုခေါ်သည်၊ ၎င်းတို့မှာ၊ ။အ၊ ဣ၊ ဥ၊ များဖြစ်ကြသည်၊

(၂) ဒီဃသရ ။ ။အသံရှည်ရှည်ထား၍၊ ရွတ်ဘတ်ရသော သရကိုခေါ်သည်၊ ၎င်းတို့မှာ၊ ။အာ၊ ဤ၊ ဦ၊ ဧ၊ ဩနှင့်အေ ဪ၊ အံ၊ အားများဖြစ်ကြသည်၊

မှတ်ရန်သံပေါက်၊

အနှင့်ဣ၊ ဥ၊ ထို ၃ ခု၊ မှတ်ရှုရဿမှာ၊

အာ၊ ဤ၊ ဦ၊ ဩ၊ ရှည့်၊ ဧ၊ ဧရား၊ သည်တွေဒီဃသာ၊

(ခ) ဗျည်း။ ။သရကိုအမှီပြုမှသာ အသံဖြစ်နိုင်စွမ်းသော အက္ခရာကိုဗျည်းဟုခေါ်သည်၊

ဗျည်းများသည် မိမိကိုယ်တိုင်အသံမဖြစ်နိုင်သဖြင့်၊ သူဆင်းရဲသည်၊ ဥစ္စာစီးပွားချမ်းသာကြွယ်ဝသူကို၊ ဥစ္စာစီးပွားအလို့ငှါ၊ အမှီသဟဲပြုရသကဲ့သို့၊ အသံအလို့ငှါ၊ အောက်၌ ဖော်ပြထားသည့် အတိုင်း၊ သရကိုလှည့်လည်ခြင်းအားဖြင့်၊ အမှီသဟဲပြုကြရပေသည်၊

## ဗျည်းနှင့်သရ—ယှဉ်စပ်ခြင်းအကြောင်း။

| ဗျည်း။ | | သရ။ | လက္ခဏာ။ | | ပေါင်းထွက်သောဗျည်း |
|---|---|---|---|---|---|
| က | × | အ | — | — | က |
| ခ | × | အာ | —ါ | — | ခါ |
| ဋ | × | ဣ | —ိ | — | ဋိ |
| တ | × | ဤ | —ီ | - | တီ |
| ဍ | × | ဥ | —ု | — | ဍု |
| မ | × | ဦ | —ူ | — | မူ |
| လ | × | ဧ | ေ— | — | လေ |
| ဝ | × | ဣဲ | —ဲ | — | ဝဲ |
| ရ | × | ဩ | ေ—ါ | — | ရော |
| ည | × | ဪ် | ေ—ါ် | — | ညော် |
| ယ | × | အံ | —ံ | — | ယံ |
| ထ | × | အား | —ါး | — | ထား |

## ဗျည်းများကိုခွဲခြားခြင်းအကြောင်း။

အထက်ဖော်ပြခဲ့သောနည်းစသည်တို့ဖြင့်သရနှင့်ယှဉ်စပ်၍၊ အသံဖြစ်ပြီးသောဗျည်းများကို၊ အစုအစုပြုလုပ်ပိုင်းခြားထား၏၊ ထိုကဲ့သို့သောအစုတို့ကို ဝဂ္ဂ-ဝဂ်ဟူ၍ ခေါ်ဆိုလေသည်၊ ၎င်းတို့မှာ အောက်၌ဖော်ပြထားသည့်အတိုင်းဖြစ်ကြ၏၊

က၊ ခ၊ ဂ၊ ဃ၊ င၊ =(ကဝဂ်)
စ၊ ဆ၊ ဇ၊ ဈ၊ ည =(စဝဂ်)
ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ =(ဋဝဂ်)
တ၊ ထ၊ ဒ၊ ဓ၊ န =(တဝဂ်)
ပ၊ ဖ၊ ဗ၊ ဘ၊ မ =(ပဝဂ်)

} အဝဂ်ဗျည်း၏အမည်ကိုပင် "ဝဂ်အမည်" ပြုလုပ်ခေါ်ဝေါ်ကြ၏၊

“ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ၊” ဤဗျည်းများကို အပေါင်းအစုမပြု သောကြောင့်“အ–ဝဂ်”ဟုခေါ်ဆိုကြ၏။

မှတ်ရန်သံပေါက်။

“ ဝဂ်မှာမှတ်သား၊ ဗျည်းအများ၊ မပွားရညီစွာ။
က၊ စ၊ ဋ၊ တ၊ ပနှင့်အ၊ နှာမခြောက်ရသာ။
ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ မှတ်ကြအဝဂ်မှာ။”

က၊ စ၊ ဋ၊ တ၊ ပငါးဝဂ်များ၌။

“ပဌမအက္ခရာနှင့် တတိယ အက္ခရာများသည်” အသံလျော့ လျော့ထား၍ ရွတ်ဘတ်ရသည်၏အဖြစ်ကြောင့်၊ “သိထိလအက္ခရာ” မည်၏။ ဥပမာ။ က၊ ဂ၊ ဇ၊ ဗ။

“ဒုတိယအက္ခရာနှင့် တတိယအက္ခရာများသည်” အသံတင်း တင်းထား၍ ရွတ်ဘတ်ရသည်၏အဖြစ်ကြောင့်၊ ‘ဓနိတအက္ခရာ” မည်၏။ ဥပမာ။ ခ၊ ဃ၊ ဆ၊ ဈ။

“ပဥ္စမအက္ခရာများမှာမူ၊” နှာခေါင်းသံနှင့် ရွတ်ဘတ်ရသည်၏ အဖြစ်ကြောင့်၊“နှာသိကအက္ခရာ”မည်၏။ ၎င်းတို့မှာ။ င၊ ည၊ ဏ၊ န၊ မ များဖြစ်ကြသည်။

“အဝဂ်” အားလုံးနှင့်နှင့်၊ အသံလျော့လျော့ထား၍ ရွတ်ဘတ်ရ ခြင်းကြောင့်၊ “သိထိလအက္ခရာ”ချည်းဖြစ်ကြကုန်၏။

မှတ်ရန်သံပေါက်။

“သိထိလအက္ခရာ၊ လျော့လျော့သာ၊ ရွတ်ပါပဌမတတိယ။
တင်းတင်းရွတ်ပါ၊ ဒုတိယာ၊ တဖြာစတုတ္ထ၊ ဓနိတ။
နှာသံဖြင့်သာ၊ သေအချာ၊ ရွတ်ပါပဥ္စမ နှာသိက။
အဝဂ်လုံးလုံး၊ ပေါင်းရုံး၊ မှတ်သုံးပါကြ၊ သိထိလ။”

ဌာန်အစအကြောင်း။

အက္ခရာများအသံဖြစ်ရာအရပ်ကိုဌာန—ဌာန်ဟုခေါ်ဆိုလေသည်။

အက္ခရာများအသံဖြစ်ပေါ်ရာဌာန်, ကွဲပြားခြားသည်ကိုပြဆိုခြင်း။

| ဝဂ် | သရ | အဝဂ် | ဌာန် | အဓိပ္ပါယ်။ |
|---|---|---|---|---|
| ကဝဂ် ၅ လုံး | အ၊ အာ၊ | ဟ၊ | ကဏ္ဌဇ | လည်ချောင်းအရပ်၊ |
| စဝဂ် ၅ လုံး | ဣ၊ ဤ၊ | ယ၊ | တာလုဇ | အာစောက်အရပ်၊ |
| ဋဝဂ် ၅ လုံး | — — | ရ၊ ဠ၊ | မုဒ္ဓဇ | လျှာဖျားအရပ်၊ |
| တဝဂ် ၅ လုံး | — — | လ၊ | ဒန္တဇ | သွားထိပ်အရပ်၊ |
| ပဝဂ် ၅ လုံး | ဥ၊ ဦ၊ | — — | ဩဋ္ဌဇ | နှုတ်ခမ်းအရပ်၊ |
| | — — | သ၊ | မုဒ္ဓဇ × ဒန္တဇ, | လျှာဖျား × သွားထိပ်အရပ်။ |
| | — — | ဝ | ဒန္တဇ × ဩဋ္ဌဇ၊ | သွားထိပ် × နှုတ်ခမ်းအရပ်။ |
| | ဧ၊ | — — | ကဏ္ဌဇ × တာလုဇ၊ | လည်ချောင်း × အာစောက်။ |
| | ဩ၊ | — — | ကဏ္ဌဇ × ဩဋ္ဌဇ၊ | လည်ချောင်း × နှုတ်ခမ်း။ |

## ဌာန်အကြောင်းမှတ်ရန်လင်္ကာ။

လည့်ချောင်း၊ ကဏ္ဌဇ၊ ကဝဂ်, အ, နှင့်၊ အာ, ဟ, အက္ခရာ၊ ။တ ဖြာဝဂ်စ၊ ဣ, ဤ, ယ, ကိုး၊ တာလုဇဌာန်၊ အာခေါ်ဆောင်သိဟု၊ မြဲလွန်မှတ်ကြ၊ ။ဝဂ်ဋ, ရ, ဠ၊ အက္ခရာသည်၊ မုဒ္ဓဇဌာန်၊ လျှာဖျားမှန်၏၊ ။တသွင် ထိုမှာဒန္တဇ, သွား။ တဝဂ်များပြင်၊ လ, သ, ဝင်သည်၊ ။ဝဂ်တွင်ပမည်၊ ဥ, ဦ, မှီကာ။ တာလဲဩဋ္ဌဇ။ နှုတ်ခမ်းရ၏၊ သ, ဝ, ဩ, ဧ၊ ထိုလေးရကာ၊ မိဿကဌာန်၊ ပေါင်းခဲ့ပြန်သည်၊ ။ကဲလွန်သူ့ထက်၊ မှတ်စေမင်း။ ။

## ကရိုဏ်းအကြောင်း။

ကရိုဏ်း=ကရဏ=အက္ခရာတို့၏ အသံဖြစ်ကြောင်းလက်ရာ တန်ဆာကိုခေါ်သည်။

ကရိုဏ်း ၄ ပါးရှိ၏၊ ၎င်းတို့မှာ၊

၁၊ ။ဇိဝှာမဇ္ဈ ။ ။လျှာလယ်အရပ်၊
၂၊ ။ဇိဝှဂ္ဂ " ။လျှာဖျားအရပ်၊
၃၊ ။ဇိဝှောပဂ္ဂ၊ ။လျှာဖျားအနီးအရပ်၊
၄၊ ။သကဌာန၊ ။မိမိတို့၏ဌာန်-ဟူ၍ဖြစ်ကြ၏၊

## ပယတ်အကြောင်း။

ပယတ်=ပယတန=စာလုံးအက္ခရာတို့ကို ရွတ်ဆတ်ခြင်း၌ အားထုတ်ခြင်းဖြစ်သည်။

ပယတ် ၄ ပါးရှိ၏၊ ၎င်းတို့မှာ၊

၁၊ ။သံဝုတ ။ ။နှုတ်ခမ်းကိုဖွင့်ခြင်း၊
၂၊ ။ဝိဝဋ ။ ။နှုတ်ခမ်းကိုပိတ်ခြင်း၊
၃၊ ။ဖုဋ္ဌ ။ ။နှုတ်ခမ်းကိုထိခြင်း၊
၄၊ ။ဤသံဖုဋ္ဌ၊ ။နှုတ်ခမ်းကို နည်းငယ်ထိခြင်းဟူ၍ ဖြစ်ကြ၏။

## မဟြာအကြောင်း။

မဟြာဟူသည်ကား။ ၊အက္ခရာတို့ကို သံနေသံထား မှန်ကန်စွာနှင့်ရွတ်ဘတ်သောအခါ။ကြာသောအချိန်ကာလအပိုင်းအခြားကို ခေါ်ဆိုလေသည်၊ ၊

တမဟြာ၏ အချိန်ကာလသည်၊ "မျက်စိတမှိတ်"၊ "လျှပ်တပြက်"၊"လက်ဖျစ်တတွတ်"၊ "နွားနို့တညှစ်"မျှသာကြာနိုင်ကြာလေသည်၊ ၊

သို့ဖြစ်၍။ယခုအခါ၊ကဗျာလင်္ကာစပ်ဆိုရေးများ၌ အထောက်အခံရစေရန်။ရဿဖြစ်သောသရသက်သက်၌မဟြာပယူဟာန်။ရဿသရနှင့်ယှဉ်စပ်သည့်ဗျည်းများတွင် မဟြာပယူဟာန်၊ ဒီဃဖြစ်သောသရသက်သက်၌မဟြာပယူဟာန်၊ဒီဃသရနှင့်ယှဉ်စပ်သည့်ဗျည်းများတွင် တက်သံ၊သက်သံ၊နိုင့်သံများနှင့်မဟြာခွဲခြားဟာန်များအပြင်၊သံယုဂ် ၁၀ လုံး၌မဟြာပယူဟာန်တို့ကိုလည်း။ထိုက်သင့်ရာ ဖော်ပြလိုက်ပေးအပ်သတည်း။ ၊

မတ္တာခွဲခြားပုံ။

| တက်သံ | | | | သက်သံ | | | | နိမ့်သံ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| သရ | | သရ×ဗျည်း | | သရ | | သရ×ဗျည်း | | သရ | | သရ×ဗျည်း | |
| အက္ခရာ | မတ္တာ | အက္ခရာ | မတ္တာ | အက္ခရာ | မတ္တာ | အက္ခရာ | မတ္တာ | အက္ခရာ | မတ္တာ | အက္ခရာ | မတ္တာ |
| × | × | × | × | အ | ၁ | က | ၁ ဝက် | × | × | × | × |
| | | | | ဣ | ၁ | ကိ | ၁ ဝက် | | | | |
| | | | | ဥ | ၁ | ကု | ၁ ဝက် | | | | |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| အာ | ၂ ဝက် | ကာ | ၃ | အာ | ၂ | ကာ | ၂ ဝက် | အာ | ၁ ဝက် | ကာ | ၂ |
| ဤ | ၂ ဝက် | ကီ | ၃ | ဤ | ၂ | ကီ | ၂ ဝက် | ဤ | ၁ ဝက် | ကီ | ၂ |
| ဦ | ၂ ဝက် | ကူ | ၃ | ဦ | ၂ | ကူ | ၂ ဝက် | ဦ | ၁ ဝက် | ကူ | ၂ |
| ဧ | ၂ ဝက် | ကေ | ၃ | ဧ | ၂ | ကေ | ၂ ဝက် | ဧ | ၁ ဝက် | ကေ | ၂ |
| ဪ | ၂ ဝက် | ကော | ၃ | ဪ | ၂ | ကော | ၂ ဝက် | ဪ | ၁ ဝက် | ကော | ၂ |

မတြာပမာဏကိုပြထားသော ဇယားပုံစံအတိုင်းရှင်းလင်းပြဆိုခြင်း။

| | | | |
|---|---|---|---|
| အ<br>ဆု<br>ဥ | ရဿသရမှာ ၁မတြာ။ | က<br>ကိ<br>ကု | ရဿသရဟုဆို ဗျည်းမှာ ၁ ခွဲ မတြာစီအချိန်ကြာ၏။ |

ထို တမတြာက တမတြာခွဲထိ ကာလအရှည်အကြာ ရွတ်ဖတ်ရသောအသံကို "လဟုသံ" ဟူ၍ခေါ်ဆိုလေသည်။ (တနည်းလည်း) လဟုသံ ဆိုသည်ကား။ ပေါ့ပေါ့ရွတ်ဆိုရသောအသံကိုခေါ်ဆိုလေသည်။

| | | | |
|---|---|---|---|
| အာ-ဤ<br>ဦ။-ဧ ဩ | ဒီဃသရမှာ | တက်သံ<br>သက်သံ<br>နိမ့်သံ | ၂ ခွဲ မတြာ<br>၂ မတြာ<br>၁ ခွဲ မတြာ |
| | ဗျည်းနှင့်ယှဉ်လျှင်။ | —<br>—<br>— | ၃ မတြာ<br>၂ ခွဲ မတြာ<br>၂ မတြာ |

ထိုနှစ်မတြာကသုံးမတြာထိ ကာလအရှည်အကြာရွတ်ဖတ်ရသောအသံကို "ဂရုသံ" ဟူ၍ခေါ်ဆိုလေသည် (တနည်းလည်း)ဂရုသံဆိုသည်ကား။ လေးလေးရွတ်ဆိုရသောအသံကိုခေါ်ဆိုလေသည်။

၃-မတြာထက်ပိုမိုရှည်လျားစွာရွတ်ဖတ်ရသောအသံကိုမူကား "ဂီတသံ" ဟူ၍၎င်း။ "ပြုတဂီတသံ" ဟူ၍၎င်းခေါ်ဆိုလေသည်။

## ဂရုသံ လဟုသံတို့ကိုနှစ်မျိုးစီခွဲခြားအသုံးပြုခြင်းအကြောင်း။

(၁)။ ။ဂိုဏ်းရွေးရေး၌အသုံးပြုနည်း။

ဥပမာ။ ။မဟာဥဿာ။ အစချီသော ဝိဓုရပျို့၌ရင်းအပိုဒ်ကို မတြာခွဲလျှင်။(မတြာအစိတ်အဝက်တို့ကိုပယ်၍) မ-၁ မတြာ။ ဟာ ၂ မတြာ။ ဥဿ-၂မတြာ။ ဏာ-၁မတြာဖြစ်သဖြင့်။ မ-လဟုသံ။ ဟာ-ဂရုသံ။ ဥဿ-ဂရုသံ။ ဏာ လဟုသံ။ ဟူ၍ခွဲခြားရပေလိမ့်မည်။

## (၂)-ကဗျာလင်္ကာ ကာရန်ယူချက်အသုံးပြုနည်း။

ကဗျာလင်္ကာ ကာရန်ယူချက်မှုကား၊ မကြာခဏဖြင့်မရေတွက်မှု၍၊ အသံပေါ့ပေါ့ထား၍ ရွတ်ဖတ်ရသောကာရန်ကို လဟုသံ၊ အသံ လေးလေးထား၍ ရွတ်ဖတ်ရသောကာရန်ကို ဂရုသံဟု ခေါ်ဆိုကြ လေသည်၊(အောက်ပါဥပမာကိုကြည့်လေ)၊

ဝေလွင်(လွင်)၊
ငွေသ(ဇင်)ပိုပင်{မြင့်}သီကာ၊
လေ{သင့်}ရာ{မွှေး}၊ ၊
သူ့မြိ{တွင်း}ပေရိ၊
လေး{ဝင်း}ကိုအယူ{ခက်}တယ်ကွက်၊
နီး{ရက်}နှင့်{ဝေး}၊

အထက်ပါဓွေးချိုး၌( )အမှတ်ဖြင့်ပြထားသောစကားကာရန်တို့ မှာ၊အသံကိုပေါ့ပေါ့ထား၍ရွတ်ဆိုရခြင်းကြောင့် လဟုသံဟုခေါ်ဆို လေသည်။{ }အမှတ်ဖြင့်ပြထားသောစကားကာရန်တို့မှာမူ အသံ ကိုလေးလေးထား၍ ရွတ်ဖတ်ရခြင်းကြောင့် ဂရုသံဟု ခေါ်ဆိုလေ သည်၊

သို့ဖြစ်၍ ဂိုဏ်းရှေးဆရာ၌ ဂရု လဟု ယူပုံနှင့် ကဗျာလင်္ကာ ကာ ရန်အစပ်အဟပ်၌ ဂရု လဟု ယူပုံများကို၊အထက်ပါအတိုင်း ခွဲခြား ၍ သတိမူကြရာ၏၊ ၊

R 110. No. 4.

## သံယုဂ်၁၀လုံး၌ မကြာပယုမ်ကိုဖြဆိုခြင်းအကြောင်း။

သံယုဂ်=သံယောဂ-ယှဉ်စပ်ခြင်းကိုဆိုလိုသည်၊သံယုဂ်၁၀လုံးရှိ၏၊ ၎င်းအနက် ၆ လုံးမှာ၊ "ငသတ်၊ ဉသတ်၊ နသတ်၊ မသတ်၊ ယသတ်၊ ဝသတ်"များဖြစ်ကြ၏၊

၎င်းတို့ကို တက်သံ၊ သတ်သံ၊ နိမ့်သံ၊ ဟူ၍ ၃မျိုးခွဲနိုင်သည်၊

ဥပမာ၊ ကင်-၂ခွဲ ကင့်-၂ ကင်း- ၁ခွဲ မကြာ၊
စပ်-၂ခွဲ စပ့်-၂ စပ်း- ၁ခွဲ မကြာ ဟူ၍ဖြစ်ကြသည်၊

ကျန် ၄ လုံးမှာ၊ "ကသတ်၊စသတ်၊ပသတ်၊တသတ်၊"ဟူ၍ဖြစ်ကြ၏၊၎င်းတို့မှာ၊ "တိုင်သံ"သက်သက်ဖြစ်ကြသဖြင့် (၎င်းအသတ်တို့မှာ၊ "အောက်မြစ်၊ရှေ့ဗီး"ထည့်၍မရေးခြားဆိုလိုသည်) သံနေသံထား မှန်ကန်စွာနှင့် ရွတ်ဆိုသောအခါ အချိန် ၂ မကြာပီသာကြာလေသည်၊

---

## ဂိုဏ်းအကြောင်း။ (ကဗိုင်း)

ဂိုဏ်းဟူသည်ကား၊ ၊"ဂဏ-သမူဟေ၊ဂဏိယတေ အဝယဝေန သမာဟာသိဂဏော" ဤသို့အဘိဓာန်ဋီကာ လာရှိသည်နှင့်အညီ၊ အက္ခရာ မကြာအစိတ်အဝက်နှင့်ရေတွက်အပ်သည်ကို"ဂိုဏ်း"ဟူ၍ခေါ်ဆိုလေသည်၊

ကဗျာလင်္ကာစီကုံးရေးသားရာ၌၊ မကြာ၊ ဂရု၊လဟုတို့ကိုမှတ်၍ အကျိုးအပြစ်ကို ရွေးချယ်ကောက်ပြီးလျှင်၊ အလိုရှိအပ်သော အကျိုးရှိသည့်ဂိုဏ်းတို့နှင့်သာ သီကုံးဖွဲ့ရာ၏၊

(၁)။ ၊အကျိုးရှိ၍ အလိုရှိအပ်သောဂိုဏ်းကို"ဣဋ္ဌဂိုဏ်း"ဟူ၍ခေါ်သည်၊

(၂)။ ၊အကျိုးမရှိ၊ အပြစ်သာရှိ၍ အလိုမရှိအပ်သော ဂိုဏ်းကို "အနိဋ္ဌဂိုဏ်း"ဟူ၍ခေါ်သည်၊

ဂိုဏ်းရွေးရာ၌အဘောက်အခံရခရေနံရက်နံတိုက်ပြခိုင်ခြင်း၊

| | | | |
|---|---|---|---|
| တနင်္ဂနွေ | -၁ | -ဂဠုန် | -သရ-အ၊အာ၊ဣ၊ဤ၊ဥ၊ဦ၊ဧ၊ဩ၊ |
| တနင်္လာ | ၂ | -ကျား | -က၊ခ၊ဂ၊ဃ၊င၊ |
| အင်္ဂါ | -၃ | -ခြင်္သေ့ | -စ၊ဆ၊ဇ၊ဈ၊ည၊ |
| ဗုဒ္ဓဟူး | -၄ | -ဆင် | -လ၊ဝ၊ |
| ကြာသပတေး | ၅ | -ကြွက် | -ပ၊ဖ၊ဗ၊ဘ၊မ၊ |
| သောကြာ | -၆ | -ပူး | -သ၊ဟ၊ |
| စနေ | -၇ | -နဂါး | -တ၊ထ၊ဒ၊ဓ၊န၊ |
| ရာဟု | -၈ | -ဟိုင်း | -ယ၊ရ။ |

မြဝတီမြို့စားမင်းကြီးဆို့ ဂိုဏ်းရှစ်ပါးရွေးနည်းလေးချိုးသွဲ့။

ပုံ(၈)(လ)၊အစမှာ,တသုံးနှင့်၊နောက်ဆုံးမည်၊ ၊ရွေ၊ကာ၊သာ၊မြ၊ တ၊သ၊သာ၊နှင့်၊ ငိုရမ၊တွယ်၊ တ၊တုံး၊မယ်၊ယို့၊ အ၊ကယ်၊သာ၊ဇင်၊ လ၊လ၊သွင်၊သည်၊ မြင်၊ရ၊ပွေ၊ရုံ၊ ရွေ၊ကာ၊တ၊ကို,လျက်နှင့်၊ ရှစ်ရုံ ကြွေ,ဂိုဏ်းလွှာကို၊ မည်သညာ,ကဗျာဖွဲ့လို့၊ ကုံးတဲ့စီသည်၊ ၊ အော၊ဘာ၊မိ၊ထတ်၊ ပုံ၊သွာ၊ကြွတ်၊သ,နှင့်၊ နက္ခတ်ကယ်တန့်၊ .သည် တိုင်းသာညီတော့ပ၊ ယင်ဇာနည်ကို၊ အကြည်လွှာ, ရေးလို့ဆက် သည်ပ၊ ၊ဘုမ၁–မြေ၊ ဆုန္ဒ–သက်ရှည်၊ လ–တည်ကြည်နှင့်၊ တိပ်သည်–မြှေ၊ နေမှန်ဒုက္ခ၊လေ–ဥာနပစ်၊မီး–သေးချစ်သို့၊ဘွဲ့မှစ် ကယ်အာကာ.ကျိုးမဲ့သာရှာကြ၊သာ၊ခွါ၊မြ၊အ၊ဝါ၊တ၊ဇင်,ကို၊လိုရာ တွင်-ရက်လိုက်နွှေ၍၊စေးလော့သတ္တ၊ ၊

သဖြန်၊ ၊အဌောစ,အကျန်၊ ၊ဥ၊မိတ်၊ကာ၊ဏာ၊ပုတ်၊ ကျိုး ယုတ်တဲ့ကာ၊ ၊ဒိ၊မော၊သ၊တာ၊ ကြိုပါလေသည့် တိုင်း၊ ၊မြတ် လာ၊ဘိန်,ကယ်နှင့်၊ဝရိတ်၊ ထက်ပြတယ်၊ထူးနိုင်မှုဂိုဏ်း၊ ။

ရှေးဆရာတို့သည်၊ဂိုဏ်းရွေးနည်း၌၊တဦးနှင့်တဦးမတူ၊ အယူကွဲလွဲလျက်ရှိကြရာ၊အထက်ပါ,မြဝတီမြို့ဝန်မင်းကြီးဆို၊ဂိုဏ်းရှစ်ပါးရွေးနည်းလေးချိုးဘွဲ့သည်၊များစွာသောရှေးဆရာတို့,ပြုလုပ်ထေ့သာကြသော နည်းရိုးတခုဖြစ်သည်အတိုင်း၊ ရင်းဘွဲ့အဓိပ္ပါယ်အရ၊ အူ၌ဂိုဏ်းလေးရပ်၊ အနိမ့်၌ဂိုဏ်းလေးရပ်၊ ဂိုဏ်းပျဉ့်နက္ခတ်၊ ဂိုဏ်းစောင့်နက္ခတ်၊အကျိုးအပြစ်ပေါ်သော၊ ရတ်ဥပါဒ်၊ ဝံသကျွရာအရပ်ရပ်ကို ထုတ်မြွက်, ကျွမ်းကျင်ငြင်းအားဖြင့်၊ မြန်မာ့ဘာသာ, ကဗျာသက်ဝများအတွက်၊ လုံးထောက်ပြုဖြစ်၍၊ ဟုတ်တိုင်းမှန်ရာ၊သိသာဖွတ်လွယ်၊အဓိပ္ပါယ်ရှင်းလင်းစိမ့်သောငှါ၊ ခွဲခြားစိတ်ဖြာ၍,တဆင့်တဆင့်၊ဘောဘ်ပြုလိုက်ပေအံ့သတည်း၊ ၊

## မြဝတီမြို့ဝန်မင်းကြီးဆို,ဂိုဏ်းရှစ်ပါးရွေးနည်းလေးချိုးဘွဲ့ကို၊ ခွဲခြားစိတ်ဖြာ၍အဓိပ္ပါယ်ပြဆိုခြင်းအကြောင်း။

(က)။ ၊ "ပုံ(ဂ)(လ)၊အစမှာစသုံးနှင့်၊နောက်ဆုံးမည်၊ ၊ ရွှေ၊ကာ၊သော၊မြ၊ တ၊သ၊သာ၊နှင့်၊ ပိ၊ရ၊မ၊ဘွယ်၊ တ၊ဘုံ၊မထိ၊ယို့၊၊အနေ၊ ကထ်၊သ၊ဇင်၊၊လ လ၊ဘွင်၊သည်၊မြင်၊ရ၊ပွေ၊ရုံ၊ရွှေ၊ကာ၊တ၊ဝံ့,လျက်နှင့်၊ ရှစ်ရုံကြော,ဂိုဏ်းမွှာကို၊ မည်သည့်၊ ကဗျာဘွဲ့လို့၊ ဝိုးဝဲ့စီသည်။ ၊

ဂ–ဂရုဝံ–နှစ်မကြာက, သုံးမကြာထိ, အရှည်အကြာ,ရှုတ်သတ်ရသောအသံကိုခေါ်သည်။

လ–လဟုဝံ–တမကြာက,တမကြာခွဲထိ, အရှည်အကြာ,ရှုတ်ဘတ်ရသောအသံကိုခေါ်သည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဆွေကာသာခမြ၊ | —ဆွေကာသာ၊ | —၂၂၂၊ | မပြာ၊ | (မြ) | —မဂိုဏ်း၊ | ဒုမ္ဘဂိုဏ်း-၄-ရပ်၊ |
| တာသသနှင့်၊ | —တာသသ၊ | —၁၁၁၊ | ၊ | (နှင့်) | —နဂိုဏ်း၊ | |
| ငိုရမသွယ်၊ | —ငိုရမ၊ | —၂၁၁၊ | ၊ | (သွယ်) | —သဂိုဏ်း၊ | |
| တသုံးမယ်ပို့၊ | —တသုံးမယ်၊ | —၁၂၂၊ | ၊ | (ပို့) | —ပဂိုဏ်း၊ | |
| အကာယ်ထဇင်၊ | —အကာယ်သ၊ | —၁၂၁၊ | ၊ | (ဇင်) | —ဇဂိုဏ်း၊ | အနိမ္ဘဂိုဏ်း-၄-ရင်း၊ |
| လသသွင်သည်၊ | —လလသွင်၊ | —၁၁၂၊ | ၊ | (သည်) | —သဂိုဏ်း၊ | |
| မြင်ရပွေ့ရုံ၊ | —မြင်ရပွေ၊ | —၂၁၂၊ | ၊ | (ရုံ) | —ရဂိုဏ်း၊ | |
| ဆွေကာသာ၊ | —ဆွေကာသာတုံ | —၂၂၁၊ | ၊ | (တုံ) | —တဂိုဏ်း၊ | |

မှတ်ရန်။ ၊

ဂိုဏ်းပုံ၌, အဆုံးအက္ခရာကိုအမည်အဖြစ်ဖြင့်ယူ၍, ကျန်အက္ခရာများကိုမပြခဲ့၏၊

(ခ)။ ။ "ဇေ၊ ဘ၊ မိ၊ သတ်၊ ပုံ၊ သွား၊ ကြွက်၊ သ၊ နှင့်၊ နက္ခတ် ကယ်တန့်၊ သည်တိုင်း သညီတော့ပ၊"

ဂိုဏ်းဖွဲ့နက္ခတ်များ၊

ဇေ —ဇေဋ္ဌနက္ခတ်၊ (လုံးရေ ၁၀)
ဘ —ဘရဏီနက္ခတ်၊ (လုံးရေ ၂)
မိ —မိဂသီနက္ခတ်၊ (လုံးရေ ၅)
သတ်—သတ္တဘိသျှနက္ခတ်၊ (လုံးရေ ၂၄)
ပုံ —ပုဗ္ဗာဘဒ္ဒနက္ခတ်၊ (လုံးရေ ၇)
သွာ —သွာတိနက္ခတ်၊ (လုံးရေ ၁၅)
ကြွက်—ကြတ္တိကာနက္ခတ်၊ (လုံးရေ ၃)
သ —သရဝဏ်နက္ခတ်၊ (လုံးရေ ၂၂)

အဓိပ္ပာ၊ ။မဂိုဏ်းဖွဲ့နက္ခတ်ယူရမည်၊

မှတ်ရန်နက္ခတ်လုံးရေသံပေါက်။

"၁၀,ဝဿား။နောက် ၂၊ ၅၊မှား ၂၄
၇,၁၅၊နောက် ၃,ထား၊တခြား ၂၂၊"

(ဂ)။ ။"ဘုမာ—ဓမြေ၊ ရာနန္တ—သင်္ကန့်ရည်၊ လ—တည်ကြည်နှင့်၊ တိမ်သည်—ငြိမ်ရုံ၊ နေမှန်—နက္ခ၊ ယောဂွာနဝ၊ သိုး—ဓာတ်၊ ချစ်လို့၊ ဘွဲ့ရက်ကယ်အာကာသ၊ ကျူးမှဲ့သာရှာကြ၊

| | | | | |
|---|---|---|---|---|
| ဘုမ | — မြေ၊ | —ဘုမ္မပိုးနတ်စောင့်သည်၊ | အကျိုးကား | —လယ်မြေရအံ့၊ |
| ဇလ | —သက်ရှည်၊ | —ဇလုံ၊ထိကြားစောင့်သည်၊ | ။ | —အသက်ရှည်အံ့၊ |
| ထ | —တည်ကြည်နှင့်၊ | —ထနတ်စောင့်သည်၊ | ။ | —တည်ကြည်အံ့၊ |
| တိပ်သည်—ရွှေငွေ၊ | | —တိပ်နတ်စောင့်သည်၊ | ။ | —အရွှေအငွေရမည်အံ့၊ |
| နေမှန် | —ဒုက္ခ၊ | —နေနတ်စောင့်သည်၊ | အပြစ်ကား | —ဆင်းရဲအံ့၊ |
| လေ | —ဥာနုပစ် | —လေနတ်စောင့်သည်၊ | ။ | —အရပ်တပါး ပြောင်းသွားရအံ့၊ |
| မီး | —ဘေးချစ်၊ | —မီးနတ်စောင့်သည်၊ | ။ | —ဘေးသင့်အံ့၊ |

ဘွဲ့ခုစ်ကယ်အာကာ၊ ကျိုးမဲ့သာရှာကြ၊ } —အာကာသစိုးနှံ့နတ်စောင့်သည်၊ ။ —အကျိုးမရှိ၊

အမှာ။ ။မဂိုဏ်းမစ၍ယူရမည်၊

“သာ၊ခွာ၊မြ၊အ၊ဝါ၊တ၊ဗေင်ကို၊လိုရာတွင်ရက်လိုက်နှော၍၊စားလော့သက္က” ဤအပိုဒ်၏အဓိပ္ပါယ် ရှင်းပြချက်ကို၊ဂိုဏ်းရွေးနည်း၊ခပိုင်းမှာကြည့်လေ၊ဤတွင်အလျဉ်းမသင့်၍မပြလိုက်ပြီ၊

(ဃ)။ ။အင်္ဂွါဝအကျန်။ ။ဥ၊ဖိတ်၊ကာဏ၊သဟုတ်။ကျိုးယုတ်ထွဲ့ကံ။ ။ဗိ၊မော၊သ၊တံ၊ ကြီးပါလေသည်ဘိုင်း၊ ။မြိတ်၊လော၊သိန်ကယ်နှင့်၊ဝရိတ်လက်ခြတယ်၊ထူးနိုင်ချုဂိုဏ်း။ ။

အင်္ဂ—၁ ကြွင်းလျှင်၊ဥ—ဥပဒြဝရောက်အံ့၊ ဝေါ—၂ ကြွင်းလျှင်၊ ဖိတ်—ဖိတ္တု—သေကြေပျက်စီးအံ့၊ စ—၃ ကြွင်းလျှင်၊ကာဏ—မျက်စိကန်းအံ့၊ ဗိ—၄ ကြွင်းလျှင်၊ဖြိတ်—အမြိတ္တရတ်၊ သက်ရှိရတ်ရအံ့၊ မော—၅ ကြွင်းလျှင်၊ လော— လောဘ—လာဘ်ရအံ့၊ သ—၆ ကြွင်းလျှင်၊သိန်—သိဒ္ဓိ—ပြီးခမြောက်အံ့၊ တံ—၀ ကြွင်းလျှင်၊ ဝရိတ်—ဝေရတ်—သက်မဲ့ရတ်ရအံ့။

အမှာ၊ ။မည်သည့်နည်းအားဖြင့်၊ ၁၊၂၊၃၊၄၊၅၊၆၊၀၊ ကြွင်းသည်ကို၊(ခ)ပိုင်းမှာကြည့်လေ၊

အခမတ်မင်းရာဇာဆိုဂိုဏ်းချစ်ပါးရွေးနည်းဇေကာမိုဒ်လင်္ကာ၊

အောင်ပန်းညွှန့်ရည်၊သင်ပြမည်သား၊မြဲရည်လျှံဝင်း၊ ကျွန်းများမင်းတွင်၊ရာဇဝင်းသက်နှံ၊ကျွန်ဝေဘိခ်ဤ၊ သင်ပျံ့မုန်သေသက်၊ ငွေတောင်ပေါက်ညီ၊ခရောက်ခည်သူ့ကျွန်၊ကျမ်းဂန်ထုတ်ရှာ၊ မင်းရာဇာလျှင်၊ ဂိုဏ်းမှာရှစ်ထွေ၊ စောင့်နေရှစ်နတ်၊ နက္ခတ်ရှစ်သွယ်၊ အမိပွါယ်ကို၊အလွယ်တကူ၊မှတ်ယူသာအောင်၊ စာခဝေင်ကမ္ဘည်း၊ တဒိုဒ်တည်းဖြင့်၊ရုံးစည်းသာချိုး၊လင်္ကာဆိုအံ့၊ဂ,ကိုဂရု၊ လ,သဟု, ဟု၊သိမ္မအခါ၊မှတ်တုံပြီးမှ၊လုံးဝုံဂ,သ၊ဂိုဏ်းမ,နှ,ကား၊ဘုမ္မ,ဈာန္တ၊ နက္ခတ်မှာမှု၊ ဓေဩာခေါ်ညီ၊ ဘုရေဏီတည့်၊မှန့်ပြီးမယွင်း၊အရင်းဂ, လ၊မြင်လကမ္ဘ ဘ,ယ,ရွေဘိပ်၊ လနှင့်တပ်ပြီ၊ မိဂသီကျော်ထိပ်၊ သဋ္ဌမီဘ်ရှုတည့်၊လယ်,ငြိတ်အဖျား၊ဂ,မြင်ပြားမှု၊ ဇ,သ,ဟုလိမ့်၊ ချျံလှရောင်ညီ၊ ရဝိ,ဝါတာ၊ နက္ခတ်မှာမှု၊ ပုဿ,သွာတ်၊ ထိုပြီ, တသွယ်၊အလယ်,အဖျား၊သ,မြင်ပြားမှု၊ ရ,တ,ဟုလိမ့်၊ရှိန့်ပုဖြင်း လတ်မိုးနတ်,ဆာကာ၊နက္ခတ်မှာမှု၊ကြတ္တိကာ,သရဏ်၊ဟည်မြမှန်

၏၊ဗေဒါ်နဲ့မှတ်ရာ၊ကျိုးပြစ်မှာကား၊လူမှာ—မြေရ၊ အုန္တ—သင်္ကြန်ရည်၊ တည်ကြည်—ဝန္တ၊တိမ်မှာရေမြှုပ်ရွှေ၊ဒနကား—ဆင်းရဲ၊လေကဲ့—ရှင်ပစ်၊ ဖိုးချစ် ဘောဘြင်း၊ ကောင်းကင်—ကျိုးပဲ့၊ ပြဲ.ပြဲ.သိမ္မ၊ နက္ခတ်ရကို၊ "စကျွ၊မသယာသုနခါဂါနှင့်၊ရှနိစွာသသော၊ရက်လိုက်နေ့၌၊" "ဗုဒ္ဓ သောနက္ခတ်၊ကြွင်းထက်မှုဒွားစွာ၊နှစ်ဆယ်သည်မှု၊နသဂါဝကျွ၊ မသယာ သုကို၊ရေရှုပြီး၌၊" စားထ ခုနစ်၊တစ်,နှစ်,သုံးမှတ်၊ကြွင်းမြင်လတ်မူ၊ ဥပါဒ်,မိအျ၊ကာသထရှလောဝ၊တရ,ပဠေ၊ဆ,သုညကား၊ မြွှလသဘ၊ သိဒ္ဓိကံပျာ၊ဝရံပိုင်းခြား၊စီလျှဉ်ထားသည်၊ ၊ဤကဒါးကိုဏ်းလက်ာ သုရား၊ ၊နှစ်လုံးရင်းဖျား၊ ပယ်ပြား၍နှိလစ်၊ချနှစ်အများ၊ငါးလုံး ဖျား,ရင်း မယွင်းစတု၊ပယ်မှုအဖျား၊မှတ်စိမ့်ထားသည်၊ ၊ဤကား ပယ်ကုန်ရာသတည်း၊

မှတ်ရန်။ ၊စကျွ၊မသယာသုနဂါဂဏန်းချုပ်၊၆.၂.၅.၁.၄.၇.၃.
နသဂါဝကျွ၊မသယာသု ၊ ၇.၃.၆.၂.၅.၁.၄.

အမှာ။ ၊အထက်ပါ ဗေဒမှတ်မင်းရာဇာသို ဂိုဏ်းရှစ်ပါးရွေးနည်း ငှေကပိုဒ်လင်္ကာသည်ဘောဒ်ပြခဲ့ပြီးဖြစ်သော၊မြဝတီမြို့စားမင်းကြီးဆို ဂိုဏ်းရှစ်ပါး ရွေးနည်းလေးချိုးသွဲ့ကဲ့သို့ မဟုတ်ဘဲ၊ နှစ်ဂိုဏ်းနှစ် ဂိုဏ်းစီပူးတွဲ၍ဘောဒ်ပြထား၏၊သို့သော်အဓိပ္ပါယ်မှာထပ်တူပင်ဖြစ် ကြပါသည်၊

## ဂိုဏ်းစိုးနတ်သမီး၊ ဂိုဏ်းစောင့်နတ်သား၊ ဂိုဏ်းပျည်နတ်များနှင့်၊ နံသင့်ရက်သားတို့ကိုပြဆိုခြင်းအကြောင်း။

ဂိုဏ်းစောင့်၊ စိုးလတ်၊ နတ်နက္ခတ်နှင့်၊ ခွဲမှတ်တွက်ချက်၊ နံသင့်ရက်ကိုပေါင်း၍ဆိုဖိမ့်။ မ-ကိုစောင့်သ၊ နတ်ဘုမ္မနှင့်၊ သူခုသသတီ၊ ဓေဝိစိုးရ၊ ဇေဋ္ဌနက္ခတ်၊ ဟျည်လတ်မြဲမြဲ၊ ဆင်နံ့နဂါး၊ နှစ်ရက်သားသာ၊ ပျော်ပေရာ၏။ န-မှာမူကား၊ ဃိကြွား-သုန္ဒရီ၊ ဘနေ့ဏီနှင့်၊ သောရိနှဲနံ၊ ဆက်ခံကောင်းစွာ၊ ဘ-ဂိုဏ်းမှာမူ၊ အာကာသမိုးလင်းလတ်၊ လနတ်-အဿိနီ၊ မိဂသိရ်နှင့်၊ အညီတနင်းလာ၊ သေးကြာရက်သား။ နှံ့ပါးတော်စွာ၊ ယ-မှာဘာမူ၊ စောင့်သူတိမ်နတ်၊ စိုးလတ်မေခလာ၊ သဏ္ဍာဗိသျှ၊ နက္ခတ်ရ၍၊ မိုးလင်းဝပျုံဟုန်၊ ဂဠုန်နဂါး၊ ကြွက်နံ့သားဟု၊ သုံးပါးနှင့်သာ၊ တော်လှစွာ၏။ ဇ-မှာမူကား၊ နေနတ်သားနှင့်၊ စိုးဗြာဂုံထ၊ ကာသကဿပ၊ အညီပုဿ၊ ကျ၏နက္ခတ်၊ သဂိုဏ်းတွက်ကို၊ သောနတ်စောင့်သ၊ ကာလကဿပ၊ သွာတီနက္ခတ်၊ ရ-ဂိုဏ်းမှတ်မှာ၊ မိုးနတ်စောင့်သ၊ ကာသကဿပ၊ အညီစိုးခါ၊ ကြတ္တိကတည့်၊ တ-မှာမှတ်ကြ၊ အာကာသနှင့်၊ ကာလကဿပ၊ အညီသရဏ်၊ ငါးတန်လေးပါး၊ ဤစကားလည်း၊ ၊ မှတ်သားဘွယ်နည်း၊ အကျဉ်းတည်း။

အထက်ပြဆိုပြီးသော ဂိုဏ်းရွေးနည်း ကဗျာတို့ဖြင့် ဂိုဏ်းအကြောင်းသိသာလုံလောက်ပေပြီ။

ဂိုဏ်းရှစ်ပါးမှတ်ရန်ဓကျဥ်း။

မတ်တုံဓေ၊ နှုံရှုဘ၊ ဘုသမိုးယတိမ်သတ်၊ ဇနေပု၊ သုလိသွာ၊ ရာမိကြွတ်၊ တတ်အာသ၊ မှတ်ကြွဂိုဏ်းရှစ်ပါး။

| | | | | |
|---|---|---|---|---|
| မဘ်တုံဓေ —မတ်=မဂိုဏ်း၊ | တုံ —တုမ္ဗိုးနတ်စောင့်သည်၊ | ဓေ =ဓေမ္ဗနဂ္ဂတ်လှည့်သည်၊ | ၂၂၂ | မဂြိုဟ် |
| နှုံရှုဘ — နှုံ —နဂိုဏ်း၊ | ရှု —သိကြား၊ | ဘ —ဘရဏီ၊ | ၁၁၁ | ,, |
| ဘုလမိ — ဘု —ဘဂိုဏ်း | လ =လနတ်၊ | မိ —မိဂသီ၊ | ၂၁၁ | ,, |
| ယတိမ်သတ်— ယ —ယဂိုဏ်း | တိမ် —တိမ်နတ်၊ | သတ်—သတ္တဗိဿ၊ | ၁၂၂ | ,, |
| ဇနေပု — ဇ —ဇဂိုဏ်း | နေ =နေနတ်၊ | ပု —ပုဗ္ဗဖလ္ဂုနီ၊ | ၁၂၁ | ,, |
| သုလိသွာ — သု —သဂိုဏ်း | လိ —လေနတ်၊ | သွာ —သွာတိ၊ | ၁၁၂ | ,, |
| ရာမိကြွတ် — ရာ —ရဂိုဏ်း | မိ —မီးနတ်၊ | ကြွတ်—ကြတ္တိကာ၊ | ၂၁၂ | ,, |
| တတ်အာသ —တတ်—တဂိုဏ်း | အာ —အာကာသစိုးနတ်၊ | သ —သရဝဏ်၊ | ၂၂၁ | ,, |

# ဂိုဏ်းရှစ်ပါးဇယားပုံ။

| | ဂိုဏ်းပုံ | မြွာ | ဂိုဏ်းအမည် | နတ်သား | နတ်သမီး | နက္ခတ် | လုံးခရ | အကျိုးအဖြစ် | ဂိုဏ်းပုံ |
|---|---|---|---|---|---|---|---|---|---|
| မြင့် | ခွေးကာသသာမြဲ | ၂၂၂ | ၁ | ဘုမ္မစိုးနတ် | သူရဿတီ | ဇေဋ္ဌ | ၁၈ | ပေယ်မြေခြေအုံ | မက်ဘုံဇေ |
| | ဘာသာသနွင့် | ၁၁၁ | ၃ | သိကြား | သုန္ဒရီ | ဘရဏီ | ၂ | အသက်ရှည်အုံ | နွားဘ |
| | ငုံမဘွယ် | ၂၁၁ | ၁၁ | လနတ် | သိရီ | မိဂသီ | ၅ | ဘည်ကြည်အုံ | ဘုလမိ |
| | တသုံးမယ်ပို | ၁၂၂ | ၃ | ဗိဿနတ် | မဏိမေခလာ | သတ္တဘိသျှ | ၂၄ | အခြွေအရံများအုံ | ပတ်မဲ့သတ် |
| အနိမ့် | အကယ်သဇင် | ၁၂၁ | ၈ | နေနတ် | ကာလကဏ္ဏီ | ပုဗ္ဗာဖ္ဂုနီ | | ဆင်းရဲအုံ | ဇနေပ |
| | လလသွင်သည် | ၁၁၂ | ၁ | လေနတ် | ,, | သွာတိ | | အရပ်တပါး ပြောင်းသွားခုံအုံ | သုလိသွာ |
| | မြင်ရပွေ့ရုံ | ၂၁၂ | ၄ | မိုးနတ် | ,, | ကြတ္တိကာ | | ဘေးသင့်အုံ | ရေမိုးကြုတ် |
| | ခွေကာတဝဍ် | ၂၂၁ | ၈ | အာကာသ မိုးနတ် | ,, | သရဝဏ် | | အကျိုးမရှိ | ဘတ်အသသ |

ကဗျာ ဆွဲနည်း ပါဝင်းနည်း သင်းကောင်း။

## ဂိုဏ်းခွဲခြင်း။ (ခပိုင်း)

ဂိုဏ်းအခြေခြင်း(ကပိုင်း) တွင်ပြဆိုခဲ့သည့်အတိုင်း၊ ဗုန္ဒဂိုဏ်း အနိန္ဒဂိုဏ်း၊ ဂိုဏ်းဖိုးနတ်သမီး ဂိုဏ်းယဉ်နက္ခတ်၊ ဂိုဏ်းခေါင်နတ်ရှင်၊ မပြော၊ ဂရုလဟု၊ ခွဲခြားပုံအမျိုးမျိုး၊ အကျိုးအပြစ် အရေပ်ချက်ကို တတ်ကျွမ်းနားလည်ကြပြီးသည့်နောက်၊ ကဗျာလင်္ကာ၊ တေးသီချင်း စသည်တို့၌၊ ဂိုဏ်းရွေးရန်လိုပေသည်၊ ထိုဂိုဏ်းရွေးရာ၌လည်း၊ (က) တခြားစာဆိုဆရာပညာရှိဂုဏ်ရုလ်အသီးသီးတို့၊ စပ်ဆိုရေးသားခဲ့ပြီး သောကဗျာရပ်များ၌ဂိုဏ်းရွေးနည်း၊ (ခ) မိမိကိုယ်တိုင်စပ်ဆိုရေး သားအပ်သော ကဗျာရပ်များ၌ ဂိုဏ်းရွေးနည်း၊ ဟူ၍နှစ်မျိုးနှစ် စားခွဲခြား၍အောက်၌ဘော်ပြပေတော့အံ့၊ ၊

ဒွေ့ာ၊ ၊(ဂိုဏ်းရွေးနည်း နှစ်မျိုးစလုံးနှင့် သက်ဆိုင်သည်)၊ ၊
ကဗျာလင်္ကာသီချင်းစသည်တို့ကိုဂိုဏ်းရွေးရာ၌၊ ချိုသောအပိုဒ် တပိုဒ်ကိုသာလျှင် ဂိုဏ်းရွေးရန်လိုပေသည်၊ ထိုအပိုဒ်ကိုရွေးချယ်၍ အပြစ်မရှိ ဗုန္ဒဂိုဏ်းဖြစ်ခဲ့ပါမူ၊ ၎င်းကဗျာ တပိုဒ်လုံးသည်လည်း၊ ဗုန္ဒဂိုဏ်း ကဗျာအဖြစ်သို့ရောက်ပြီးဖြစ်လေသည်။

ကဗျာလင်္ကာ၊သီချင်းစသည်တို့မှာ၊အချိုသောအပိုဒ်သည်၊တခု နှင့်တခုမတူ၊ အမှုကွဲပြားလျက်၊ တချို့မှာ ၃ လုံး၊တချို့မှာ ၄ လုံး၊ တချို့မှာ ၅ လုံး၊ စသည်ဖြင့်အက္ခရာ ၁၀လုံးမှကျော်လွန်၍လည်း ထားရှိကြသဖြင့်၊ အောက်၌ပြထားသည့်အတိုင်း၊ မလိုအပ်သော အက္ခရာများကိုပယ်၍၊ လိုအင်သောအက္ခရာများနှင့်သာ ဂိုဏ်းခွဲ ကြရာ၏၊ ၊

ဆရာတော်ဦးဇဗ္ဗဓရ၊ဂိုဏ်းရွေးနည်းသက်ခေ၌၊ ၊သောင်နန်း ကွန့်လည်၊အမြဲတည်သား၊ရွှေပြည်နိဗ္ဗာ၊ ဖိုးယုတ္တလွှတ်၊ဇိသုန်နတ် ၏၊သည်းပွတ်ချက်ရှု၊ ငါ့ဘိကျူ့သည်၊ ရှုံးရပေါင်းစည်း၊ဂိုဏ်းယူ နည်းကို၊ကမ္ဘည်းတင်မှု၊နိဒါန်း ပြုပိမ့်၊ ၊မိန္ဒုဒီပေ၊ သံဃဂုဏ်ကို၊ မြင်ကဂရု၊လဟု,ရသော မှတ်ကြပြီးခါ၊ အက္ခရာသုံးခု၊ တဂိုဏ်းပြု လေ၊စတုရ၌ဝယ်၊အခုံးပယ်မှ၊အခ,အဆုံး၊ အသုံးပဉ္စ၊နှစ်ဂိုဏ်း,ဆ

တည့်၊သဏ္ဌာ,အင်္ဂ၊ဝေသည်တို့မှာ။ရှေးနည်းသာသျှင်၊ ဝါနာဝေါက်လေား၊ကြံစည်၊စား၍၊ ။မဖွားရှုသင့်ချေတကား။ ဟူ၍လာရှိသည်ဘချက်၊

အခမတိမင်းဧရာဇာဆို၊ ဂိုဏ်းရှစ်ပါး ရွေးနည်းအဘောဒိဒ် လက်ခံ၍လည်း၊ ။ရှစ်လုံးရင်းဖျားပယ်ပြားမှန်လတ်၊ ခုနှစ်အဖျား၊ ငါးလုံးဖျားရင်း။မယှဉ်းဝတ၊ ပယ်မှုအဖျား၊ မှတ်စိမ့်ထားသည်၊ ။ဤကားပယ်ကျန်ရာသတည်း။ဟူ၍လာရှိသည်တချက်၊အဆက်ဆက်သောပဏ္ဍိတ၊ကဝိအဆရာတို့၏မှုအတိုင်း၊ဂိုဏ်းရွေးပုံ၊ဂိုဏ်းရွေးနည်းများကို၊ဥပမာဆောင်၍ပြပေအံ့၊

## (က) တခြားစာဆိုဆရာညွှန့်ပုဒ်ဖွဲ့ လင်္ကာသီးတို့ စပ်ဆိုရေးသားခဲ့ပြီးသောကဗျာရပ်များ၌၊ ဂိုဏ်းရွေးနည်းအကြောင်း၊

ဥပမာ ၁။ ။

မဟာဥဒါန။ အစချီသော ဝိရုဠှပျို့၌၊ "မဟာဥဒါန" ဟူသောအပိုဒ်ကိုဂိုဏ်းရွေးရန်သို့၏၊ ၎င်းအပိုဒ်တွင်၊အက္ခရာလေးလုံးဖြစ်၍၊အထက်ဖော်ပြပါ၊ဆရာများ၏အလိုအတိုင်း၊ အဆုံးအက္ခရာ ဒ,ကိုပယ်ရမည်၊ကျန်အက္ခရာများကို၊ မဂြာခွဲသျှင်၊မ-၁ မဂြာ၊ဟာ၂ မဂြာ၊ဥဒါ-၂ မဂြာဖြစ်၍၊၎င်းကဗျာသည်၊"ဇူရွှေယာဂိုဏ်း"ဖြစ်သည်၊မဂိုဏ်မခလာနတ်ဘို့မိုးသည်၊ ထိုခ်နတ်စောင့်သည်၊ သဏ္ဌာဗိဿနုနတ်ဖွဲ့သည်၊အကျိုးကား၊အခြွေအရံများအံ့၊

ဥပမာ ၂။ ။

"ရွှေမျက်နှာပုံ့ပုံ့" အစချီသော မန္တလေးမြို့ဦးကျော်လှဆိုမယ်ဘွဲ့ခေါးထပ်၌၊ "ရွှေမျက်နှာပုံ့ပုံ့" ဟူသောပိုဒ်ကိုဂိုဏ်းရွေးရန်လို၍၊၎င်းအပိုဒ်တွင်အက္ခရာ ၅ လုံးဖြစ်၍၊အစဝါလုံး။ အဆုံးတလုံးပယ်ရည်၊ထို့ကြောင့်၊ကျန်အက္ခရာများကိုမဂြာခွဲသျှင်၊မျက်-၂မဂြာ

နှာ-၂ မတြာ၊ပုံ-၂ မတြာဖြစ်၍၊ ၎င်းကဗျာသည် "ရှုခွံ၊မကိုဏ်း" ဖြစ်သည်၊လူရဿတိနတ်သွီးပိုးသည်၊ဟုမ္မဝိုးနတ်စောင့်သည်၊ဓေ ၅ နက္ခတ်ယှဉ်သည်၊အကျိုးကား၊လာယ်ခြေရအံ့၊ ။

ဥပမာ ၃၊ ။

ဝဂ္ဂီရူပမာ၊ အစချီသောမြင်းခြံမြို့ သရာခိုင်ဆိုသခွာဝဇိုင်ညီးချင်း၌၊ "ဝဂ္ဂီရူပမာ" ဟူသောပိုဒ်ကိုကိုဏ်းရွေးရန်ပို၍၊ ၎င်းအပိုဒ်တွင် အက္ခရာ ၅ လုံးဖြစ်၍၊ဥပမာ ၂ မှာကဲ့သို့ အဝတလုံး၊အဆုံးတလုံး ပယ်ရမည်၊ထို့ကြောင့်၊ ကျန်အက္ခရာများကို မတြာခွဲလျှင်၊ ဇီ-၂ မတြာ၊ရူ ၁ မတြာ၊ပ-၁ မတြာဖြစ်၍၊၎င်းကဗျာသည်၊ဘဂိုဏ်းဖြစ်သည်၊ဘိရိနတ်သွီးပိုးသည်၊ လနတ်စောင့်သည်၊ မိဂသိနက္ခတ်ယှဉ်သည်၊အကျိုးကား၊တည်ကြည်အံ့၊ ။

ဥပမာ ၄၊ ။

နီလာဂီဝါဝီမြွာကွန်၊ အစချီသောခန့်သေးမြို့ ဓချုပ်တနိုးဆရာဘေးဆိုရှုခံသလဲပေါ်တေးထပ်၌၊ "နီလာဂီဝါဝီမြွာကွန်" ဟူသောပိုဒ်ကို၊ကိုဏ်းရွေးရန်ပို၍၊၎င်းအပိုဒ်တွင်အက္ခရာ၊ ၇ လုံးဖြစ်၍၊ အဆုံးတလုံးပယ်ပြီးလျှင်၊ နှစ်ကိုဏ်းခွဲခြင်းအားဖြင့်၊ "နီလာဂီ" တကိုဏ်း၊ "ဝါဝီမြွာ" တကိုဏ်းဟူ၍နှစ်ကိုဏ်းရှိ၏၊ မတြာခွဲလျှင်၊ နီ-၂ မတြာ၊ လာ-၂ မတြာ၊ဂီ-၂ မတြာဖြစ်၍၊မကိုဏ်းဖြစ်သည်၊

အက္ခရာရှစ်လုံး၊ကိုးလုံး၊ဆယ်လုံးစသည်တို့ဖြင့်၊ ချီသောကဗျာတို့၌လည်း၊ပြဆိုခဲ့သော၊အကိုးအကားသက်တများအတိုင်း၊ ပယ်သင့်သောအက္ခရာများကိုပယ်ပြီးလျှင်၊ကိုဏ်းခွဲ၍ အကျိုးအပြစ် ရွေးကောက်ကြရာ၏၊

## (ဂ) မိမိကိုယ်တိုင်စပ်ဆို ရေးသားအပ်သော ကဗျာရင်များနှင့်ဂိုဏ်းရွေးနည်း၊

အထက်က ဖြဆိုခဲ့သည့်အတိုင်း၊ တခြားစာဆိုတော်ပညာရှိ ပုဂ္ဂိုလ်အသီးသီးတို့စပ်ဆိုရေးသားခဲ့ပြီးသော ကဗျာရပ်များနှင့်ဂိုဏ်း ရွေးနည်းကိုသိကြရပေပြီ၊ သို့သော်မိမိကိုယ်တိုင် ကဗျာလင်္ကာစပ် ဆိုရာ၌မူကား၊ ဓာတ်ဂိုဏ်းပင်ဖြစ်သင့်ကစေ၊ အကျိုးပေးမလှသော နေ့ရက်များလည်းရှိသေးသဖြင့်၊ ၎င်းနေ့ရက်များကို ရှောင်ကြည်၍ အကျိုးရှိသောနေ့ရက်တို့၌သာ စပ်ဆိုနိုင်ကြစေခြင်းငှါ အောက်၌ဥပ မာဆောင်၍ပြပေတော့အံ့၊

ဥပမာ ၁။ ။

တက်စိမ့်တွေ့လာ၊ အစချီသောရတုလင်္ကာတပိုဒ်ကို ဥပမာအား ဖြင့်မိမိကိုယ်တိုင် တနင်္ဂနွေနေ့စီကုံးသည်ဖြစ်အံ့၊ ထိုအခါဂိုဏ်း ရွေးရန်မှာ၊ ပယ်သင့်သောအက္ခရာများကိုပယ်၍၊ (ကနည်း)အရ မကြာဂရုလဟုခွဲ၍ရေးပြီးမှသာရွေးချယ်ရမည်၊

ထို့ကြောင့်(ကနည်း)အရဂိုဏ်းရွေးလျှင်၊

တက် စိမ့် တွေ့

၂ ၂ ၂ မကြာ၊ ထို့ကြောင့် ဓာတ္တမ ဂိုဏ်း၊ သူရဿတီနတ်ဘိုးပိုင်သည်၊ ဘုမ္မပိုးနတ်စောင့်သည်၊ စေ့ နက္ခတ်ယှဉ်သည်၊ အကျိုးကား၊ လယ်မြေရအံ့ဟူ၍သိရှိရ၏၊ သို့ ရာတွင်၊ တနင်္ဂနွေနေ့စီကုံးခြင်းအားဖြင့်၊ ဤကဲ့သို့အကျိုးပေးနိုင် မည်၊ မပေးနိုင်မည်ကိုသိရန်လိုသေး၏၊

မှတ်ရန်အထူးမှာ။ ။မည်သည့်နေ့စီကုံးသင့်၊ မစီကုံးသင့်ရွေး ချယ်ရာ၌၊ ရေးပြီးမှ၊ ဂိုဏ်းစောင့်နက္ခတ်လုံးရေကိုသတိပြုရမည်၊

မဂိုဏ်းနှင့်ယှဉ်သောစေ့နက္ခတ်၌ လုံးရေ ၁၈ ဖြစ်သည်၊

ထို့ကြောင့်၊ နက္ခတ်လုံးရေ ၂၀ က မကျော်သဖြင့် “သဘ၊ ဩ၊ မြ အ၊ ဝါ၊ တ၊ စင်ကိန်း” “သိ၊ ကုံး၊ ဖြည့်၊ အောင် ဗ်ာ၊ တန်၊ ဆောင်ကိန်း”

နှင့် "စကျွမြသယာဘုနာဂါကိန်း" တို့အနက်၊ တခုခုကိုယူရမည်၊ ၎င်းတို့ဂဏန်းချုပ်မှာ၊ အောက်ပါအတိုင်းအတူတူပင်ဖြစ်သည်။

သာ ခွာ မြ အ ဝါ တ ဇင်၊
သိ ကုံးပြည့်အောင်လှတန်ဆောင်၊
စံ ကျွ မြ ယာ ဘု နာ ဂါ၊
၆ ၂ ၅ ၁ ၄ ၇ ၃ } ကိန်းချုပ်၊
ရက်စည်၊ ၁ ၂ ၃ ၄ ၅ ၆ ၇

ပြဆိုခဲ့သော "တနင်္ဂနွေသာ" (မဂိုဏ်း) ရေတွက်ချီ၊ ဇေဗ္ဗနက္ခတ်နှင့်ယှဉ်သဖြင့်၊ "သာ၊ ခွာ၊ မြ၊ အ၊ ဝါ၊ တ၊ ဇင်၊ ကို၊ လိုရာတွင်၊ ရက်လိုက်နှော၍" ဟူသောစကားအရ၊ နက္ခတ်လုံးရေ ၁၈ ကို၊ တနင်္ဂနွေနေ့စီကုံးသည်ဖြစ်၍၊ ၆ နှင့်နှော၊ ၂၄ ရ၏၊ "စားလေ့သတ္တ" ဟူသောစကားရ၊ ၇ နှင့်စားသော် ၃ ကြွင်း၏၊ "အင်္ဂါ စနေ ကျန်၊ ဥ၊ မိတ်၊ ကာဏဘဟုတ်၊ ကျိုးယုတ်တွဲကာ" ဟူသောစကားအရ၊ ၃ ကြွင်းသောကြောင့်ကာဏ-မျက်စိကန်းအံ့။

ထို့ကြောင့်မဂိုဏ်းသည်အလိုရှိအပ်သောဇာတ္တဂိုဏ်းပင်၊ ဖြစ်သော်ငြားလည်း၊ တနင်္ဂနွေနေ့စီကုံးသောအခါ၊ အပြစ်မြင်သောကြောင့်၊ ၎င်းနေ့ကိုရှောင်ရ၏၊ ထိုနည်းတူ၊ တခြားရက်တို့မှာလည်း၊ ပြဆိုခဲ့သောနည်းအတိုင်းပြုလုပ်၍၊ အကြွင်းကိုကြည့်ခြင်းအားဖြင့်၊ အကျိုးအပြစ်ကို တောက်ရှုပြီးလျှင်၊ ရှောင်သင့်သော ရက်များကိုရှောင်ကြဉ်ရာ၏။

နဂိုဏ်းနှင့်-ဘ-ဂိုဏ်းတို့မှာလည်း၊ သာ၊ ခွာ၊ မြ၊ အ၊ ဝါ၊ တ၊ ဇင်ကိန်းတို့နှင့်ပင်ယူရသဖြင့်၊ ၎င်းတို့အတွက်၊ အထူးပြရန် မလိုတော့ပြီ-ဗွတ်ရန်၊ ။နက္ခတ်လုံးရေကိုကိန်းစည်ဂဏန်းနှင့် ပေါင်းချ၍-၇-နှင့်မစားသောက်လျှင်၊ ၎င်းကိုအကြွင်းဟူ၍မှတ်ယူလေ။

ဥပမာ ၂။ ။

ရွှေ၀တိန့်တု အရပ် အစရှိသော ဓေးထင်တဝိုဒ်ကို ဥပမာအား ဖြင့်၊ မိမိကိုယ်တိုင် တနင်းလာနေ့ စိကုံးသည် ဖြစ်အံ့၊ ထိုအခါ (ဥပမာ ၁)မှာကဲ့သို့(ကနည်း)အရေ ရှေးဦးစွာကိုကာ်းရှာရမည်။

ထို့ကြောင့်(ကနည်း)အရကိုကာ်းရွေးလျှင်၊

၀တိန့်တု

၁ ၂ ၂ မကြော–ထို့ကြောင့် အုမ္မ ယကိုကာ်းမကော် မေခလာနတ်ဘွိုးစိုးသည်၊ ကိမ်နတ်စောင့်သည်၊ သဏ္ဍ ဗိဿနုကွတ် ယှဉ်သည်။အကျိုးကား အခြွေအ ရံမှုားအုံ ဟူ၍သိရှိရ၏၊

ထိုရာတွင် ဥပမာ ၁ မှာကဲ့သို့၊တနင်းလာနေ့စိကုံ၍အကျိုးပေး မည်၊မပေးမည်ကိုထိရှိနိုင်ရန်၊ကိန်းချ၍ တွက်ရန်လို၏ ထိုသောင်ပြား လည်း။သဏ္ဍ ဗိဿနုကွတ်မှာ လုံးရေ ၂၀ ကကျော်သ ဖြင့်၊သာ၊ခွါ၊မြ အ၊၀ါ၊တ၊ဇင်ကိန်းနှင့်မယူအပ်ချေ၊ ။

ထို့ကြောင့်နကွတ်လုံးရေ ၂၀ကကျော်လျှင်၊ “နေ့ာင်၊ဆို၊သည်၊ ကား၊မြ၊အ၊လား၊ဟူသောကိန်း” နှင့်“နာ၊ဂ၊ါ၊စ၊ကျွ၊ မာ၊ယာ၊တု၊ဟူသော ကိန်း”နှစ်ရပ်အနက်၊ တကိန်းကိန်းနှင့် ယူရမည်၊ ၎င်းတို့ချုပ်မှာ အောက်ပါအတိုင်းအတူတူပင်ဖြစ်ကြသည်၊

နေ့ာင် ဆို သည် ကား မြ အ လား၊

နာ ဂါ စ ကျွ မာ ယာ တု၊

၇ ၃ ၆ ၂ ၅ ၀ ၄

ရက်စည်၊ ၁ ၂ ၃ ၄ ၅ ၆ ၇ } ကိန်းပုံ

ဥပမာ ၁ ၌ပြဆိုခဲ့သည့်အတိုင်း၊တနင်းလာနေ့ငင်ဆိုသည်ဖြစ်၍ ၃ ကို သဏ္ဍဗိဿနုကွတ်လုံးရေ ၂၄ နှင့်ပေါင်းရာ၏၊ ၎င်းကဲ့“ဓား လောသဏ္ဍ” ဟူသော စကားအရေ၊၇နှင့်ထား သော် ကြွင်း၏၊ “ဗိမော သတံ၊ ကြံပါလေသည်တိုင်း၊ ၊မြိတ်၊ လာ၊ထိ ကယ်နှင့် ၀ရိတ် လက်ခြေတယ်၊ထူးနိုင်မှုကိုကာ်း” ဟူသောစကားအရ၊ထိမ်–ထိဗ္ဗ–ငြိး

ရွေးကောက်ရန်၊ ဤနည်းတူတခြားနေ့ရက်များမှာလည်း၊အကြောင်းကို၊ ကြည့်၍ ငြင်းအားဖြင့်၊ အကျိုးအပြစ်ကိုထောက်ရှု၍ ရှောင်သင့်သော ရက်များကိုရှောင်ကြကုန်၊ ၊

မည်သည့်ဂိုဏ်းကို၊မည်သည့်နေ့ရှောင်အပ်ကြောင်း၊
အကျဉ်းမှတ်ရန်သံပေါက်၊

(၁)၊ ၊ ဂိုဏ်းမ,ယ,များ၊ ၁,၃,၅၊စည်းဝါးရှောင်ကြပါ၊
ကာ,မိတ်,ဥပဒ်၊ဤသုံးရင်၊ရောက်လတ်မြန်မကြာ၊
(၂)၊ ၊ ၁,၄,၈ကြော၊နဂိုဏ်းမှာ၊ဖယ်ခွါကြမှသာ၊
ဥ,ကာ,မိထုန်၊ဤသုံးချ၊ချောက်မှုမှန်မကွာ၊
(၃)၊ ၊ ၇,၅,၃၊ပေါင်းရုံး၊မသုံးသဂိုဏ်းမှာ၊
ဥ,မိတ်,ကာဏ၊ဤသုံး၀၊မချရောက်မည်သာ၊
မှတ်ရန် ။ ၊နေ့ရက်များကိုဂဏန်းဖြင့်ပြထား၏၊

ဝံသအခကြောင်း။

ကဗျာလက်သင်တိုးတွဲ့ခဲ့ရာ၌၊ အလိုရှိအပ်သော ဇာတ်ဂိုဏ်းများ ဖြင့်ပင်,ဖွဲ့ခဲ့စီကုံးလင်္ကာစား၊ မည်သည့်ဝဂ်သည်,မည်သည့်အမျိုးနှင့်တိုက်တန်သည်၊ မည်သည့်အကွဲရာသည်, မည်သည့်ဇာတ်နှင့်တိုက်တန်သည်တို့ကိုလည်း၊ကြည့်ရှုသင်ခြင်ရဦးမည်၊ယင်းသို့ဖြစ်၍၊ဋိဋိဝင်ဆိုသောကဗျာ၏အစချီသောအပုဒ်၊အစအက္ခရာကို,အမျိုးဝံသအလိုက်သတိပြုရာ၏၊

ဝံသ-၆-ပါး၊

(၁) သုဒ္ဒဝံသ။ ၊ ဆင်းရဲသားအမျိုးကိုဆိုသည်၊ ၊ယင်း အမျိုးကိုစပ်ဆိုသောအခါ၊ က၊ခ၊ဂ၊ဃ၊င၊ (ကဝဂ်)တလုံးလုံးနှင့်စ၍ဆိုရမည်၊

(၂) အမနုဿဝံသ။ ။ အမှုးအမတ်မျိုးကိုဆိုသည်။ ။ယင်းအမျိုးကိုစပ်ဆိုသောအခါ၊ စ၊ဆ၊ဇ၊ဈ၊ည၊ (စဝဂ်)တလုံးလုံးနှင့်စ၍ချီရမည်။

(၃) ဂဟပတိဝံသ။ ။ သူကြွယ်အမျိုးကိုဆိုသည်။ ။ယင်းအမျိုးကိုစပ်ဆိုသောအခါ၊ ဋ၊ဌ၊ဍ၊ဎ၊ဏ၊ (ဋဝဂ်)တလုံးလုံးနှင့်စ၍ချီရမည်။

(၄) သေဋ္ဌိဝံသ။ ။ သူဌေးအမျိုးကိုဆိုသည်။ ။ယင်းအမျိုးကိုစပ်ဆိုသောအခါ၊တ၊ထ၊ဒ၊ဓ၊န၊(တဝဂ်) တလုံးလုံးနှင့်စ၍ချီရမည်။

(၅) ရတနတ္တယဝံသ။ ။ ရတနာသုံးပါးကိုဆိုသည်။ ။ယင်းအမျိုးကိုစပ်ဆိုသော အခါ၊ ပ၊ဖ၊ဗ၊ဘ၊မ၊ (ပဝဂ်)တလုံးလုံးနှင့်စ၍ချီရမည်။

(၆) ဗြဟ္မဏဝံသ။ ။ ပုဏ္ဏားမျိုးကို ဆိုသည်။ ။ယင်းအမျိုးကိုစပ်ဆိုသောအခါ၊ယ၊ရ၊လ၊ဝ၊သ၊ဟ၊ဠ၊အ၊(အဝဂ်)တလုံးလုံးနှင့်စ၍ချီရမည်။

မှတ်ချက်။ ။ရတနာသုံးပါးကိုစပ်ဆိုရသော (ပဝဂ်)နှင့်ပင်၊ မင်းမျိုးကိုလည်းစပ်ဆိုကြ၏။

တနည်းလည်း။

| ဝဂ်စဉ်။ | ဇာတ်စဉ်။ | ဝံသစဉ်။ |
|---|---|---|
| က ခ ဂ ဃ င။ | ဟိန္ဒူဇာတ်။ | ခတ္တိယ။ |
| စ ဆ ဇ ဈ ည။ | ပုဏ္ဏားဇာတ်။ | ဗြဟ္မာ။ |
| ဋ ဌ ဍ ဎ ဏ။ | ကုလားဇာတ်။ | ဝေဿိယ။ |
| တ ထ ဒ ဓ န။ | ဂုတ္တူဇာတ်။ | ဒေဝ။ |
| ပ ဖ ဗ ဘ မ။ | မြန်မာဇာတ်။ | ဗြဟ္မာ။ |
| ယ။ | ဇာတ်မရှိ။ | ပေတ။ |
| ရ။ | ,, | နိရယ။ |
| လ။ | ,, | သေက္ခ—ဝေသ တာပဗ္ဗိ။ |
| ဝ။ | ,, | အသုရကာယ်။ |
| သ။ | ,, | ဒီဃာယုဝသကဒါဂါမိ။ |
| ဟ။ | ,, | တိရစ္ဆာန်။ |
| ဠ။ | ,, | ပစ္စေကဗုဒ္ဓါ—အနာဂါမိ။ |
| အ။ | ,, | ဗုဒ္ဓအရဟတ္တ။ |

### စာမျက်နှာနံပါတ် ၆ ၌ပြဆိုခဲ့သော၊ အမ္ဗဋ္ဌရသရက်ပင်မင်း ဥပမာကိုထပ်၍တင်ဆောင်ပြဆိုခြင်း။

ယခင်ပြဆိုအပ်ခဲ့ပြီးသော ဥပမာ၌၊ အမ္ဗဋ္ဌရ သရက်ပင်မင်းသည်၊ ရသဝတ္တုဝါတို့၏မှီခိုသုံးဆောင်ရခြင်းအကျိုးအလို့ငှာ၊ အသီး၊ အပွင့်၊ ရွက်ချင့်ရွက်နု အပေါင်းတို့ဖြင့်၊ ဝေဝေဆာဆာ၊ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း သော်လည်း၊ အချို့အသီးတို့သည် ဥတုဝိပရိတ်ဖြစ်သောအားဖြင့်၊ မထွားမကြီး၊ လေသီးအတီ၊ ရာသီချိန်နှံ့၊ ပိန်ရှုံ့ ခေ့ညှပ်၊ ပွန်းပြတ်ဒဏ်ထိ၊ ညှာရိပုပ်နာ၊ အခါမဖြင့်၊ မရင့်မအောင်၊ နေလောင်မှည့်ဝင်း၊ တွင်းကျင်းပျောင်အုပ်၊ ထေမှုတ်ပိန်းကြွေ၊ မြွေကိုက်ငှက်ပေါက်၊ လောက်ကိုက်ပိုးစား၊ သို့စသောအသီးများကို၊ မသုံးမစား၊ ရှောင်ကြဉ်ထား၍၊ ဥတုရေမြေ၊ လေနှင့်နေနှင့်၊ အချင့်ညီညွတ်၊ ဖြစ်ကင်းလွတ်သည်၊ မှတ်မှတ်ထွားထွား၊ ဆင်းနံ့အားဖြင့်၊ စား၍သီးသီး၊ သုံးမငြီးသာ၊ လုံးကြီးရွှေဝါ၊ ရသာနှစ်ပြည့်၊ ပင်ပေါ်မှည့်များကိုသာ၊ မှီခိုသုံးဆောင်ရာသကဲ့သို့၊ အမ္ဗဋ္ဌရသရက်ပင်မင်းနှင့်နှိုင်းယှဉ်အပ်သောကဗျာပင်မကြီးမှာလည်း၊ သဒ္ဒါပျက်၊ အနက်ဆို၊ ရိုးစင်းမအောင်၊ လေမအောင်၊ နေလောင်သိုးအိုက်၊ ဘိုးမထိုက်သော၊ ပိုးကိုက်လောက်စား၊ သို့စသောသစ်သီးများအလား၊ မခြားတူရွာ၊ ကဗ္ဗာကဗ္ဗိ၊ ကမ္ဘိကမ္ဘ၊ ကရဏာပတိတ်မိုလ်၊ လောင်းဆိုရုတ်ထုတ်ပဒုဋ္ဌါရ၊ ပဒပဒေဝ၊ အခြေမမြဲ-အနှစ်မထင်၊ အလင်္ကာရ၊ ဝိဘာဂ ဖြင့်၊ ပဒ၊ ဝါကျ၊ ဝါကျဇွဋ္ဌ၊ ဒေါသအပြစ်၊ ရှစ်နှင့်ကိုးခု၊ ခြောက်ထူရသား၊ ဟူသည်နှင့်အညီ၊ ဒုဋ္ဌအဒုဋ္ဌဘာဝီ၊ ဂုဏ်သီနှစ်မဲ့၊ စင်ဆိုဘွဲ့သော၊ ထိုကဲ့သို့ကဗျာများကို၊ တဝါးလေးသစ်မျှ၊ ရေးဖြစ်ခဲ့သည်ကိုလည်း၊ ဖြစ်မရှိဟူ၍ပင်၊ ထင်မိဘစကား၊ အစဉ်လာသော၊ ပညာရှိတို့၊ မနှစ်မြို့ကာ၊ မပျို့နှလုံး၊ မထုံးမနှောင်း၊ အနည်းငယ်မျှ၊ မသုံးမဆောင်မိစေဘဲ၊ ရင့်အောင့်ဝင်းဖန်၊ ဆင်းနံ့စုံစီ၊ ဂုဏ်သီနှစ်ပြည့်၊ ပင်ပေါ်မှည့်များကဲ့သို့၊ နှိုင်းယှဉ်စရာ၊ သဒ္ဒါလင်္ကာ၊ အတ္ထာသက်ဝရနှင့်ပြည့်စုံ၍၊ ဂုဏ်သီ၍ပြီး၊ ကဗျာသီးများကိုသာ သျှင်၊ မငြီးမငွေ၊ တာခြ•

မြေ့ပင်၊လွေ့လွေ့ရမ်းရမ်း၊ဖိတ်ဖိတ်လျှမ်းမျှ၊ ဝိတ်ဝမ်းထဲသို့၊ မှိုင်သုံးဆောင်နိုင်ကြပါစေကုန်သတည်း၊ ။ဟူ၍ ရှေးဆရာမြတ်တို့သည်၊ဥပမာတင်ဆောင်ဆော် မူကြသည်အတိုင်း၊ ကဗျာလင်္ကာသီကုံးစပ်ဆိုရာ၌၊ဒေါသအစရှိသောအပြစ်ခပ်သိမ်းမှ၊ ကင်းငြိမ်းကြစေရန်၊မည်ကဲ့သို့စပ်ဆိုက၊ မည်သည့်ဒေါသသင့်သည်၊ မည်သည့်ဒေါသသည်၊မည်သို့သဘောရှိသည်ဟူ၍၊ရှေးဆရာကောင်း ဆရာမြတ်တို့၏အလို၊အဆိုအမျိုးမျိုးနှင့်တိုက်ဆိုင်လျက်၊ ဥဒါဟရုဏ်အမျိုးမျိုးဆောင်၍ဆော်ပြပေတော့အံ့၊

## ဒေါသအကြောင်း။

ဒေါသ၊ ။ကဗျာလင်္ကာ ဖွဲ့နွဲ့ပြောဆို၊ သီကုံး စပ်ဟပ် ကြသောအခါ၊ပညာရှိကဝိပုဂ္ဂိုလ်မြတ်တို့၏သဘောအလိုနှင့် ဆန့်ကျင်၍၊မနှစ်သက်မကြည်ညိုဘွယ်အပြစ်သင့်ရောက်ခြင်းသည်၊ ဒေါသသင့်သည်မည်၏။

ဒေါသအပြား ၃ ပါးရှိ၏၊

(က)၊ ။ပဒဒေါသ၊ ။ပုဒ်၌ အပြစ်သင့်ရောက် ခြင်းသည်၊ ပဒဒေါသသင့်သည်မည်၏၊

(ခ)၊ ။ဝါကျဒေါသ၊ ။ဝါကျ၌ အပြစ်သင့်ရောက် ခြင်းသည်၊ဝါကျဒေါသသင့်သည်မည်၏၊

(ဂ)၊ ။ဝါကျတ္ထ ဒေါသ၊ ။ဝါကျ တခုလုံး [ဆိုလိုရင်း အဓိပ္ပါယ်]၏၊အပြစ်သင့်ရောက်ခြင်းသည်၊ ဝါကျတ္ထဒေါသသင့်သည် မည်၏၊

ပဒဒေါသရှစ်ပါး၊ဝါကျဒေါသကိုးပါး၊ ဝါကျတ္ထဒေါသဆယ့်ခြောက်ပါးတို့ကို၊ ဥဒါဟရုဏ်အမျိုးမျိုးဆောင်၍၊ အောက်၌ဆော်ပြထားသည်၊

## (က) ပဒဒေါသအစုစိတ်ပါးအကြောင်း။

(၁)။ ။ဝိရုဒ္ဓတ္ထရဒေါသ ။ပြောဆိုလိုရင်း။ ထိုစကားလိုရင်း အနက်အဓိပ္ပါယ်မရောက်၊ အခြားတပါးအဓိပ္ပါယ်ရှိသောပုဒ်သည် ဝိရုဒ္ဓတ္ထရဒေါသသင့်သည်မည်၏။

ပါဠိဥပမာ။ ။မေဃဝါ ဝိသဒေါ သုခေ ဇနံ။ ။ဝိသဒေါ ရေကိုပေးတတ်သော မေဃော မိုးလည်းသည်၊ ဇနံ လူအပေါင်းကို၊ သုခ ပေး ချမ်းသာစေနိုင်၏ဟုရာ၌ "ဝိသဒေါ" ဟူသောပုဒ်သည် "အဆိပ်ကိုပေးတတ်သော" ဟူ၍လည်း အနက်ပေးနိုင်သောကြောင့် "အဆိပ်ကိုးပေးတတ်သောမိုးလည်းသည် လူအပေါင်းကိုချမ်းသာစေနိုင်၏" ဟုအဓိပ္ပါယ်ပြန်၍ ဆိုလိုရင်းသို့မရောက်၊ အခြားတပါးအဓိပ္ပါယ်ရှိခြင်းကြောင့် ဝိရုဒ္ဓတ္ထရဒေါသသင့်၏။

မြန်မာဥပမာ။ ။ကျယ်လျှင်ကျားချ၊ ပဲ့လျှင် ဒဲ့လော့၊ နှံ့လျှင်ကားသတ်၊ ကျပ်လျှင်သတ်ပင်း၊ ချောင်လျှင်ထွင်းလော့၊ ဟူရာ၌ ကျယ်နေသည်ကိုတိုး၍ ချုံ့စေဦးမည်၊ အလိုရှိသည်သောကြောင့် ပဲ့နေသည်ကို တိုး၍ ပဲ့ရဦးမည်တည်းဖြင့် အဓိပ္ပါယ်အခြားရောက်နေ၍ ရင်းပုဒ် အသင်းအဓိတ္ထိသည်၊ ဝိရုဒ္ဓတ္ထရဒေါသသင့်ကြ၏။ ထိုနည်းတူစွာ လျှင်ကားတောင်း၊ သိလျှင်မေးဦး၊ မြွေးလျှင်ကားဖွတ်၊ နည်းကိုမှတ်လော့၊ ဟူသောပုဒ်တို့သည်လည်း ဝိရုဒ္ဓတ္ထရဒေါသသင့်ကြ၏။

(၂)။ ။အဝေဇ္ဇဒေါသ ။ထိုက်တန်သော ဂုဏ်ထက်ပိုမို၍ ချီးမွမ်းမြှောက်ပင့်ပြောဆိုဘဲရုံ့ချခြင်းကြောင့်၊ ကဲလွန်သောအနက်ရှိသောပုဒ်သည် အဝေဇ္ဇဒေါသသင့်သည်မည်၏။

ပါဠိဥပမာ။ ။ဩဃတရဏီ တော သေသသဗ္ဗဒေါသော ခရောတော ပံစိရ ဇနော။ အသေသသဗ္ဗဒေါသော၊ အကြွင်းမရှိသော ယဉ်ကျေးရှုလုံးကုံ၊ ဩဃဘဝ တော၊ ထွန်းလင်းနိုင်သော၊ အဃခရောတော၊ ညီကိုရန်ကြွေးသည်၊ ဝိရာဇနော ပလက်လက်သောကပ်ပြေ၏ဟူရာ၌ "အကြွင်းမရှိအရပ်ဆယ်မျက်နှာကိုထွန်းလင်းနိုင်သောမိုးရန်ကြွေးသည်တော်ပြေ၏" ဟူ

ရှမ်းပြည်၊ ပါရဂူ ဝိခနီးချိလည်း၊ ၊မတတ်လိမ္မာ၊ဖြင်နည်းစွာသား၊ ပညာမဲ့ တွန့်၊သူမိုက်ကျွန်ကို၊နှိုးဖွ ခန့်တရား၊ ပေါသတ္တည်ကြားလည်း၊ နွားနွားမသိ၊သုတ်နင့်ကြီးလျှင်၊ ဆိုမိုးအစောင်း၊ ဖြိုင်းခဲ့ပျောက်က၊ အနှောက်အား ရှုမတွေ့ကိမ္မာ၊ရှာသောင်ရဆွဲ၊ ဝဲ့ရှာခရွား၊ချုပ်ပျောက် ရှာကား၊ချမ်းသာမှန်လှိုင်း၊အသိုင်းမတဲ၊ ဘယ်ရှုစ်ဆုံ၊ ဟူရာ၌ "သုတ်နင့်ကြီး" ဟူသောပုဒ်၏အနက်ကို၊ "လူမိုက်ကိုနိုးဖွာခန့်တရား ပေါသလျှင်၊ တံသုတ်းလာက်ဖွဲ့နှင့် ကျီးဖျက်ကို ဖြသကဲ့သို့ရင်း" "သုတ်သုတ်မြန်မြန်ရှောင်ရှားသည်ဟူ၍ရင်း" ရှေ့ပုဒ်၏ဝိသေသနအဖွဲ့သား၍၊ "လေသုတ်အားကြီးသဖြင့်ဆိုမိုးပြိုသကဲ့သို့ဟူ၍ရင်း" အထွေထွေအပြားအပြား၊ အများပင်ကြံစည်ယူဆကြသည် ဖြစ်၍၊ အဓိပ္ပါယ် လိုရင်းကျအောင် ခဲခက်ပြိုဖြင့် သေချာကြွင့် "သုတ်နင့်ကြီး" ဟူသောပုဒ်သည်က်မှိန့်ဓါသသင့်၏၊

လိုရင်းအဓိပ္ပါယ်မှာ၊ ၊သုတသဒ္ဒါကို သုတ် ဝင်သည် လူမိုက်ကိုနှိုးဖွာခန့်တရားပေါလျှင်နွားနှင့်သည်၊ နွားဝိတ်၍ထားချင်မတတ် ဖြစ်သည်ဟုဆိုလိုသည်၊

(၄)၊ ၊ဒိဓရောဓိဓါသ ၊ဆန့်ကျင်ဘက်ဖြစ်အောင် စပ်ဆိုသောပုဒ်သည် ဗိဓရောဓိဓါသသင့်သည်မည်၏၊ ဝိရောဓိဓါသ ၆ ပါးရှိသည်၊

(က)၊ ၊ခေသဒိဓရောဓိဓါသ၊ အနုပ်းဓသအရောက်သုံး ခွဲ၍ပြောဆိုမြဲဟူဘ်၊ ပြောဆိုသုံးခွဲပုံ နေရာမကျ၊ဆန့် ကျင်သော အရာဟူသမျှသည်၊ ဒေသဝိရောဓိဓါသ သင့်သည်မည်၏၊

ဥပမာ၊ ၊တောင်ထိပ်၌ကြာပေါက်၏၊ အနောက်က နေထွက်၏၊ ခရစ်ပါယ်၊စကား ချူရှားပန်းတို့ပွင့်ကြ၏၊ လှန်းကြီးထမင်းစား၏ ရှင်ဘုရင်အိမ်၏၊တောည်ဖြင့်အ ရပ်ဒေသအရောက်၊ သုံးစွဲပြောဆိုပုံ ဆန့်ကျင်သမျှတို့ သည်၊ ဒေသဝိရောဓိဓါသသင့်ကြ၏၊

(ခ)။ ။ကာလဝိရောဓိဒေါသ။ ။အချိန်ကာလနှင့် ဆန့်ကျင်ဘက်ဖြစ်အောင်၊ သုံးစွဲပြောဆိုခြင်းသည်၊ ကာလဝိရောဓိဒေါသသင့်သည်မည်၏။

ဥပမာ။ ။မိုးဥတုမှာဆီးနှင်းကျသည်၊ ဆောင်းဥတုမှာမိုးကြီးသည်းထန်စွာရွာသည်၊ နွေဥတုလမှာကြာမျိုးပါးပါး ပွင့်သည်၊ စသည်ဖြင့်၊ အချိန်ကာလ အလျောက်ဖြစ်ပျက်သုံးစွဲ ပြောဆိုပုံ ဆန့်ကျင်သမျှတို့သည်၊ ကာလဝိရောဓိဒေါသသင့်ကြ၏။

(ဂ)။ ။ကုလဝိရောဓိဒေါသ။ ။တိုင်းမျိုးမှတ်မျိုး အစဉ်အလာများဆန့်ကျင်သောအရာဟူသမျှသည်၊ ကုလဝိရောဓိဒေါသသင့်သည်မည်၏။

ဥပမာ။ ။ရှင်ပြုနားထွင်း လက်ထပ်စသော မင်္ဂလာဆောင်ရာ၌၊ မျောက်မင်းအူသံတီးခြင်း၊ မသာချရာ၌ စည်တော်ရှမ်းသံတီးခြင်းစသည်တို့ဖြင့်၊ တိုင်းမျိုးမှတ်မျိုးအစဉ်အလာမှ ဆန့်ကျင်သမျှတို့သည် ကုလဝိရောဓိဒေါသသင့်ကြ၏။

(ဃ)။ ။ဒေသဝိရောဓိဒေါသ။ ။ဒေသ၏ဆန့်ကျင်ခြင်း၊ တိုင်းပြည်နိုင်ငံတို့၏ မတူမတန်ရာကိုပြဆိုခြင်းသည်၊ ဒေသဝိရောဓိဒေါသသင့်သည်မည်၏။

ဥပမာ။ ။နတ်လောကနှင့် လူ့လောက၊ တနိုင်ငံနှင့်တနိုင်ငံ၊ တတိုင်းပြည်နှင့်တတိုင်းပြည်၊ တမြို့နှင့်တမြို့၊ တရွာနှင့်တရွာ၊ စသည်ဖြင့်၊ မတူမတန်ရာကို ပြဆိုခြင်းအားဖြင့်ဆန့်ကျင်သော ဝါဒဟူသမျှတို့သည်၊ ဒေသဝိရောဓိဒေါသသင့်ကြ၏။

(င)။ ။ဥဒယဝိရောဓိဒေါသ။ ။အသင့်ယုတ္တိမရှိ၊ ဓမ္မတာသဘာဝနှင့်ဆန့်ကျင်ခြင်းကိုပြဆိုသောစကားသည်၊ ဥဒယဝိရောဓိဒေါသသင့်သည်မည်၏။

ဥပမာ။ ။မီးအေး၏၊ ရေပူ၏၊ ပျားရည်ချဉ်၏၊ သံပုရာသီး

ဓာသာဝိဓေသသ၊နှရကာ်ဂုဒ်သည်ပိုးရှိနဲ့ကြူး၊နှင့်မတန်ရ၊ သောကြောင့်'ပြောသ ဆိတာသောသဗ်ိသော''ဟူ သောဒုဒ်သည်အရျပြနေခါသသင့်၏၊

ဖြန်မာဉပမာ၊ ။ရွှေဝတ်ရွှေဆင်း ပြောင်ပြောင်ဝင်းသား၊ဒနံမင်းသက်ဗျှ၊နတ်ထက်ဟု၏၊ဟူ၍ရှင်း၊လူထက်မက၊နတ်ထက်ဟု၏၊ဟူ၍ရှင်း၊နတ်သက်နှင့်ဗျှနတ်မကတည်း၊ဟူ၍ရှင်း၊အဲလောင်းမင်းတရားတော်၊ ဆင်ဖြူမှုဒွှရှင်ရှင်သွေး၊ မောင်တော်လှယ ဉ်ကျေး၊ ဂေါတမမြေး၊ဟူ၍ရှင်း၊ဆိုက်တန့်သော ဂုဏ်ထက်ပိုမိုကဲလွန်ချီးပင့်ပေါ်ဆိုသဖွဲ့သောပုဒ်တို့သည်၊အရျပြုံးခါသသင့်ကြ၏၊

(၃)၊ ။ဇင်္ဂ္ဂမှုဒေါသ။ ။အများပြောဆိုသိကုံးမြဲမဟုတ်သောထပ်မြှုပ်ကွယ်ဖွက်သောသဘာသာ ဝေါဟာရများကို၊ ရှာရှာဖွေဖွေကြံစည်တည့်သွင်း၊ သိကုံးပြောဆိုခြင်းကြောင့်၊ သိခက်သော၊ပုဒ်သည်ကိုပြုအပ်ါသသင့်သည်မည်၏၊

ဥပမာ၊ ။ပလိုင်စားချင်း၌၊ ။''သတ်နှင့်ရှေ့ဒ်၊ မယုတ်ချောက်ခါ၊ သဏ္ဍရာဝယ်'' ဟူသောစကား၌၊ ရှုဒ်ဟူသောစကားသည်ဆယ့်တခုပေတဖြစ်သည်၊ ရှုဒ်ဟူသောသဏ္ဍရ ဘသာသကိုရှုဒ်ဟုစပ်ဆိုသည်၊ထိုရှုဒ်သည်၌သည်ဆယ့်ဘုံမျိုးရှိသော ပဏ္ဏဓေဝတာကိုပေါဒနိုင်းသဒ်ဘသာအားဖြင့်၊ ငုင်းနတ်ဆယ့်ဘုံမျိုးကိုခွဲ၍၊ ဘဆယ့်တခုယူသည်၊ ဤရှုဒ်ဟူသောပုဒ်သည်၊ ရှေးမှို့ပေါင်း၊သတ်ပုံပေါင်းများမှာ၊ပသတ်ဖြစ်မည်၊ တသတ်ဖြစ်မည်ဟုသန္ဓါ ရေးနည်းအားဖြင့်ဝေဘန်၍ အသိခက်သောကြောင့်ရှုဒ်ဟူသောပုဒ်သည်ကိုပြုအပ်ါသသင့်၏၊

ဝေယ်ဉာဉ်းဘုံ၊နတ်မင်း၊တို့ဝယ်၊ရှင်းရှင်းပယ်၏၊ဟူသောစကား၌''အုင်ကြွင်''ဟုသိလွယ်အောင်မဆိုဘဲ၊''ဝေယ်ဉာဉ်း''ဟု သိခက်အောင်ဆိုသောကြောင့်ရှင်း၊ ဆင်ပြောင်ကိုင်း၊ကွယ်ဖွက်ချင်၍၊မမြင်စေလှည့်၊မန်းဖုံး၏၊ဘို၊ဟူသောစကား၌''ငကာ''ဟု သိလွယ်အောင်မဆိုဘဲ၊ ''မန်း''ဟုသိခက်အောင်ဆိုသောကြောင့်၊ ထိုပုဒ်တို့သည်၊ကိုပြုအပ်ါသသင့်ကြ၏၊

ချို၍၊ယုန်ခွံဦးချိုပေါက်၍၊လိပ်ခွံအမွေးရှိ၍၊စသည်ဖြင့်
ပြောဆိုစပ်ဟပ်သော ပုဒ်တို့သည်၊ ဉာယဝိရောဓိဒေါ
သသင့်ကြ၏၊

(၈)၊ ။အာဂမဝိရောဓိဒေါသ၊ ။ပိဋကတ်အာဂုံပါဠိတော်
တို့နှင့်ဆန့်ကျင်သောပုဒ်သည်၊ အာဂမဝိရောဓိဒေါသ
သင့်သည်မည်၏၊

ဥပမာ၊ ။အိပ်ခြင်း၊ ငိုက်ခြင်း၊ စသောသမိဒ္ဓသဘော
သည်၊သစ်ပင်တို့၌ရှိသောကြောင့် နာမ်သဘောမဟုတ်
ရုပ်သဘောသာဖြစ်သည်၊ အနက်ခဲသဘော်မှ ဘဝင်
ရောက်သည်၊စသည်အားဖြင့်အဘိဓမ်ပါဠိတော်တရား
တော်တို့နှင့်ဆန့်ကျင်သောပုဒ်ဟူသမျှသည်၊ အာဂမဝိ
ရောဓိဒေါသသင့်ကြ၏၊

(၇)၊ ။နေယျဒေါသ၊ ။သူတပါးမသိနိုင်အောင်၊ ငဲ့ကွက်
လှို့ဝှက်၍၊ရေးစပ်ပြောဆိုခြင်းကြောင့်၊ တခြားအဓိပ္ပါယ်ကို၊ ယူ
ဆောင်ဖြည့်စွက်မှ၊အဓိပ္ပါယ်ကိုသိနိုင်သောပုဒ်သည်၊နေယျဒေါသ
သင့်သည်မည်၏၊

ဥပမာ၊ ။ရိုးယိုးနတ် ကျွန်းဝင်၊ သက်တူကြိမ်နှင့်၊ တူပင်ရှဲ
လျက်၊ တောင်ထိပ်သက်ဝယ်၊ ရုံခက်မကွာ၊ အိပ်သောခါချွင်း၊
စကြာလက်နက်၊ယူဇက်သပါး၊ နှောင်ချိုင့်ထားသော်၊ ။ဟူရာ
၌၊"စကြာလက်နက်၊ယူဇက်တပါး၊ နှောင်ချိုင့်ထားသော်" ဟူ၍
သာဆိုသည်၊မည်သူ့ဇက်သားကြောင်းမဆိုသဖြင့်၊ ဘီလူးဟုသော
ပုဒ်တပါးကိုဆောင်ယူဖြည့်စွက်မှ၊အဓိပ္ပါယ်ပေါ်သောကြောင့်၊ နေ
ယျဒေါသသင့်၏၊

ညည်းအခါ၌၊ဖြူကုန်သောအရပ်ဆယ်မျက်နှာတို့သည်၊တောက်
ပတုန်၏ဟူရာ၌ "ဒိ ဖြူရောင်" သို့မဟုတ် "လရောင်" တစုံတခုကို
ဖြည့်စွက်ပေးမှ၊ အနက်အဓိပ္ပါယ်ပေါ်မည်ဖြစ်သောကြောင့်၊နေယျ
ဒေါသသင့်၏၊

ကြောင်ကဲ့သို့ကျင့်လော၊ ဗျောင်ကဲ့သို့ကျင့်လောဟူရာ၌၊ ကြောင်

နှင့်ညောင်းပါဟူသောစကားဘို့တွင်၊ ပုဒ်ဘာ၊ါးကိုဆောင်ယူဖြည့်စွက်မှ၊အဓိပ္ပါယ်ပေါ်မည်ဖြစ်သောကြောင့်၊နေယူဒေါသသင့်၏။

အထက်ပါစကားသည်၊ သက္ကရာဇ် ၇၃၀ ခုနှစ်တွင် အဝနန်းတက်တော်မူသော၊ မင်းကြီးစွာစော်ကဲထက်တော်၊ ပညာရှိရည်းတဖြစ်အမတ်သည်၊ ရေးခိုင်ပြည်ကိုသွားခုလာပ့်သော၊ တလိုင်စား၊ စာမည်းအာမှ၊ လိုက်သောစကားဖြစ်၏၊ အဓိပ္ပါယ်မှာ၊ ၊ ကြောင်တို့သည်မိမိတို့၏ကက်ချွန်သောလက်သည်းကို၊ အစည်သဖြင့်ဖျို့ဝှက်ကြ၍၊ အသုံးပြုခုန့်သောအခါ၌သာ၊ ပြတိသကဲ့သို့၊ မင်းတို့မည်သည်လည်း၊အာဏာသ၊အစမာန်ကိုဖျို့ဝှက်နိုင်ကြရမည်၊ညောင်ပင်ကြီးတို့သည်၊ရာသဥတုဝါ၊ ကျေးငှက်တိရစ္ဆာန်အပေါင်းတို့ကောင်းစွာမှီခိုနိုင်ကြဘိသကဲ့သို့မင်းတို့အားလည်း၊ပြည်သူပြည်သားတို့သည်၊ကောင်းစွာမှီခိုနိုင်အောင်ကျွေးကြရမည်၊ ဟူသောသဘောအဓိပ္ပါယ်မျိုးရှိသည်၊

(၄)။ ၊ဝိဓေသသနပက္ခဒေါသ ၊ဝိဓေသသနပုဒ်ပါမှ၊ လိုရင်းအဓိပ္ပါယ်ပြည့်စုံနိုင်မည့်အရာ၌၊ ဝိသေသနပုဒ်မပါဘဲ ဆိုခြင်းကြောင့်၊ ဝိသေသနပုဒ်ကိုငဲ့သောပုဒ်သည်၊ ဝိသေသနပက္ခဒေါသသင့်သည်မည်၏။

ဥပမာ၊ ၊ကျောင်းခွင်းသင်း၊ပါဠိသန့်မထိမ်းများကို၊ထွေပြားမျက်စိ၊မြင်သည်ရှိသော်၊အမွှးမိဘဲပြုပါဘိမူကား၊ဟူရာ၌၊ "မြင်သည်ရှိသော်"ဟုဆိုလျှင်ပင်၊ မျက်စိဖြင့်မြင်သောကြောင့်ကြောင်းလျက်၊ "မျက်စိ"ကိုထုတ်ဆောင်၍ဆိုခြင်းသည်၊အကျိုးမရှိချေ၊ အကယ်၍၊ မျက်စိကို၊ထုတ်ဆောင်ထည့်သွင်းလိုလျှင်၊ "ညိုးငယ်သော" သို့မဟုတ်"ရွှင်လန်းသော" ဟူ၍ထရာသောဝိသေသနပုဒ်ကိုထည့်ဆိုမှသာ အကျိုးရှိမည်ဖြစ်သောကြောင့်၊"ထွေပြားမျက်စိ၊ မြင်သည်ရှိသော်"ဟူသောပုဒ်သည်၊ဝိသေသနပက္ခဒေါသသင့်၏၊

သူသည်၊သူ့ကို၊မျက်စိဖြင့်စေ့စေ့ကြည့်၏၊ဟူရာ၌သည်း၊ ထိုနည်းတူ၊ "မုန်းသောမျက်နှာ" သို့မဟုတ် "ချစ်ခင်သောမျက်နှာ" စသည်ဖြင့်ဝိသေသနပုဒ်တခုခုကိုဖြည့်စွက်မှ၊အဓိပ္ပါယ်သေချာမည်

ဖြစ်သောကြောင့်၊ "မျက်စိဖြင့်ရှုစေ ကြည့်၏" ဟူသောပုဒ်သည်၊ သနုပက္ခဒေါသသင့်၏၊

အမြောက်ဆံပေးလိုက်ပါဟူရာ၌၊ အမြောက်၏ ပမာဏဖြစ်သောဝိသေသသနုပုဒ်မပါသဖြင့်ရှင်းသည်၊ အမြောက်ဆံ၏ ငယ်ကြီးအသိပမာဏကိုမသိနိုင်ခြင်းကြောင့် ဝိသေသသနုပက္ခဒေါသသင့်၏၊

"ဘင်းဆီးမမိသောဆောင်းတမ်းကစားရာပါ-ကိရိယာများကို ရုံးတော်ရှေ့တွင်ဖျက်ဆီးရမည်၊" ဟူသောဥပဒေအတိုင်း၊ နွားချင်း အခွဲ့ပြိုင်၍လောင်းတမ်း ကစားရာတွင်ဘင်းဆီးရမိသော နွားများကိုရင်း၊ ကြက်တိုက်ရာ၌ ဘင်းဆီးရမိသောကြက်များကိုရင်း၊ ရုံးတော်ရှေ့တွင်သတ်ဖြတ်ဖျက်ဆီးဘူးရချေသည်၊ ဤကဲ့သို့ပုဒ်ရခြင်းမှာ "သက်ရှိ" "သက်မဲ့" ဟူ၍ ဝိသေသသနုပုဒ်မပါခြင်းကြောင့်ပင်ဖြစ်၏သို့ကြောင့်၊ "လောင်းတမ်းကစားရာပါကိရိယာများ" ဟူသောပုဒ်သည်၊ ဝိသေသသနုပက္ခဒေါသသင့်၏၊

(၇) ။ ဟီနတ္တကဒေါသ ။ ဂုဏ်ရှိသောလောက်မရှိ မွမ်းထတ်၍၊ ချီးမွမ်းခြင်းကြောင့်၊ ဂုဏ်ယုတ်လျော့သော ပုဒ်သည်၊ ဟီနတ္တကဒေါသသင့်သည်မည်၏၊

ဥပမာ၊ ။ ဒရယ်၊ ယုန်၊ ကြောင်၊ တွေ့တိုင်းအောင်သည်၊ တောတောင်သေ့နှင်းခြင်္သေ့မင်း၊ ဟူရာ၌ တောသုံးတောင်ကိုအစိုးရသောခြင်္သေ့မင်းသည်သားကြီးတို့ကိုသော်မှလည်းနိုင်နင်းနိုင်သောစွမ်းပကားရှိသည်ကို၊ သေးငယ်သောယုန်၊ ဒရယ်တို့ကိုတွေ့တိုင်းအောင်မြင်နိုင်သည်ဟုချီးမွမ်းခြင်းသည်၊ ချီးမွမ်းခြင်းကြောင့်ဂုဏ်ယုတ်လျော့စေသဖြင့်၊ ဟီနတ္တကဒေါသသင့်၏၊

ပိုးစုန်းကြူးအရောင်ကို ပယ်ဖျောက်နိုင်သော နေမင်းသည်တက်၏၊ဟူရာ၌ လရောင်၊ ကြယ်ရောင်၊ မီးရောင်အစရှိသောကြီးမားသောအရောင်တို့ကိုသော်မှ ပယ်ဖျောက်နိုင်သောနေမင်းဖြစ်ပါလျက်၊ အလွန်သေးငယ်လှသည့်ပိုးစုန်းကြူး အရောင်ကိုပယ်ဖျောက်နိုင်၏ဟုချီးမွမ်းခြင်းသည်၊ ချီးမွမ်းခြင်းကြောင့်ဂုဏ်ယုတ်လျော့စေသဖြင့် ဟီနတ္တကဒေါသသင့်၏၊

နှင်းခြင်း မါရဲ့ဒိခနိုးမျိုး ဥဒေသည်း၊ လှုဝင်လှုသနှံ၊ မာနိဖြင့် ကျွန်းချက် ခြတ်မှန်းမသိ၊ ရှင်မှုနှံအသေ ငြစ်မှားရှေးပြီး၊ စားမှုးမှုးဝယ် ဘီးလှုးအသဥ္ဇာဝကာ ဇှုချိရသော၊ အသဥ္ဇာဝကာရွာလေး၊ မင်း၏သားချင် ဟူရာ၌ "အသဥ္ဇာဝကာရွာလေး" ဟူသောပုဒ်သည်၊ မင်း၏သားနှင့် တန်းယှတ်နိုင်သော ကြောင့် ချီးမွမ်းခြင်းကြောင့် ဂုဏ်ယှတ်လျှော့သဖြင့် ပ အိန္ဒြကာဒေါသသင့်၏။

နှင်းခြင်း၊ ဖိုးစဉ်းရေွှေပင်ပေါ်၊ ရွှေထင်ထယ်နှင့်တာအွှကာနွာ၊ ပေါ်ကြီးရွာကာ ဟူရာ၌လည်း "ဖိုးစဉ်းရေွှေပေါ်၊ ရွှေထင်ထင်" ဟူသောပုဒ် သည် သမ္ဘာနွာ၏ဂုဏ်ကို ယုတ်လျှော့စေသဖြင့် ပ အိန္ဒြကာဒေါသ သင့်၏။

(၁) အနုပ္ပြကာဒေါသ ထောက်ချေးရှုကာခန့်ရှုံ့လုံးပိုထည့် သွင်းရှုံ၊ အနက်အာရ်မှုပါဝင်မရှိသောပုဒ်သည်၊ အနုပ္ပြကာဒေါသသင့် သည်မည်၏။

ဥပမာ၊ ဆုတောင်းခန်းတွင်၊ မင်းနှင့်ဝဏ္ဏားမ၊ သူကြွယ်သ ချင်းတိုးမှုးညွှန်၊ ထုပြောစွာသား၊ မဟာသာသော၊ တွင်ထအမည်၊ သုံးပါးတည်၍၊ အုပ်ည်အပင်၊ တိုပြည်တွင်၌ တိုးစဉ်ဘောင်မှာက်၊ ဘောင်ထက်ကာ ဟူရာ၌ တိုးနှင့်ဘေးအကြားတွင်ဘောင်ဟူ၍ အ ခြားမရှိ ပုဒ်ပြည့်ရုံထည့်သွင်းသောကြောင့်၊ ထိုဘောင်ဟူသောသဒ္ဒါ သည်၊ အနုပ္ပြကာဒေါသသင့်၏။

ခြောက်ခါးပင်ဂါထောင်ဂါထာတည်း၊ ဟူရာ၌လည်း၊ ဂါထောင် ၌ အနက်ထူးမရှိပုဒ်ပြည့်ရုံထည့်သွင်းသောကြောင့်၊ ဂါထောင်ဟူ သောသဒ္ဒါသည်၊ အနုပ္ပြကာဒေါသသင့်၏။

မဇ္ဈေဒေါသရှစ်ပါးအကျဉ်း မှတ်ရန်တေးထပ်ကြိုး၊

ဝိရုဒ္ဓဟွန်–ဒေါသများ။ အနက်တပါး–ထင်သည်၊ တကဲကြွေး ရှိ–ဂုဏ်မြောက်ချဲ့ချင်၊ အရှက်မည်နာမ။ ၊အပြစ်ရေး ငင်ဖို့မှာ ဥာ၊ ထိမ်မြင့်စွာ–ရေးစီမြဲ ။ ၊ဝိရောဓိ–လွန်ဆန့်ကျင်သည်၊ လျို့ဖွက်လျှင်–နေသူ၊ ၊ဝိသေသနာ–ပကျွမှာတော့၊ ဝိသေသန– ချို့ရှာ၊ ၊ပုဒ်ခုင်းမှာ–အပြပ်ရေးရယ်ကြောင့်၊ မေဓတဲ–ဆိုရဖြန့် တော့မှာ၊ ၊ပဒ်န္တကြ–ဒေါသမှာ ချို့မွမ်းရာ–ဂုဏ်ရှေ့ပါလို့၊အ နက်မဲ့ ယက်ဘချောမုန့်ချေးငင်တဲ့ဟန်၊ ၊ဤကဲ့သို့–ရှိခဲ့ဖြန့်လျှင်၊ တွင်မည်မှန် အနေ့ကြကပေပလေး၊ ၊

## (၈) ဝါကျဒေါသအကြောင်း၊

(၁)၊ ၊ကေ့ကျူခဒေါသ (ဝါ) ပုနရုတ္တိဒေါသ၊ ၊သဒ္ဒါအားဖြင့် ၎င်း၊ အနက်အားဖြင့်၎င်း၊ ပြန်ဆိုပြီးသည်ကိုဝါကျတွင်အကျိုးမရှိဘဲ အထပ်ထပ်ဖြန့်ခြင်းသည် ကေ့ကျူ (ဝါ) ပုနရုတ္တိဒေါသသင့်သည် မည်၏၊

ဥပမာ ၁၊ ၊နွဲ့တိစဉ်ပါယ်ကိုးနှာ ဝယ်သို့ပင်၊ ခုခုသင်ချို၊အိပ် ရှင်မွေးမြီးခေါ်မိသည့်၊ဟူချင်ဆိုရာ၌ တပိုင်မှု ခြားသေးဘဲ "မြ" ထပ်ကာဝင်ဆိုသောကြောင့် ကေ့ကျူဒေါသသင့်၏၊ မြောင်းရှိ ညိုးမြန်းစစ်တဲခန်းဝယ်လွှဲမြန်းတသူ၊ အာဂုသ်သူဘွင်နေ့ခက် တူသည်၌မခင်ကြိုက်သိမ့်၊ဟူချင်ဆိုရာ၌သည်း၊နှစ်ပါဒမခြားမီ (တပ်ဒခြားရုံမျှနှင့်) "မြန်း" ထပ်ကာဝင်ဆိုသောကြောင့်ကေ့ကျူဒေါ သသင့်၏၊

မှတ်ချက်၊ ၊ချို့ကဗျာထက်ဘဝင်ဆိုရာ၌၊ နှင်ပိုဒ်မခြားမီ သင်၍ ဝင်ဆိုသောရန်သည်၊ အကျွရာချင်းတူ၍အနက်ကွဲလျှင်၊ သို့တည်းမ

ဟုဘာ၊ အနက်ချင်းတူ၍အကြွေရာကွဲလျှင်၊ များစွာမပြောသောက်ချေ၊ အကြွေရာရောအနက်ပါတူညီခဲ့ချေသော် ကြေ့ဒေါသကြီးသင့်သည် ဟုမှတ်အပ်၏။

ဥပမာ ၂။ ။မျောက်သားငယ်မှိုး၊ ဇနီးကျွမ်းဝင်၊ ဆွေ့အိမ်ရှင်ကိုဟုရာ၌ မျောက်သားလည်းမယား၊ ဇနီးလည်းမယား၊ အိမ်ရှင်လည်းမယား၊ ဤကဲ့သို့အနက်တူအထပ်ထပ် ပေါ်ဆိုသောကြောင့် ကြေ့ဒေါသသင့်၏။

ဝုဂ်မြို့ကျေးသက်များမှာ ကျောက်တုံးကို " နောက်ကျော" ဟုခေါ်သည်၊ ဟုရာ၌၊ ရှေ့ကနောက်သော ကျောဟူ၍မရှိသောကြောင့် ဝှင်းသည်ကြေ့ဒေါသသင့်၏၊

ကြွက်ခွားတိရစ္ဆာန်ဆရာဝန်ဟုရာ၌လည်း၊ တိရစ္ဆာန်မဟုတ်သော ကြွက်ခွားဟုမရှိသဖြင့်၊ တိရစ္ဆာန်ဟူ၍ ထည့်ခြင်းသည် အကျိုးမရှိ၊ ကြေ့ဒေါသသင့်၏၊ တိရစ္ဆာန်ဟူသမျှကိုကုလျှင် တိရစ္ဆာန်ကုဆရာဝန်ဟူ၍ရင်း၊ ကြွက်နှင့်ခွားကိုသာ ကုလျှင် ကြွက်ခွားကုဆရာဝန်ဟူ၍ ရင်း ရေးလျှင်ပင် အဓိပ္ပါယ်လုံလောက်ပေပြီ၊

သို့ရာတွင်၊ အဓိပ္ပါယ် တူအမည်ပရိယာယ်များကိုထည့်သွင်း၍ ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟောဒေသက်၊ ဆံနွယ်ပေါက်သားဟူ၍ ရင်း၊ အာကာသသဝယ်၊ နဘောဝေဝှေ့၊ လသိုးငါသား ဟူ၍ရင်း၊ သစ်သီးဝသံ၊ ပန်းမာလ်ဖိမ်ဟူ၍ရင်း၊ ဘုရားဗုဒ္ဓ၊ စကားဝစီ၊ သူတော်သူမြတ်၊ ရဟန်းသင်္ဃာ၊ ရာထူးဌာနန္တရ၊ ဩဇာအဏာ စသည် ဖြင့်ဆိုခြင်းသည်ရင်း၊ စကားဘိုတေကားမ ပေါ်ဟာင်ပြောဆို ရေးသား သော စကားများ ဖြစ်ကြ၍ ကြေ့ဒေါသ မသင့် ရောက်ဟု မှတ်ရာ၏၊

(၂)၊ ။ဘဂ္ဂနီတိဒေါသ ။လူတိုင်းသွားမြဲလာမြဲလမ်းကို "နီတိ" ဟူ၍ခေါ်ဆိုလေသည်၊ ဤနီတိ ပျက်သော ဝါကျ ကဗျာ လင်္ကာတို့ရှိသည် ဘဂ္ဂနီတိဒေါသသင့်သည်မည်၏၊

ဤအရာ၌ဥပမာကို အလေးပြရန်မလိုတော့ပြီ၊ မြို့ဂ ကဗျာလင်္ကာ သီချင်းလေးသည်တို့၌ သီကုံးရေးသားမြဲ ရည်းကမ်းဥပဒေနှင့် ချည်း

ဖြစ်၍ ရင်းစည်းကမ်းနည်းလမ်းဥပဒေနှင့်မညီညွတ်သော အာရုဟူ မှုသည်။ဘဂ္ဂရိတိဒေါသသင့်ကြ၏။

ရင်းဖြင့် ဘယ်နံ့ရောခါ၊ ဘယ်ရွာမြေရိုးလား၊ တို့ရွှေမျိုးသည်၊ ကောင်းကျိုးရည်ငံ၊ ထွန်းပန်းဆီ၍၊ တရံတခါ၊ ဖြစ်ဘူးသနည်း၊ ဟုရာ၍၊ "ဘယ်" ဟူသောစကားကို၊ ဘယ်နံ့၊ ဘယ်ရွာ ဘယ်ရွှေဟူ၍ သုံးချက်လုံးညီအောင်မဆိုသဖြင့်၊ ဆိုရိုးဝါကျအစဉ်ကျိုးပျက်သော ကြောင့်ဘဂ္ဂရိတိဒေါသသင့်၏။

"သည်တိုင်းမြို့၊ ဤသည်မြို့နှင့်၊ ငါတို့နေရာ၊ ထိုရပ်ရွာနှင့်" ဟုရာ၍လည်းဆိုရိုးဝါကျအစဉ်ကျိုးပျက်သောကြောင့် ဘဂ္ဂရိတိဒေါသ သင့်၏။

(၃)၊ ဗျာကိဏ္ဏဒေါသ၊ ၊စပ်၍အဓိပ္ပါယ်ယူရန် ဖြစ်သော ပုဒ်ချင်းကိုဝေးဝေး၊ မပေါ်သင့်သောပုဒ်ချင်းကို နီးနီးထား၍ သိကုံး ခြင်းကြောင့် ရောမွှန်းရှုပ်ထွေးသောဝါကျသည်၊ ဗျာကိဏ္ဏဒေါသ သင့်၏။

ဥပမာ၊ ၊ဗြဟ္မာနာဒ၊ ရွှေသိင်္ဃနှင့်၊ နဝရတနာ၊ ခေပ်ပြာခဲမ၊ ကြိုင်ရွှေ စသည်၊ လောကဘာဝသာ၊ ဆင်ရောလည်း၊ တန်ခသမကောင်း၊ ချောင် ဆင်းဖြူထွေး မိန်းမလှသို့၊ ဂုဏအရာ၊ သုံးဖြာပိဋကတ်၊ အလွှတ်သိမြင်၊ ဗေဒင်ဗျာကရိုဏ်၊ သီသိရောတု၊ ပြောမှုထုံးပုံ၊ စသည်ဖြင့်၊ အနီးထားသင့် သည်၊ အဝေးထားသင့်သည်ဟု မဆင်ခြင်ဘဲ၊ ရောမွှန်းရှုပ်ထွေး အောင်စပ်ဆိုသောကြောင့်၊ ဗျာကိဏ္ဏဒေါသ သင့်၏။

ရင်းဖြင့်ရွှန်းလှာဒေရိပေမညီသောအဆင့်ရတိဒေါ်သည်း၊ ၊ဘုရားတ ရား၊ ပြဒါးသယ်၊ ဤလေးဖြာကို၊ မကွာနှံ့၍၊ ဝါရိဏာဖြင့်၊ အတ္တအနက်၊ လွန်သိလာကိသည်၏အဖြစ်ငင်း၊ ဟူ၍ဘုရားတရားသံဃာဟု၊ အစဉ် အတိုင်းနီးနီးထား၍ မပေါ်ဆိုဘဲ၊ ဝေးဝေးထားသင့်သော ပြဒါးကို၊ တရားနှင့်သံဃာကြားမှာထည့်သွင်းစပ်ဆိုသဖြင့်၊ ရောမွှန်းရှုပ်ထွေး သောကြောင့်ဗျာကိဏ္ဏဒေါသ သင့်၏။

(၄)၊ ဂေါဠဒေါသ၊ ၊မနှူးမည်း မသန့်ရှင်း၊ ချစ်ဘွယ်မှ

ကင်းအောင် ရိုင်းဖိုင်းကြမ်းတမ်းသော စကားတို့ဖြင့် စပ်ဆိုအပ်သော ဝါကျသည်၊ဂါမ္မဒေါသ သင့်သည်မည်၏။

ဥပမာ၊ ၊သင်အမျိုးကိုမျိုးမသုတ်ပါ၊ကြိုက်ချစ်ပါလျက်၊ သစာကြွင့်ပင်၊ဝါကိုသင်ဘ၊ ခင်မင်နှစ်မြို့ကြိုက်၊ မကြိုက်သနည်း၊ ဟူရာ၌၊ ရိုင်းဖိုင်းကြမ်းတမ်းသော စကားများ ပါရှိသောကြောင့်၊ ဂါမ္မဒေါသသင့်၏၊ ရင်းပြင်၊ ဦးပုညခေဠုဘခေ၌၊ ဖြိုဖြိုဝါဝါ၊ ဖြု ဖြာစိမ်းစိမ်း၊အွန့်သာရင်မှာလိမ်း၍၊ဝိန်းဂိုက်၍လာသော၊ ဇ၊က ချန်,ချန်၊ နှင်းနှင်ဂု ဒိုင်ထွာကို၊ ပလာပင်ယားထား ဟူရာ၌လည်း၊ ထိုနည်းတူ၊ရိုင်းဖိုင်းကြမ်းတမ်းသော စကားများ ပါရှိသောကြောင့်၊ ဂါမ္မဒေါသသင့်၏။

ထိုနည်းတူ၊ဦးပုညအဗွသဘော်ပဒါဒက်နိုးရကန်၌လည်း၊ ၊ကာမအာရုံ၊ကိလေစိတ်၊တရုလပ်ကြီး၊မှန်ယိုစီး၍၊ချောင်းရိုး၊ရေကျက်ရက်နောက်ပိုးတက်သောကြောင့်၊ အရက်လည်းရေ၊ နှလည်း ကျတတ်သည်၊ ဟောသာဝေတာထိုက်ကြောင့်၊ဟူ၍ ရိုင်းဖိုင်းကြမ်းတမ်းစွာစပ်ဆိုသောကြောင့်၊ဂါမ္မဒေါသသင့်၏။

(၅)။ ၊ယတိဟိနဒေါသ၊ ၊ရပ်သင့်ဖြတ်သင့်သော နေရာ၌၊ မရပ်မဖြတ်နိုင်အောင်စပ်ဆိုသီကုံးသော ဝါကျသည်၊ ယတိဟိနဒေါသသင့်သည်မည်၏။

ဥပမာ၊ ၊အထွတ်ရှင်ပင်၊မယှဉ်စေလို၊ ရှိသောဆို၏၊ ဟူရာ၌၊ မယှဉ်စေလို၊ ရှိ၍ဟု ဖြတ်သင့်လျက်၊ ရှိသောဆို၏ဟူ၊မသင့်မလျော်ဖြတ်ဆိုခြင်းကြောင့်၊ယတိဟိနဒေါသသင့်၏။ ထိုနည်းတူ၊ ၊ကိုယ်လည်းစီရင်၊နတ်ရှင်ဘုရား၊လည်းသနားမှ၊ မျှော်ပါးမွေ့သိမ်၊ ချမ်းသာငြိမ်အုံ၊ ဟူ၍ရင်း၊ ၊အကြင်မြတ်စွာဘုရားမှလျှင်၊ မေတ္တာတော်ရေး၊ လည်းပြုံး ရွှေ၏၊ ရွှေဥသာ်ဆောင် ရောင်၊ လည်းထွန်းပြောင်၏၊ဘုန်းခေါင်ထိုမြတ်စွာဥကြင်ကိုရိုသွတ်မြတ်နိုး၊ ကျွန်ရှိခိုး၏၊ ဟူ၍ရင်း၊ ရပ်သင့်ဖြတ်သင့်သော နေရာတို့၌ မရပ်မဖြတ်နိုင်အောင် စပ်ဆိုသီကုံးအပ်သော ဝါကျတို့သည်၊ ယတိဟိနဒေါသသင့်ကြ၏။

ထိုရာတွင်၊ စာဆိုမွှေသာရေမျိုး ဒ္ဓိ၊ ။ကျောင်းကြီးဗိသန်၊ ဇေတဝန်ရှိ၊ မြတ်မွန်နေတော်၊ မှုသရေခေါ်ဘည့်၊ ဟူ၍စပ်ဆိုခြင်းမှာမူ၊ ပတိဟိန္ဒေါသမသင့်ချေ၊ အဘယ်ကြောင့်ဆိုသော်၊ "မြတ်စွာဘုရားသခင်သည်နေတော်မူသောအခါ" ဟူသောစကားကို၊ လေးလုံးတပိုဒ်ရှုဖြင့်မပြီးဖြတ်နိုင်၊ အကျွံရှုများသောကြောင့်ပင်တည်း။

(၆)၊ ။ကမ္ဗုတာဒေါသ။ ။လောက၌ အယုတ် အသတ် အမြတ်၊ အကြီး အငယ်၊ အများ အနည်းစသည်အားဖြင့် အစဉ်အတိုင်း ပြောသင့် စီကုံးသင့်သောအစဉ်မှ၊ ချွတ်ယွင်းသော ဝါကျသည်၊ ကမ္ဗုတာဒေါသသင့်သည်မည်၏။

ဥပမာ။ ။အကျွန်ုပ်အား ကောင်းမွန်သောလယ်ကိုရင်း။ ရွာကိုရင်း၊ မြို့ကိုရင်း ပေးပါလော့၊ ဟူရာ၌၊ တောင်းသောသူတို့မည်သည်၊ "ရေကူးညာတင်စကားမျိုး ကဲ့သို့" များမြတ်ရာကိုရှေးဦးတောင်း၍၊ မပေးနိုင်မှ၊ တဖြည်းဖြည်းယုတ်လျော့ကာ တောင်းမြဲဖြစ်ပါလျက်၊ ယုတ်နိမ့်ရာက၊ များမြတ်ရာသို့တောင်းသောကြောင့်၊ မလိမ္မာသူတို့ တောင်းနည်းဖြစ်၍ အနုဘ်အစဉ် အတိုင်းမှ ပျက်ခြင်းကြောင့်၊ ကမ္ဗုတာဒေါသသင့်၏။

ရင်းပြင်။ ။ရှင်ချစ်ချွေးမ၊ မိဘသောင်ရွှေ၊ မျိုးဆွေသိသူ၊ လူလည်းမမြင်၊ ပေးလျှင်တရုံ့ ခေါက်၊ တသောသောကမ်မဲ့ နောင်၊ ငွေစောင်ကိုရီ၊ ဝေးလေဘိခြင်း၊ ဟူရာ၌လည်း၊ မိဘကိုဆိုပြီးမှမျိုးဆွေ၊ မျိုးဆွေကိုဆိုပြီးမှသောင်ရွှေကို၊ ဤသို့မိဘမျိုးဆွေ၊ သောင်ရွှေသိသူဟူ၍ဆိုရမည်ကို၊ မဆိုသဖြင့်၊ အစဉ်အတိုင်းမှ ချွတ်ယွင်းသောကြောင့် ကမ္ဗုတာဒေါသသင့်၏။

ထိုနည်းတူ၊ ။ဦးသျှောင်လည်ဆံ၊ ရင်၌နှစ်သား၊ ဟူရာ၌လည်း၊ ဦးစောက်သွားသကဲ့သို့၊ ဦးခေါင်းအထက်က ဦးသျှောင်နှစ်ပြီးမှ၊ လည်ဘင်းနှစ်သည်ဟုဆိုရာရောက်၍ ဖြစ်မြဲအစဉ်အလာမှချွတ်ယွင်းသောကြောင့် ကမ္ဗုတာဒေါသသင့်၏။

(၇)။ ။အဓိဂုဏ္ဍဒေါသ။ ။လောက၌ ဖြစ်သင့် ဖြစ်ထိုက်

သင့်သောက်မဟုတ်ဘဲ ယုတ္တိမတာနဲ့အလွန်အကြူး ထူးကဲ၍ဖွဲ့ဆို ရေးစပ်သောဂါထာသည်၊အတိဝုတ္တ ဒေါ်သ သင့်သည်မည်၏၊

ဥပမာ။ ၊ကောသလာသျှင်၊ရှောင်ခွာမရှု၊ကိုက်သတ်နှုတ်တာ၊နှင်း ဖျတ်ဆိုးတော်၊အေးနှင်းဖြင့်ဘည့်၊ ရာဇသင်ကုမ္ဘ၊ ရပ်ခုခေတ၊ လည်းမှုရှိသည်။ . အနှံ့တုနှိုင်းဝေဘက်၊မရှိမြောက်တည့်၊ ဟူ၍ နေ့သညာစသည်းစာနေသျ၊ အေးနှင့်အစ်သည်းစာနေလှ ဖြစ်ကြ၍ ငြိးချင်းသော်မှသည်း မနိုင်ကောင်း ဘဲလျှက်၊ အေးနှင့်ပေါင်း ရာ၊ ထောင်,ကုဋေဝင်ရသော်လည်း အနှံ့တုနှိုင်းဘွယ်မရှိ ဟု ဘင်မင်း၏ ဂုဏ်ကိုနှိမ့်ချကာစိတ်အင့်တိုင်းဖြင့် မင်း၏ဂုဏ်ကိုချတ်ဆိုခြင်း သည်ဟုတ်ရာထွင်မကာအချိုးအမွမ်းလွန်လွန်းဟူသောကြောင့် အတိ ဝုတ္တဒေါသသင့်၏။

ဒုန်းဖြင့် သိုးဒွယသားနိုင်ဖမော်ကွန်းခြံသည်း၊ ၊တဘာန့သျှင်၊ မဟာဗြဟ္မာ၊ဗျာကုဋေဖြင့်၊ အနန်းနေဂိုဏ်းညီ၊ဂါထာ စီ၍၊ ကြူးချီ ဖြိုက်ဘောင်၊ဆိုဟည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊အနေကန့်ကို၊ ဝေဘန်ချိုးမြောက်. ပြီးမရောက်လိမ့်၊ ဟူ၍ “တဘာန့သစ်လုံး၊ မဟာဗြဟ္မာသည် ဗျာပေါင်းကုဋေမျှသောက် ဘန်ဆင်း၍ အနန်း ဂိုဏ်းညီညွှတ်စွာဂါထာဖွဲ့သီကြူး၍ ချီးမွမ်းပြောသော်လည်းလွန် ကဲသောဘုန်းတော်ကိုဝေဘန်၍အပြီးမရောက်နိုင်ရာ” ဟု မင်းဂုဏ် ကိုဘုရားဂုဏ်ကဲ့သို့ အလွန် ကြူးထူးကဲ၍ဖွဲ့ဆိုရေး စပ်သော ကြောင့်အတိဝုတ္တဒေါသသင့်၏၊

(၈)၊ ၊အဓပေတတ္တဒေါသ၊ ၊အချုပ်အမိဋ္ဌါယ်ကောက်ယူ၍မရ၊ အနပေါင်းအနက်မှကင်းသောဂါထာသည်အဓပေတတ္တဒေါသ သင့်သည်မည်၏၊

ဥပမာ ဝ၊ဆိပ်ငြိမ်းမထွန်း၊ကျွန်းကြီးမဟာ၊ကို,ကွယ်ရာရ၊မိဘခတ္၊ လူ့စပ်သိမ်းတို့၊ချမ်းငြိမ်းသောသာ၊ထွ၊မြေကြီးပမာ၊တည်ရာမှုမြဲ၍ဗြ ဂုန်းအောင်း၊လမ်းကြောင်းခရီး၊ ပုံရှိးတန့်၊လူ့.သားနတ်ဘ၊ဗြဟ္မမ ဟာ၊ သရဏာချင့်၊ ဟူ၍စပ်ဆိုရာ၌ မည်သည်ကိုအဓိပ္ပါယ်ရှိ၍ဆိုသည်

ဟု အချုပ်အခြာပွါးယ်ကောက်ယူခြင်းငှါမတောက်နိုင်၊ တောင်ချောက်၊ မြောက်ချောက်၊ ဝင်ဆိုသောကြောင့် အပေတည့်ဒေါ်သသင့်၏၊

ဥပမာ ၂။ ငါးသေသွားကြောင့်၊ ငါးမွှေးသတ်၊ ငါးမြီးမြေ ဆပေတာက်ကျိုးသို့ဝင်သားကို၊ တွင်းသည့်မြောသီး၊ ကချည်းငယ်ကို၊ တယ်စာတာစိ၊ ငါကြောက်ထိုး၊ ဟူချင်၊ ပညာရှိတို့ရေးသုံး ရေး နည်းတွင်အသုံးမဝင်၊ ပျက်ပြယ်သောအချက်သုံးနိုင်ကောင်းသဖြင့်၊ အပေါင်းအနက်မှကင်းသောကြောင့် အပေတည့်ဒေါ်သသင့်၏၊

ရင်းဖြင်၊ နွားမကာမွေးသောနွားကလေးသည် မြက်ကိုစား၍ရေကိုသောက်၏၊ ကိုယ်မကောင်းသောအနာ၊ မှုသောသီးစသည်ဖြင့် ဝင်ဆိုခြင်းတို့၌လည်း၊ နွားကြီးကလည်း နွားကလေးမွေးနိုင်သေးသကဲ့သို့ရင်း၊ မြက်ကိုမစားရေမသောက်သောနွားမျိုးသည်း ရှိသေးသကဲ့သို့ရင်း၊ ကိုယ်ကောင်းသောအနာ၊ သောသီးများလည်းရှိကြသေးသကဲ့သို့ရင်း၊ တောင်ချောက်၊ မြောက် ချောက် ဝင်ဆို သောကြောင့်၊ အပေတည့်ဒေါ်သသင့်ကြ၏၊

(၆)၊ သဗန္ဓဖရုသဒေါသ၊ ကြားရ၍မကောင်းသော ကြမ်းတမ်းသော အက္ခရာအများပါရှိသဖြင့် သာသာနာပျော်ဖွယ်မဖြစ်သောဝါကျသည် သဗန္ဓဖရုသဒေါသသင့်သည်မည်၏၊

ဥပမာ၊ ပါဠိသာသာ၌လည်း၊ ခချခိလာပရိက္ခိတာ၊ ခဏ္ဍိတ္တဇလာဘူလာ၊ အစရှိသည်ဖြင့် ခနိတအက္ခရာအများ ပါဝင်၍၊ ဖြင်းဖြင်းထန်ထန် ကြမ်းကြမ်းကြွတ်ကြွတ်ရှတ်ဘတ်ရသောဝါသတို့သည်၊ သဗန္ဓဖရုသဒေါသသင့်ကြ၏၊

တိုနည်းတူ မြန်မာဘာသာ၌လည်း၊ ခွေးချူပြန်သော၊ ဘုရန်မခက်၊ ခါးအထက်ကို၊ ချက်နှင့်တိုင်းချ၊ အောက်ပင့်ခွာလျက်ဟူ၍ ခနိတအက္ခရာများများပါဝင်သောဝါကျသည် သဗန္ဓဖရုသဒေါသသင့်၏၊

ထို့ကြောင့်ကဗျာလင်္ကာစီကုံး ရေးသားခြင်း၌ ကြမ်းတမ်းသောခနိတအက္ခရာများမှလုံးလုံးကင်းလွတ်အောင် ဝင်ဆိုခြင်းငှါ၊ ခဲ

ယဉ်းချက် ရှိကြောင်းသော်လည်း သိမ္မိသအက္ခရာများ မှားနှင့် "ကဗ္ဗ အလင်္ကာရ ဋီကာ လင်္ကာ" ဟူသော စကားနှင့်ညီညွတ်သောအောင် ယဉ်ကျေးဘွယ်ရာ ဖြင့်၊ သိကုံးစပ်ဆိုကြရာ၏။

ဝါကျဒေါသကိုးပါး အကျဉ်းမှတ်ရန်တေးထပ်ကျိုး။

မှတ်စေရာ—ဧကဋ္ဌ၊ ဦကျိုးမရ—ထပ်ခါ၊ ဖြစ်ဒေါသ—ဘဂ္ဂါမှာ၊ "ရှိတိ"သာ ဖျက်မြဲ၊ ။နိုးဝေးသား-မသင့်လျော်ချင်၊ ဗျာကိဏ် နော်-မှတ်ကြတဲ့။ ။ယတိပတိ ပုဒ်ဖြတ်ပုံငယ်၊ အလုံးရုံ—ချော်လွဲ၊ ဝါဒ္ဓကို—ဗိတ်ဝယ်မြဲပါကြ၊ အနဲ့နဲ့ - ကြမ်းရွာ၊ ။ယုတ်မြွတ်ရာ ရှောင်ခွ မပြုရင်ဖြင့်၊ ကမ္မွ-မှတ်ကြသေချာ။ ။အဘိဓတ်-ဒေါသာ ငယ်၊ လွန်မင်းရွာ—ဂုဏ်ပ,လို့၊ အပေတဋ္ဌ—ချုပ်မိပြွါယ်၊ ကော်ယှု ခက်ဘွယ်။ ။နေတ်-ပုဒ်ရေးကျယ်လျှင်၊ သဗ္ဗဒ္ဓ-ပရှုသပေပလေး။

## (၁) ဒေါကျဗ္ဗဒေါသအကြောင်း။

(၁)၊ ။အပဋ္ဌမဒေါသ၊ ။အကျိုးအကြောင်းအစဉ်အတိုင်း မဆိုဘဲကမောက်ကမ ဖွဲ့ဆိုသီကုံးသော ဝါကျသည်၊ အပက္ကမဒေါ သသင့်သည်မည်၏။

ဥပမာ၊ ။ဘာဝနာဒါန၊မြင်းသီလကို၊နေ့ညမပြတ်၊ပြုကျင့်အပ် ၏ဟူရာ၌၊ ဒါန၊သီလ၊ဘာဝနာဟူ၍ အကျိုးအကြောင်းအစဉ်အ တိုင်းရှိသည်ကို၊အစဉ်အတိုင်းမဆို၊ဘာဝနာစီးဖြန်းခြင်း၊ အလှူပေး ခြင်း၊သီလဆောက်တည်ခြင်းဟူ၍ ကမောက်ကမ ဖွဲ့ဆိုသီကုံး သောကြောင့်အပက္ကမဒေါသသင့်၏။

ရင်းမြင်၊နောက်ကျွန်း,ဥက္ကင်၊ရွှေရပ်ခွင်မှာ၊ ခုနစ်ရာဆောင်၊ဝါး ရာထောင်တည်၊ဟာခေါင်မလွဲ၊ ရည်စမြဲတည်၊ဟူရာ၌လည်း၊ အ

နောက်ကျွန်းမှာအသက်တမ်း ၇၀၀၊ မြောက်ကျွန်းမှာ-၅၀၀။ အနောက်ကျွန်းမှာ ၁၀၀၀-ဟုဟာပ်မိသဖြင့် အကျိုးအကြောင်း အနှဉ် အတိုင်းမကျ။ ကမောက်ကမဖြစ်ဆိုသိကုန်သောကြောင့်။ အပက္ကမ ဒေါသသင့်၏။ ဝင်စစ်မှာမူကား။ အနောက်ကျွန်းမှာအသက်တမ်း ၅၀၀။အရှေ့ကျွန်းမှာ ၇၀၀၊ မြောက်ကျွန်းမှာ-၁၀၀၀-ဟုဟာပ်မိမှ၊မှန်ချေမည်။

(၂)။ ။သြစိတျဟိနဒေါသ၊ ။စကားအနက် အဓိပ္ပါယ်အသင့်ယူဖွယ်မရှိ၊ ရှေ့စကားနှင့် နောက်စကားမညီမညွတ်အောင်စပ်ဆိုသောဝါကျသည်၊သြစိတျဟိနဒေါသသင့်သည်မည်၏၊

(က)၊ ။စကားအနက်အဓိပ္ပါယ်အသင့်ယူဖွယ်မရှိသောဥပမာ၊ ။ အကြင်အကြောင့်ငါတယောက်၌၊ ဂုဏ်ရှိသမျှအလုံးစုံတို့သည်၊ပေါင်းရုံးကုန်သည်ဖြစ်ရကား၊ထိုကြောင့်လောက၌၊ငါတယောက်ကိုသာလျှင် မပြတ်အလွန်ပူဇော်ထိုက်၏ဟူရာ၌၊ မိမိအကြောင်းကိုသူတပါးချီးမွမ်းမှသင့်လျော်မည်။မိမိကိုယ်ကိုမိမိအရေးမရောက်ဘဲချီးမွမ်းခြင်းသည်၊ယူဖွယ်မရှိ။ပညာရှိအပေါင်းတို့၏ ရယ်ဖွယ်သာဖြစ်သဖြင့်၊ရှင်းဝါကျသည်၊သြစိတျဟိနဒေါသသင့်၏၊

ဘုရင့်သားရမျိုး၊ဦးသည်။ ။ငါနှင့်ငါသာနှိုင်းရှာဟူမှု၍ဆိုခြင်း၌မိမိနှင့်နှိုင်းယှဉ်ရမည့်သူမရှိ၊နှိုင်းလိုလျှင်၊မိမိနှင့်မိမိသာနှိုင်းရာရှိသည်ဟုဆိုသဖြင့်မဟာသာသကြီးမှုအထက်ပင် ဘဲလွန်ရာရောက်သောကြောင့် သြစိတျဟိနဒေါသသင့်၏။

(ခ) ရှေ့နှင့်နောက် စကားမညီသောဥပမာ၊ ။

ဗိဇ္ဇာမြွေသား၊ကပ်အဆင်း၊ပါး ဗါဟိ တ သီဟ၊ယောက်ျားနသခင်၊သစ်သီး ဘဲချွတ်၊ထင်းမွှတ်၍၊ကိုယ်စားထိုင်ရှာ၊တော၊ (ငြိသစ်ရှေ့နှင်း၊ရှုးငွေ့သီး၊စိတ်ဝတီးကို၊နွယ်ကြီး၊လျှိုပေါက်။ လည်ဝယ်ရောက်သည်၊ခေါ်ထောက်ကျွဲမှာခင်သို့၊ တောင်ရေးလောက်တွင်-ဝှင်ထက်ကြပ်၊လွယ်အိတ်လိုလို၊ဆောက်ဒုတ်လိုနှင့်၊နွားမအိုရေ၊ မြွေးဝှးတောကို၊ယံပေပေရှင်၊ပါးချုပ်ခုပ်ချုပ်သည်၊ဦးထုတ်ဒေါက်ချွာ ရွှင်၍၊သူငယ်ကမလေပ်တမှာပှာ။ မဲ့တုတ်ကြွေးကြောင်း၊ ကြက်က

တော်သို့၊အပေါ်ဝတ၊အနိ်ုစှ၊သနေထပီသည်၊တတွက်ထွတ်ထျှင်၊ အရှာဘည်းဝန်းဖြင့်၊ အိပြည့်ဆန္ဒာ သမာဂတ်၊ ကသိုဏ်းတန်းခိုး ကောင်းကင်မိုးလည်းမှာ၊လည်းတိုးဆင်း နှံ၊ ခေါက်တုံ့ပြန်သည်တေုန်း လျှံခုသော ဖြတ်တို၊ ဟုရာ၌''လောကီချာန်သခင်' ဟုဆိုထားခဲ့ပြီး မှ''ခလောက်ကျွဲခုသင်သို့''ဟု၍ငြင်း၊''သု ပပဲကာမလေပ်တဖွါဖွါ၊ ဇာ့ဂုတ် ကြွးကြော်၊ ကြက်ကတော်သို့''ဟု၍ငြင်း၊ ဆိုခြင်းသည် ရှေးကဆိုခဲ့သော ကားနှင့်မညီ ရှေ့စကားကိုဖျက်ဆီးရာ ရောက် သောကြောင့် သွစ်တျှပ်နားဒေါသသင့်၏။

ရင်းမြင်၊ ၊စံထွင်စံထွတ်၊ လွှတ်ကြီး လွှတ်၍၊ မိုးစင်းလတ် ရှိစင်းပြင်၊မိုးစင်းတချွင်ဝယ်၊နတ်ပင်နတ်မျှ၊နတ်မကသည်၊ ၊အလှ ကြာဝတ်နေတို့လော၊ ဟုရာ၌လည်း'' အလှကြာဝတ်နေတို့လော'' ဟုသောနေသဘောစကားသည်၊ ''နတ်မျှမက' ဟုသောရှေ့စကားကို ဖျက်ဆီး၍ ရှေ့ဆိုနှောင်းဖျက်ဖြစ်သောကြောင့်သွစ်တျှပ်နဒေါသ သင့်၏။

(၃)၊ ၊အဂ္ဂနိတ်ဒေါသ၊ ၊ဝါကျ၏အနက် ဝိဘတ်အစဉ်ဆို ရိုးမှဖျက်သောဝါကျသည်အဂ္ဂနိတ်ဒေါသသင့်သည်မည်၏။

ဥပမာ၊ ၊သေးသည်နန်းမျိုး၊ရွှေနန်းပိုင်၏၊ကြီးလည်းနတ်ရှင်၊ဆ ခင်မင်းခေါင်၊ဘုန်းစက်ရောင်ဖြင့်၊ ပြည်သောင်အားလုံး၊ ထုတ်ခွန် ကြီး၏၊ ဟုရာ၌''သေးလည်းနန်းမျိုး၊ ကြီးလည်းနန်းရှ၊ ဘလည်းနန်း ဝ''သေသည်ဖြင့်အစဉ်ဆိုရိုးမှဖျက်၍'သေးလည်း၊ကြီးလည်း၊ဘခင်'' ဟု၍သောဆိုခြင်းကြောင့်အဂ္ဂနိတ်ဒေါသသင့်၏။

ငယ်မယားအ၏၊ကြင်သားအလိုက်၊ ကြီး ပေါင်းခွဲလည်းနှစ်ချိုက် သက်ပုံ၊ ကြင်ဘမာတုံရှင့်၊ ဟုရာ၌လည်း ၊ငယ်မယား၏ချစ်ခြင်း၊ ကြီးပေါင်း၏ ချစ်ခြင်း တည်းဟုသော အစဉ်နှစ်ပုဒ် ထပ်တျှဖြစ် ကြောင်းကိုပြ၏၊ထိုသော''ငယ်မယား၏''ဟုဆိုပြီးမှ''ကြီးပေါင်းခွဲ'' ဟု၍ဆိုခြင်းကြောင့်စကားမဆက်မိ ဝိဘတ်အစဉ်ဆိုရိုးမှဖျက်သော ဖြင့် အဂ္ဂနိတ်ဒေါသသင့်၏။

ရင်းမြင်၊ ၊ငန်းမတို့၏သူပုတ်တို့၏ငြင်း၊ အကျွမ်းမဝင်သည်

အဆိပ်ရှိသောသတ္တဝါနှင့်၊ ဦးချိုရှိသောသတ္တဝါနှင့်၊ မြစ်နှင့်ရောဂါနှင့် မင်း
မျိုးနှင့်ရင်း။အကျွမ်းမဝင်သင့်။ ။ဟူ၍ နှင့်လည်း၊ ဝိဘတ်သဒ္ဒါအစဉ်
ပျက်သောကြောင့်ဘဂ္ဂရိတ်ဒေါသသင့်၏။

(၄)။ ။သံသယဒေါသ၊ ။အနက်အဓိပ္ပါယ်အမျိုးမျိုးယူနိုင်
ရှိ၍ ယုံမှားသွယ်ရာဖြစ်သောဝါကျသည် သံသယဒေါသသင့်သည်
မည်၏။

ဥပမာ၊ ။တန်ဆောင်ပီးလည်း ဇနီးဝင်ကာ၊မနွှဲ့သသသား။အ
နာဂတံ သ။ဥာဏအကျော်ခေါင်၊ ပညာရောင်ဖြင့်ဟူရာ၌၊ ဇ နှင့်နီး-ကို
တခြားစီဘတ်မှ အဓိပ္ပါယ်မှန်သည်၊တသပေါင်းတည်းဘတ်လျှင်ဇနီး
မယားဟော အဓိပ္ပါယ်ဖြစ်၍ ဘွေးတောယုံမှားသွယ်ရာ ဖြစ်သော
ကြောင့်ဘဂ္ဂရိတ်ဒေါသသင့်၏။

ပါဠိဥပမာ၊ ။မုနိန္ဒစန္ဒိမာလောကာ၊ရသာလောလပိယောစနော၊ဇ
နောဝဏ္ဏနပင္ကေဇာ၀။ဂေါပဒေသနုဝိကော်တော။ ။မုနိန္ဒစန္ဒိမာလော
ကရသလောလပီယောစနော မြတ်စွာဘုရားတည်းဟူသော လမင်း၏
ရောင်ခြည်တော်နှင့်ကြည်ညို ရုံမကသေးသာအရှင်သောမျှ စိတ်ရှိသော၊ဇ
နော၊လူသည်၊အဝဏ္ဏပင္ကေဇာ၀။ ရောင်ခြည်တော်ကိုမြင်ရာ မြင်း
လမ်းသို့သက်ဆင်းမိသျှင်ပင်။ ဂေါပဒေသနုဝိကော်တော၊ မြတ်စွာဘု
ရားရောင်ခြည်တော်ကိုဘူးမြင်ရ၍၊ နှစ်သက်ခြင်းပီတိသည်၊ ဟော
တိ၊ဖြစ်၏၊ ဟူရာ၌“ဂေါပဒေသနုဝိကော်တော” ဟူသောဝါကျတွင်၊
“ဂေါ”သဒ္ဒါသည်၊နွားကိုလည်း ဟောသောကြောင့်၊ယုံမှားသွယ်ရာ
ဖြစ်သဖြင့်၊သံသယဒေါသသင့်၏။

(၅)၊ ။ဂါမ္မဒေါသ၊ ။ဝါကျ၏အနက်ဖြင့်အသိခက်အောင်
ဝင်ဆိုသိကုန်းသောဝါကျသည်၊ဂါမ္မဒေါသသင့်သည်မည်၏။

ဥပမာ၊ ။သုံးပါ.ရန်ဆောင်၊ သောင်းရွှေကျော်ထေ.ဝင်တို့၊ ရွှေ
ရှောင်ရေ သဘာမျှမြည်သူကိုရှူ၊နွဲ့ဘက်သော.ကြည်၊ မပြည်တော့၊ နေ့ကြူး
ခေတ်ရှေးနှင့်လချား၏၊ ကျွန်းများသရေ ပြောသီးမှည့်ရွှေဘို၊ လေးချမိက၊
ထိုမျှရသားကောင်းတွေ့ ပါလည်း၊လျှံ နှင့်ခတ်၊ပမာသို့လျှင်၊ နှစ်လို.
မကွဲ၊ နေ့တိုင်းနွဲ့သည်၊ဟူရာ၌၊ ဝါကျအသွားအလာကား သဘော

၏သို့သော်သည်း၊ ရှုံးရှင်းသိခက်သော အနက်အဓိပ္ပါယ်ရှိသော ကြောင့် ဂါမ္ဘ ဒါသသင့်၏။

(၆)၊ ။ဒုဿလက်ခရုဒေါသ ။သိကုဋ်ရေးဝပ်ရာ၌၊ ဥပမာ၊ အလက်ခရုသည့်တို့ကို ဖျက်ဆီးတတ်သော အနက်ရှိသော ဓါတ္တ သည်၊ ဒုဿလက်ခရုဒေါသသင့်သည်မည်၏။

ဥပမာများ။ ။

(က)။ ။လမင်းသည် ဟင်္သာမကဲ့သို့ ဘည်း၊ ဟူ၍ဆိုခြင်း၌၊ ဥပမာ နှင့်ဥပမေယျနှစ်ခု၊ လိင်မတူဘဲ နှိုင်းယှဉ် ရေးဝင်သောကြောင့် ဘိန္နလိင်္ဂါပမာ မည်၏။

(ခ)။ ။ကောင်းကင်သည်၊ ရေအိုင်တို့ကဲ့သို့တည်း၊ ဟူ၍ဆို ခြင်း၌၊ ဥပမာနှင့်ဥပမေယျနှစ်ခုသည်၊ ဝုစ်မတူဘဲ၊ နှိုင်းယှဉ်ရေးဝင် သောကြောင့်၊ ဝုစ်မတူသောဥပမာ မည်၏။ (?)

(ဂ)။ ။ကျွန်အခစားသည် သခင်၌၊ ခွေးကဲ့သို့ကျင့်အပ်၏၊ ဟူ၍ဆိုခြင်း၌ ဥပမာနယုတ်ညံ့ လွန်းသောကြောင့် ဟီနူပမာ မည် ၏။

(ဃ)။ ။ပို မြေမြီးသည် နေမင်းကဲ့သို့ထွန်းလင်း၏၊ ဟူ၍ဆို ခြင်း၌ ဥပမာန ကြီးမားလွန်မြတ်လွန်းသောကြောင့် အဓိကောပမာ မည်၏။

(င)။ ။စစ်သည်အပေါင်း တည်းဟူသော သမုဒ္ဒရာသည်၊ သမုဒ္ဒရာကဲ့သို့ ဒုဘ်ဒုတ်သဲသဲရှိ၏ ဟူ၍ဆိုရာ၌၊ ထပ်၍ ဥပမာ ဆောင်ရခြင်း၌ အနက်ထူးကို မတွေ့ရသောကြောင့် ဓမ္မုဒ္ဓူဥပမာ မည်၏။

(စ)။ ။လ၌ယုန်ရုပ်အမှတ်သည် ပိတုန်းကဲ့သို့ဘည်း၊ ဟူ၍ ဆိုရာ၌၊ ယုန်ရုပ်၏ တည်ရာကိုဟော်ပြ၍ ပိတုန်း၏ တည်ရာကိုမူ ချက်ဆိုသောကြောင့် အခေါဘူနီဥပမာမည်၏။

(ဆ)။ ။ယုန်ရုပ်အမှတ်ရှိသော လမင်းသည်၊ ပဒုမ္မာကြာဖြူ ပန်းနှင့်တူ၏၊ ဟူ၍ဆိုရာ၌ လမင်း၌၊ ယုန်ရုပ်အမှတ် ရှိကြောင်းကို ဟော်ပြ၍၊ ပဒုမ္မာကြာဖြူပန်း၌လည်း ဥပမာ အားဖြင့် ပိတုန်းရှိ

ကြောင်း ဝေဘ်ပြသင့်လျှက် ရွှေ့ကေကားမပါ၊ နောက်တပိုဒ်းကိုသာ ဆိုသောကြောင့် ဖွေ့ဥ္ပဉ္ဇမဓမည်၏။

ဝါကျုပ္ပဒေါ်သင့်ခြောက်ပါးအကျဉ်းဖြတ်ရန်ဝေးတော်ပြီး

အပက္ကမ–ဒေါ်သ၊ ထိုကြ်တော့–သေချာ၊ ကျိုး၊ ကြေ၊ ငင်းပ–စည်
အလာ၊ လွှင့်စင်ကွာ–မျက်ပြား။ ။ဆိုမညီတဲ့–ယုတ္တိကွာချောင်း၊ ပြ
စ်တချာ–ဖြတ်ကြဲအများ။ ။ဘဂ္ဂရေဓိတိ–ဒေါ်သာဝေ၊ ဝိသုတ်သွယ်
မျက်ပြား။ ။ဆမိဋ္ဌါလ်ယ်–ကွက်ကြားလို့၊ အနက်သွား ဝေွချာ၊ ။ဒေါ်သ
မှာ ဘိ်သယ–ရယ်လို့၊ ဖြတ်ကြဲတော့–ထုးလွှန်သေချာ၊ ။ထိ
ခက်တဲ့–အနက်သာချောင်း၊ ဝါမ္မလာ ခေါ်ပြားလို့၊ ဒေါ်သများ–တွေ
ဝေွရာချာ၊ မြဲကြဲပိတ်မှာ။ ။မျက်ပြားရေး–ဉပမာ ထော်၊ ဒိ–ဒ ၁
သက်ခေ့ပေပဝေသး။ ။

## ပရိဟာရအစကြောင်း။

ပဒ၊ ဝါကျ၊ ဝါကျုပ္ပဒေါ်သတို့၏ သင့်ရောက်ရာစကားရပ်များကို၊ ထောက်မပြခြင်းကြောင့်၊ ဘုံ့ဆိုသီကုံးမိသောအခါ၊ စကားအရေး၊ လိမ္မာတော်သိပညာရှိကဗိဍ္ဎုတ်ုလ်မြတ်တို့သည် တခါဘာရံ-အပြစ်ဒေါ်သများတို့၊ ပြေပျောက်ရောက်-ဂုဏ်မြောက်လေအောင်ဟုတ်ရာမှန်ရာ၊ စကားယူသင့်ရာများဖြင့်-ပြေပျောက်ပိတ်ဆို့ကြကုန်၏။ ထင်းကဲ့သို့၊ ပြေပျောက်ပိတ်ဆို့နိုင်သည်ဟူ၍ ငင်ဆိုအပ်ပြားသည်။ ပြေပျောက်ပိတ်ဆို့၊ နှစ်လို့ကြည်ရွှင်း၊ ဝိတ်ဝမ်းကြေမြနိုင်လောက်အောင်၊ အသွဲအချွတ်နည်းပါးမှ၊ ပြေပျောက်ပိတ်ဆို့နိုင်ခဲ့ အကြောင်းရှိချေသည်၊ အကယ်၍၊ အလွန်အမင်း၊ ဆင်ထင်တိုက်ရိုက်၊ ဒေါ်သဆိုက်နေခဲ့ပါမူ၊ သိုက်မြိုက်တင့်တယ်၊ ဘွယ်ဘွယ်ရာရာ၊ ဂုဏ်အင်္ဂါသို့ရောက်အောင် ပြေပျောက်ပိတ်ဆို့နိုင်ဘွယ်မရှိတော့ပြီ။

ထိုကဲ့သို့၊ အနည်းငယ်ခန့်၊ ဒေါ်သဆိုက်ရောက်ချက်များကို၊ ဒေါ်သမှ၊ လုံး ကင်းလွတ် စေကြောင်း၊ ပြေရှင်းပိတ်ဆို့ခြင်းသည် “ပရိဟာရ-ပရိဟာရ်” မည်၏။

မည်သည့်ဒေါသပင် ဆိုက်ရောက်စေကာမူ။ ပရိယာယ်ဖြုံလုပ်နိုင်က၊ ရင်းဒေါသသည်လွတ်မြောက်ကြသဖြင့်၊ဒေါသမှာအမျိုးအမည်ကွဲပြားသည်လောက်၊ရင်းတို့ကိုလိုက်၍၊ ပရိယာယ်မှာလည်းအမျိုးအမည်ကွဲပြားလာသည်သာလည်း၊သို့သော်၊ ရင်းပရိယာယ်များကိုဒေါသမှာကဲ့သို့၊တရာတခုစီရုံထင်ရှားအောင်ပြရန်မလိုတော့ပေ။ အကြောင်းကိုဆိုသော်၊ မိမိကဒေါသသင့်အောင်ရေးမိ၍၊အပြစ်ကို ဖြေဖျောက်လျက်၊ ပရိယာယ်လုပ်ရန်မှာ၊မိမိ၏ ဉာဏ်စွမ်းသာ ပမာဏဖြစ်သောကြောင့်တည်း။သို့သော်လည်း ''ဤနည်းအားဖြင့် ပရိယာယ်ဖြုံလုပ်ကြ၏'' ဟုနည်းပေးနိုင်စေခြင်းငှါ၊ ရှေးပညာရှိတို့ပရိယာယ်ဖြုံလုပ်ကြပုံကို၊ဘာသင့်အောင်၊အောက်၌ထောင်ပြလိုက်ပေအံ့။

## ပဒပရိယာယ်ဥပမာများ။

ဥပမာ (၁)။ ။''မေဃာ ဝိသဒေါ သုခဿော ဇနံ'' ဟူရာ၌ ''ဝိသဒေါ'' ဟူသောပုဒ်သည် ''ရေကိုပေးတတ်သော'' သို့မဟုတ် ''အဆိပ်ကိုပေးတတ်သော'' ဟူ၍အဓိပ္ပါယ်နှစ်မျိုးပေးနိုင်သဖြင့်၊ မိမိက''ရေကိုပေးတတ်သော'' ဟူသောအဓိပ္ပါယ်ကိုလို၍ပြောပါလျက်၊သူတပါးက''အဆိပ်ကိုပေးတတ်သော'' ဟူ၍နားလည်နိုင်သောကြောင့် ဝိရုဒ္ဓတ္ထဒေါသသင့်သည်ဆို၏၊ သို့သော်ရင်းကို၊ လယ်သမားများသည့်ကောက်ပဲသီးနှံများကို ရိတ်ရအံ့ဆဲဆဲတွင်၊ ရွာသောမိုးရေကိုသူတို့၏ ပျက်စီးရာပျက်စီးကြောင်းဖြစ်၍၊အဆိပ်ကိုပေးတတ်သောမိုးရေဟုခေါ်ဆိုနိုင်၏၊ ရင်းမိုးကိုရည်၍ပြောဆိုသည်ဟူ၍ဖြေရှင်းနိုင်၏၊ ဤကဲ့သို့ဖြေရှင်းနိုင်၍ အပြစ်ဒေါသမှလွတ်ကင်းသဖြင့်၊ရင်းသည်ဝိရုဒ္ဓတ္ထပရိယာယ်မည်၏။

ဥပမာ (၂)။ ။''ကြောင်ကဲ့သို့လည်းကျင့်လေ၊ ခွေးကဲ့သို့လည်းကျင့်လေ'' ဟူရာ၌ ရင်းစကားသည်လျှို့ဝှက်သောအနက်အဓိပ္ပါယ်ရှိသောကြောင့်၊နေယျဒေါသသင့်သည်ဆို၏၊သို့သော်၊ရင်းကို၊ဘိုင်းရေးပြည့်မှုဖြစ်၍ စည်းတပြစ်အဓိပ္ပါယ်လည်း၊တလိုင်စားစေမည်းအား၊ဘာမင်လျှို့ဝှက်၍၊ မှာထားလိုက်သော စကားဖြစ်သော

ကြောင့်သော၊ ကျိုးဖက်သော အနက်အဓိပ္ပါယ်ရှိရချေသည်၊ ဟူ၍ဖြေ ရှင်းနိုင်၏၊ ဤကဲ့သို့ဖြေရှင်းနိုင်၍၊ အပြစ်ဒေါသမှ ကင်းလွတ်သဖြင့် ရှင်းသည်၊ နေယျပရိဟာရမည်၏။

ဥပမာ (၃)။ ။သုန်းကြီးသမင်းစား၏၊ ရှင်ဘုရင်အိပ်၏ဟူ၍ ပြောဆိုခြင်းသည် မြန်မာတို့ပြောရိုးဆိုရိုးအစဉ်အလာကိုကောင်းစွာမသိတတ်မကျွမ်းသောအနေဒ်ဒေသ၌ ပြောဆိုသောစကားဖြစ်သည် ဆိုသျှင်၊ ထိုအနေဒ်ဒေသနှင့်မဆန့်ကျင်ပြီဖြစ်၍၊ ဤကဲ့သို့ဖြေရှင်းခြင်းသည်၊ ဒေသဝိရောဓိဒေါသမှ ကင်းလွတ်သဖြင့်၊ ဒေသဝိရောဓီ ပရိဟာရမည်၏။

ထိုနည်းတူဆောင်းဥတု၌မိုးပင်ကြီးသည်းထန်စွာရွာ၏။ မိုးပင်ဥတု၌ဆီးနှင်းကျ၏ဟုဆိုရာ၌လည်း ဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်သည်ဆိုသျှင် အချိန်ကာလနှင့်မဆန့်ကျင်ပြီဖြစ်၍၊ ဤကဲ့သို့ဖြေရှင်းခြင်းသည်ကာလဝိရောဓိဒေါသမှကင်းလွတ်သဖြင့်ကာလဝိရောဓီ ပရိဟာရမည်၏။

ဝါကျပရိဟာရ၏ဥပမာများ

ဥပမာ (၁)။ ။ရုံ့နံ့သာမြိုင်၊ ရေဂုဏ်တွင်း၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ပေါမနွေအခါ၊ မွှေမြကျော၊ ခင်ငုကိုရှောက်ပါလို့၊ လင်းမျှောက်ကိုရှာခဲ့၊ ဂန္ဓမာပူ၊ မြေတာလင်း။ နေမင်းကမှုသနှင့်၊ နှင်းသူ့ဖြေဝါ၊ တွေ့နိုင်ဘဲဟာမို့၊ လဲလျှပြီ ဟူရာ၌ ရုံ့၊ မြိုင်၊ ရေဂုဏ်၊ ဂနိုင်၊ ပေါမ၊ ခင်၊ ဝ သောစကားများသည်တော၏ပရိယာယ်ချည်းဖြစ်ကြ၏၊ ထိုရာတွင်၊ အဓိပ္ပါယ်မှာကွဲလွဲခြားနားကြသောကြောင့် ဘေဏ္ဍဒေါသ၊ မသင့် မချောက်ချေ မည်သို့ကွဲပြားခြားနားကြကြောင်း အောက်၌ကြည့်လေ။

(က)။ ရုံ ။ ။သစ်ကြီးဝါးကြီးတို့ဖြင့်ပြွမ်းသောတော။

(ခ)။ မြိုင် ။ ။သစ်ကြီးဝါးကြီးတို့ဖုံးလွှမ်း၍၊ နေပြောက်မထိုးဘဲ စိမ့်စမ်းရေယဉ်တို့ဖြင့်ပြည့်သောတော။

(ဂ)။ ရုဂ် ။ ။ခရီးသွားရာ လမ်းစခန်းတို့ဖြင့် ပြည့်ရှိသောတော။

(ဃ)။ ဂနိုင်။ ။လူမနီးသူမနီးသောတောအုပ်ကြီး။

(င)။ ဒဟာမ။ ။ဆီးနှင်းထူထပ်သောတော။

(စ)။ ခင် ။ ။တောတောင်နှင့်တောတောင်ဆက်ပယ်ရာ၊ နိမ့်သောကမ်းရိုးတန်း။

(ဆ)။ ကျိုးရိုး။ ။တောင်နှစ်လုံး၏ရှည်လျားသောအကြား။

(ဇ)။ မြောင်။ ။ရေရှိသောစမ်းကြီးတို့ဖြင့်ပြွမ်းသည့်တော။

(ဈ)။ ကန္တာ။ ဖြတ်ကျော်သွားရောက် ခြင်းငှာ ခဲခက်သောတောခရီး။

(ည)။ ချုံပုတ်။ ။သေးငယ်သောသစ်ပင်ရှုပ်ထွေးစွာ ပေါက်ရောက်သောတော။

အထက်၌ဖော်ပြထားသကဲ့သို့၊ အဓိပ္ပါယ်ကွဲပြားခြားနားကြသောကြောင့်၊ ပေ့ဒေါသမသင့်ကြောင်း ပြရှင်းနိုင်၏၊ ထို့ကြောင့်ဖြစ်၍ အဖြွင်ဒေါသ၏ ကင်းလွတ်သောကြောင့် ဖော်ပြမရှိပါချေ၏။

ဥပမာ (၂)။ “ဘုရားတရား၊ ဖြစ်ပါသလော၊ ဤသေးဖြစ်ကို” ဟုသော ဝါကျသည်၊ နီးဝေးထားပုဒ်မညီ၍၊ ဖျက်ယွင်းပါသသင့်သည်ဆို၏၊ ထိုသဘောရင်းကိုဖျက်၍၊ “ဗုဒ္ဓမြတ်သဘင်သုံးပါး၊ ဖြစ်ပါ ရတနာ၊ ဤလေးဖြာကို” ဟု၍ဆိုလျှင်၊ အနီးထားသင့်သောပုဒ်ကိုအနီး၊ အဝေးထားသင့်သောပုဒ်ကို အဝေးထားသောကြောင့်၊ ဒေါသမသင့်ပြီ၊ ဖျက်ယွင်းရိပ်သည်မဖြစ်၏၊ ထိုသော်ငြားလည်း၊ ဖြစ်ပါးကို ရတနာသုံးပါးကဲ့သို့ မှတ်ယူလျှင်၊ မိစ္ဆာဉာဏ်သို့ သက်ဝင်သဖြင့် တရားတော်နှင့်ဆန့်ကျင်သောကြောင့်၊ အဓိပ္ပါယ်မှားမိဒေါသ သင့်ရောက်လိမ့်မည်။

ဥပမာ၊ (၃)၊ ငါ့သူငယ်ချင်းကြောင့်၊ ငါ့မွေးသည့်ဇင်၊ ငါ့မိမိနှမ၊

ငါ့ဘယောက်ျားသို့ဝင်သွားကို တွားသည်မြွေဝယ်။ ကချည်းငယ်ကို၊ဘယ်စာတစ်၊ငါကြောက်တိအံ့၊ဟူသောဝါကျသည်။ မည်သို့သောအဓိပ္ပါယ်မျိုးကိုမျှ မရှိသည်ဟု၊ အချုပ်အဓိပ္ပါယ်ကောက်ယူပြောဆိုရန်မရ၍၊အဓိပ္ပါယ်ဒေါသသင့်သည်ဆို၏။သို့သော်ပညာရှိလူကြီးလူကောင်းတို့ပြောဆိုရေးသားခြင်းကိုသာလျှင်၊ အဓိပ္ပါယ်ဒေါသ လွတ်မလွတ်ကိုစဉ်းစားချိန်ဆရန်လိုပေသည်။ ယခုကဲ့သို့တောင်ချော်မြောက်ချော်အရူးကဲ့သို့ရင်း သူငယ်များကဲ့သို့ရင်း၊ တမင်ပျက်ရယ်လို၍ရင်းပြောဆိုသည်ကို၊အရေးယူ၍ စဉ်းစားချိန်ဆရန်မလိုချေ၊သို့ကြောင့်ရင်းစကားသည်။ အရူးသော်ရင်း၊သူငယ်သော်ရင်း၊တမင်ပျက်ရယ်လိုသူသော်ရင်း၊ ပြောဆိုသောစကားသာဖြစ်သည်ဆိုလျှင်၊ ဒေါသမှ လွတ်သဖြင့် ခေဒိရဏ္ဍမရှိဟုခန့်မည်၏။

သို့သော်၊ဒေါသသင့်တိုင်းပရိယာဒ်ပြုလုပ်နိုင်သည် မဟုတ်ချေ။ ဒပဒေါသ၌၊ "အမြောက်ဆဲပေးပါ" ဟူသောစကား၊ ရင်းဖြင့်၊ "သောင်းတမ်း ကစားရာ၊ ကိရိယာများကို ရှုံးတော် ရွှေတွင်၊ ဖျက်ဆီးရမည်" ဟူသောစကားဝါကျဒေါသ၌၊ "ဦးဝုည အမြွှေသက်ဟောကိန်းရကန်" "ပိုးဒယားနိုင် မောင်ကွန်း" စသည်များကဲ့သို့၊ အလွန်အမင်းထင်လင်းသောဒေါသ ဆိုက်ရောက်ခဲ့ပါသော်၊ ပရိယာဒ်မပြုနိုင်တော့ပြီ၊သတိပြုကြကုန်။

---

## ဒေါကျူဗ္ဗပရိယာဒ်ဥပမာများ

ဥပမာ (၁)။ ။စကားအနက် အဓိပ္ပါယ် အသင့်သုတ္တ်မရှိ၊ မိမိဂုဏ်ကိုမိမိကြွားဝါပဿွားခြင်းသည်၊ ဩဃိတျဟိနဒေါသသင့်သည်ဆို၏။ သို့သော်လည်းမိမိဂုဏ်ကိုမိမိကိုယ်တိုင် ဘော်ပြသင့်သောအချိန်ကာလ၊ အခိုက်အတန့်ကျရောက်လာသဖြင့် ဘော်ပြခြင်း

သည်အကျိုးထူးကိုဆောင်ပေတတ်၏။ မဟောင်မပြောသင့်သောအချိန်ကာလ၊ အခိုက်အတန့်၌ဟောပြောမိသော် အပြစ်ကိုဖြစ်စေတတ်သည်။ ထို့ဖြစ်၍ ရှေးပညာရှိတို့သည်လည်း အချိန်ကာလ၊ အခိုက်အတန့် သင့်လျော်သော အခါ၌ မိမိတို့၏ဂုဏ်ကို ဟောပြောဘူးချေပြီ။ ထို ကြောင့် ပြောသင့်သောအခိုက်အခါ ကြုံကြိုက်လာ၍ မိမိဂုဏ်ကို၊ မိမိ ကိုယ်တိုင်ဟောပြောခြင်းကို၊ ဩစိတ္တပ္ပဟိနဒေါသသင့်သည်ဟု မဆို နိုင်ရာ၊ ဤကဲ့သို့ပရိဟာရလုပ်နိုင်လျှင်၊ ဩစိတ္တပ္ပဟိနမရှိပါဘရှိမည်၏။

တေ့ခမ္မသာဝရကိုးခန်းပျို့၌၊ ။ "ငါနှင့်ငါသာ။ နှိုင်းစရာဟု" ဟူ၍ ဆိုသောအခါသာ အပြစ်ရှိသည်၊ ၎င်းကိုဆက်၍ "ပညာ မှန်ပို။ အရွယ်ပျိုကာ၊ ခံဆိုစလောက်၊ မာန်ခေါင်းမြောက်၍၊ ရှုတ် ငေါက်လွန်မိ။ ဒေါသငြိသည်။ နောင်ပြိတခါ၊ ဤစကိုးခန်း၊ ဂုသဲ ပန်းဖြင့်။ စိတ်ကြမ်းမာန်လျှော့ ငါတော်ဘာဝ၏" ဟုဆိုသောအခါ၊ ရှေး အခါကမှားယွင်းမိသည်ကိုဆိုသောအဓိပ္ပါယ်သို့ရောက်၍၊ ဩစိတ္တပ္ပ ဟိနဒေါသမသင့်၊ မရောက်တော့ချေ။

ဤကဲ့သို့ဖြေရှင်း၍ အပြစ်ဒေါသမှလွတ်သောကြောင့်၊ ဩစိတ္တပ္ပ ဟိနမရှိပါဘရှိမည်၏။

သို့ရာတွင်မှု့နှင့်နောက်၊ စကားပြေ၌သောဥပမာ၌၊ ပါပဗာပဟိ၊ တသသိဟုအစရှိသောစကားမှာမူ၊ အပြစ်ဒေါသကို ဖြေပျောက်စိတ် ဆို့ကာပရိဟာရမပြုသုပ်နိုင်ပြီ။

ဥပမာ (၂) ။ ။ "နောက်ကျွန်းဥတ္တရ၊ ရှေ့ကျွန်းဆွင်မှာ၊ ရနစ်ရာ ဆောင်၊ ငါးရာထောင်တည့်" ဟုသော ဝါကျသည်၊ အကျိုးအ ကြောင်း၊ အတိုင်းအဆဆိုတဲ့၊ ကမောက်ကမဖြစ်ဆို သိကုံးသော ကြောင့်၊ အပတ္ထမဒေါသသင့်သည်မည်၏။ ၎င်းကို "ရှေ့ကျွန်းဂေါ ယာ၊ ဥတ္တရာတို့၊ ရနစ်ရာဆောင်၊ ငါးရာထောင်တည့်" ဟူ၍ပြင်ဖြန့် လျှင်၊ အရှေ့ကျွန်းမှာ အသက်တန်း ၇၀၀၊ နောက်ကျွန်းမှာ ၅၀၀၊ မြောက်ကျွန်းမှာ ၁၀၀၀ ဟု အတိုင်းအတိုင်းဖြစ်၍၊ ဒေါသ မသင့် မရောက်နိုင်ပြီ၊ သို့ဖြစ်၍ အပတ္ထမရှိပါဘရှိမည်၏။

ဤမျှလောက်ဖြစ်ရုံမျှဖြင့်၊ ကဗျာလင်္ကာစပ်ဆိုသီကုံးရာ၌၊ မည်ကဲ့သို့ရေးကာ မည်သို့ဖေါ်သသင့်မည်၊ မည်ကဲ့သို့ ပရိယာယ်ဆုပ်ကာ၊ မည်သို့ အဖြစ်ဖေါ်သ ပြေပြောက်နိုင်မည်ကို၊ ကောင်းစွာချိန်ဆ၊ သိသူ၊တတ်ကျွမ်းသောကဝိမဟုတ်၊

လိုရင်းမှာ၊သူတပါးရေးသားသောကဗျာ၌မည်ကဲ့သို့အဖြစ်ဖေါ်သ သင့်ရေသည်၊ရင်းတို့ကိုမည်သို့ပရိယာယ်ဆုပ်ရမည်၊စသည်ဖြင့် လိုက်၍ကြည့်ရှုနေရုံမျှသာမဟုတ်၊ မိမိကိုယ်တိုင်၊ကဗျာတပုဒ်တခု ရေးသားသောအခါ၊ ဤသို့၊ ဤသို့အဖြစ်ဖေါ်သ သင့်ပေသည်၊ ဤသို့ဤသို့ပရိယာယ်ပြုနိုင်မည်ဟူ၍ ဉာဏ် ပညာ သတိ ဝီရိယနှင့်စဉ်းစားကြည့်ရှုနိုင်မည့် အရေးသာလျှင်ယခုနေ လိုရင်းအချက်ကြီးဖြစ်ပေသည်၊ သတိပြုကြကုန်၊

## ဂုဏ် ၁၀ ပါးအကြောင်း။

"ဂုဏ်မြောက်သည်" ဟူသောစကား၏ အဓိပ္ပါယ်မှာ၊ ပြဆိုခဲ့ပြီးသောအဖြစ်ဖေါ်သ နည်းကင်းလွတ်၍ စကားဝါကျအသွားအလာကောင်းသောအနက်အဓိပ္ပါယ်နှင့် ပြည့်စုံသည့်ကိုပင်၊ ဂုဏ်မြောက်သည်ဟုခေါ်ဆိုလေသည်။

ထိုရာတွင် ကဗျာလင်္ကာ တခုတချောစပ်ဆိုရာ၌၊ ဂုဏ်ကောင်းမြောက်ရမည်၊ဂုဏ်အကျိုးပေးရမည့် ဝံသကိုသတိမူရမည်၊ အဖြစ်ဖေါ်သ ကင်းလွတ်စေရမည့်အပြင်၊ ဂုဏ်မြောက်အောင်လည်းကြိုးစားကြ ဆောင်ရဦးမည်ဖြစ်ပေသော၊အရေးပွဲအရေးတော်ရေးသောဗိဇကျူးလွန်မရှိ ချူချင်ရင်မှာ၊ ထိုထိုသောအဖြစ်ဖေါ်သတို့မှကင်းလွတ်သွင်ပင်းသ လင်္ကာ၏ဂုဏ်အင်္ဂါသဘောသို့ သက်ရောက်ပါဝင်စေမှ ဖြစ်ပေသည်။

ထို့ကြောင့် မည်ကဲ့သို့စပ်ဆိုသီကုံးခြင်းအားဖြင့်၊ မည်ကဲ့သို့အဖြစ်ဖေါ်သ ကင်းလွတ်ခြင်းအားဖြင့်၊ မည်သို့ ဂုဏ်မြောက်လာ

ကြောင်းကို ဥပမာ ဆောင်ပုဒ်များနှင့်တကွ အောက်၌ ဖော်ပြပေအံ့။

(၁)။ ပသာဒရသ။ ။ အဓိပ္ပါယ်ပေါ်၍ ယူရမည့်ဖြစ်သော ဖုန်ကျိုက်ငုံနိုးနိုးသား၍ ထင်ရှားစွာ သိသာသော အနက်ရှိခြင်း ကြောင့် ကြည်ညိုဘွယ် ရှိသော ကဗျာသည်။ ပသာဒရသ မြောက်သည် မည်၏။

ဥပမာ။ ။ ပါရမီတော်ခန်းပျို့၌။ ။ ပရိက္ခရာ။ ဥတ္တရာဇိဝ်ဆောင်း ကုန့်အောင် ခြေရွေး။ ထွန်းခဲ့ပေမှ။ မနေလှ့ရင်။ တသင်္ကန်းလျက် အလယ်လည်းကောင်းသိကြွားကျောင်းကို။ မနည်းဝင်းမည့်။ အဖြစ်ရှာ၍။ ပစ်ခွါခဲ့မြောက်။ သင်းပင်အောက်ဝယ်။ တပေါက်ထီးတည်း။ ဖွတ်သည်းညည်းလျက်။ အမြည်းတာသာ။ တတ်ရာမရှိ ကြိုက်မိသရွေ့။ ရှစ်ရက်ငွေ့ စဉ် မစေ့ခင်၌။ ကျင့်လျှင်ဖြောင့်ကြည်။ အမည်နှစ်ပါး ဈာန်တရားနှင့်။ ပျံသွားခြလျှို။ ဘိညာဉ်မျိုး။ ကိုးလမ်းဒိုးပေါင်း တွင်။ ဆင့်ကာထွင်လို့။ သုတ်သင်ကာမျှ။ လွှယ်ကာရလျက်။ ပွင့်ဝေါ်ငါးတန်။ ရသည့်ဈာန်ကို။ မကျန်ကျင့်ညီ။ ဝသီအစဉ်။ ငါးပါးယှဉ်သော်။ ဝလဉ္ဇနအပေါ်ဝ၍။ မြေမှတဝါ။ မသွားနိုင်သေး။ ဈာန်ယာဉ်စီးလျက် မှုကြီးငါးစင်။ ဗေါဓိခွင်၌။ သိမြင်ဘွေ့ပျော် ပေသည်ငါး။ ရေသနွားပွင့်ငါမပြတ် ပေါ်သချေချွတ်လည်း။ ကျင့်ဝတ်ဆောက်တည်။ မငြည်ငြိမ်။ အထိုက်ထိုက်လျှင်။ ဉာဏ်သို့ထွမ်းစား။ ရှာဝင်သွားစဉ်။ ။ ဤအားပုဒ် ချက်တွေ့တည်။ ဟူသော အပိုဒ်သည်။ ပယ်ထားသင့်သော ပုဒ်ချင်းနီး၍ သိလွယ်သော အနက်အဓိပ္ပါယ်ရှိ၍ဖြင့် ကြည်ညိုဘွယ်ဖြစ်သော ကြောင့် ပသာဒရသ မြောက်၏။

မှတ်ရန်။ ။ ကိုယ်ပြုရှင့်ရောက်ဖွဲ့သေါ်သမျှ။ ကဗျာလွှတ်သော ကဗျာသည်။ ပသာဒရသ မြောက်၏။

(၂)။ ဩဇရသ။ ။ သမာသ် ပုဒ်များခြင်း။ အကျယ်ကိုအကျဉ်းချုံးခြင်း။ အကျဉ်းကိုအကျယ်ချဲ့ခြင်း အနက်ရှိသော ကဗျာသည်။ ဩဇရသ မြောက်သည်မည်၏။

(က)။ ။ သမာသ်ပုဒ်များသော ဥပမာ။ ။

ဆေးကဗိပ္ပမဟာဂွန်းနို။ ။ သံ၊ ဝိ၊ အ၊ ဝ၊ ဝရွှံ့၊ လေးထီ၊ ပြိုးယိ၊ နှစ်

ပါး၊ပျောက်ပွားတည့်မှု၊ ကမ္ဘာပြုကို၊ အသူသခွဲ၊ ရွှမ်းရွှမ်းဝေစိုဝ့်၊ ဟူသောဝိုဒ်သည်သိဝန္ဓ၊ သိဝန္ဓဥဿယ၊ဗိဝန္ဓ၊ ဗိဝန္ဓဥဿယ ဟူ၍အသင်္ချေယျ လေးကင်ကို၊ သမောသ်ကဲ့သို့ အကွရာချုံး၍ ဆိုသော ကြောင့်၊သြဇရဂါဖြောက်၏။

မြန်မာစကားဆက်ဆက်ဘွဲ့လည်း၊ သံခရုပျို့တွင်၊ ၊၍ဖိုလျှင် တည်း၊ဆီမြင်နိုင်ရှောင်း၊ညီအကြောင်းကို၊ ညီပေါင်းအဘ၊ညီများ ဆရာ၊ဖြစ်တိုက်ပွင့၏ လီမွာပွန်းတိ၊ ခုံမြောက်ပြီးသည်၊ ၊နေ့သင် ကြီးသခင်၊ရတ်စေချင်၏၊ ဟူ၍(ကို) ဟူသောဝိတင်တလုံးတည်း ဖြင့်ချုံး၍ဆိုသောကြောင့်သြဇဂါဖြောက်၏။

(ခ)၊ ၊အကျယ်ကိုအကျဉ်းချုံးသောဥပမာ၊ ၊

ပါရမီတော်ခန်းပျို့၌၊ ၊ဖနေဇာလောက၊ိတိဘိနှင့်၊ဝသီစည် ပင်၊ ၍ယင်းရှင်ကား၊ပုံးမြင်ချက်တွေ့၊ သာခုနေ့လျှင်၊ မဝေ့နှစ်မြစ်၊ ကိုယ်အညစ်ကို၊ ဆသစ်မလောင်း၊ မှုက်မိုက်ပေါင်းကို၊ ဒိုင် ကောင်းသီတာ၊မွှက်မာဉ်၊ ဖွပ်ကာလက်ပွန်၊ ခဏဝန်ဖြင့်၊ ငင်တန် ကောင်းစွာ၊ ကျွတ်လွယ်ရာရျက်၊ တွယ်တာသနုမ်း၊ရွှသုံးပါးကို၊ မသွားခေါက်ရက်၊ ကြည့်ငဲ့ဟွက်၍၊ အသောင်းသွှသွှ၊ ခုကြီးယုလျက်၊ ရွယ်ချုုဉ်ကာ၊ ထနေ့သည့်၊ နောက်မှမဟာ၊ကပ်ကမ္ဘာ တည့်၊သရိုဂါကိန်းလျှင်၊ ထိန်းနှင့်သင်ျော၊ လေးတွေ့နောင်ဘန်၊ လွှန် လသော၊ါ၊ “ ကမ္ဘာဘာဒ္ဒ၊ ပေါ်ထွန်းသစ်၊ ဖြစ်သော ရာဇာ၊ မဟာသမ္မတ်၊ မင်းမြတ်နွယ်ရိုး၊ အမျိုးစဉ်လာ၊ ဥက္ကာကရာဇ်၊ တိုင်အောင်ဖြစ်၍တလှစ်ယင်းက၊ ကပိလတွင်၊ နှမနှင့်မောင်၊ဖြည့် တည့်ထောင်၍၊ နှစ်ထောင် ရှစ်သောင်း၊ မင်းများနှောင်းဝယ်၊ ထပ်လေလင်းအသစ်၊ ဝေဝစ်နရိန်၊ ဇေယသိန်နောက်၊ သုံးဆက် မြောက်တွင်၊ရောလော်ငွေထွက်၊လူ့အသောင်၌၊ မင်းဆက်တကာ၊ စေ့ရောသား၊ချမ်းသာငွေ့ပုံ၊ လူ့ရှုတုန်၍၊အမျ ငင်ကြီး၊ ရင့်စွာပြီးသို့၊ ပွင့်နှိုးလေးပါး၊သစ္စာပြောား၍၊ဘုရားဖြစ်အံ့၊ ၊စင်စစ်၍သူတည်း၊”

ဟူရာ၌ " " ဤအမှတ်ဖြင့်ပြထားသောအပိုဒ်သည်၊ (ကမ္ဘာ့အစ၊ မဟာသမ္မတမင်းကပင် ငါတို့ဂေါတမမြတ်စွာဘုရား သခင်အဆက်ထောင်းတော်၊ သိဒ္ဓတ္ထမင်းသားတိုင်အောင် ရှည်လျားကျယ်ဝန်းလှစွာသော အဖြစ်အပျက်များကို၊ အကျဉ်းချုံး၍ ဖွဲ့ဆိုရေးသားသောကြောင့် ညွှန့်ရောက်မြောက်၏။

(ဂ) အကျဉ်းကိုအကျယ်ချဲ့သောဥပမာ။ ။

သူးစစည်၍၊ နွေလည်တန်းခူ၊ သကြိုန်ဦးတွင်၊ ရှင်မြူးကြွ လျက်၊ ရေအချက်မှာ၊ လှော်တက်ကိုင်မြောက်၊ ရိုလေးကောက်၍၊ နှုတ်ထောက်ရင့်အေး၊ တချေးချေးနှင့်၊ ဟိန်းလေးယေားလာ၊ အေ ယေားလာပေ၊ ကြော်ကြွာသောင်းသောင်း။ ဝဲ့ထင်ခြောင်းမျှ၊ သံ ညောင်းထွေလာ၊ သူ့ထက်ငါလျှင်၊ ရေမှာဇလိုက် မျှော်ပိုက်အူ စင်။ ရကွင်းရိုင်းဝန်း၊ မိုးထွန်းလုပ်နည်း၊ ဆူးစည်းချသန်းမျှား တန်းတလိုက်၊ ထုံးတိုက်ကြမ်းငင်၊ ဘုရင်ချိုထောင်၊ စာလောင် ရစ်ပွဲ၊ ငါးစလွဲ့နှင့်၊ ယက်သဲ့တခြား၊ စခွား ကွန်ပွန်း၊ လက်တွန် ထင်းပက်၊ ပိုက်ထက်မဟာန်း၊ သာသန်းတကြွယ်၊ ပလိုင်းလွယ် လျက်၊ ရေဝယ်ပျော်မြူး၊ ရုံတိုင်ဦးတို၊ သန်းကူးယှက်တင်၊ ကောင်း လှောရှင်မှာ၊ ဝေဘင်တင်ဆော်ဆော်၊ လပိုင်ခေါ်၍၊ တကြော်ကျူး ကျူး။ ဓမ်အန်ထူးလျက်၊ အုံ့မူးဘွယ်ပင်၊ ရေသာင်မှာ ဆွဲငင် ထက်သက်၊ ဓနတ်ကျက်မည်၊ မြစ်လုံးဝျှံမျှ၊ သံမဆိတ်ဘဲ၊ တ သဲသဲကီ၊ တဝွဲတဿမ်း၊ ကြိုးပန်းဖြဖြ၊ လှံ့ထစွမ် ရည်၊ မျှော်ကြိုက် သည်တွင်၊ ရိပ်စီးစည်ပြင်မိုင့်၊ ထိမ်ခိုးနိုင့်လျက်၊ လွှမ်းဆင့်ဝေမှိုင်း ဓရုံ့ကာဆိုင်းသည်၊ ရေနိုင်းလေစီစီသကား။

ကျူးကြွမြည်၍၊ ဖွေ့နည်းဆန်းပြား။ ရေဌက်များတို့၊ စကား လှလို၊ နှုတ်သံချိုနှင့်၊ ဆေမိုအမ၊ နွဲ့စကြာလျက်၊ ချလည်းတညီ၊ ချီလည်းမကွာ၊ နတ်စောင်းသဘင်၊ တံလှ၂ဝတုံဝေ၂၊ ရှုတိုင်းမောမျှ၊ သောသောသာဒရတ်အာ၊ လေးလာသွယ်လှယ်၊ သွယ်သွယ်ပျံသန်း၊ မျှော်သူ၂န်းအောင်၊ သိုက်နန်းခိုဝင်၊ တောင်တင်ထည်ယှက်၊ ဝတ်ရက်ချိုယူ၊ ချော့ကာမူ၍၊ ရင့်ရှသံညွှန်း၊ ဘောင်ထောင်ချင်းရို့၊ မယ်မင်းတို့ဟာ၊ နှစ်လိုတွေ့ငေါ်၊ တကျော်ကျော်နှင့်၊ ဘော်သာခွါရောင်၊ ငွေသဲသောင်နှဲ၊ မောင်နှံ့စုံမူး။ လှည့်ကြွမြူး၍၊ သူလူးတလည်၊ လေပြည်ညွှန်းညှင်း၊ ဆော်သုတ်သွင်းလျက်၊ ငါးကြွင်းဆန်ဆန်၊ ငါးတန်ထွေထွေ၊ လှိုင်းမရေဝယ်၊ ပြတ်ကြွေဒရှသည်း၊ အုံ့ရောပည်းမျှ၊ ဆည်လည်းရပေါင်း၊ ဝတ်မှုန်လှောင်း၍၊ နှာမောင်းညွှာသွယ်၊ ကိုင်းစက်စယ်နှင့်၊ မျောက်နွယ်ရှည်လျားပန်းပြားညွှန့်လှ၊ လိုက်ဂျူညွှန့်ဆောင်၊ ဘောင်းထည်းညွှတ်ယိမ်း၊ ပင်ခဝ်သိမ်းတို့၊ ရွက်စိမ်းရိုရို၊ ခက်ညှိညှိုက်ကို၊ ကြွေလိုကြွေဟု၊ ချိုလေလုကာ၊ ရှုမညောင်းအောင်၊ သာမျိုးဆောင်ရှင့်၊ သောင်ထည်း ငွေနှစ် မြစ်ထည်းဖန်နှိုင်း၊ ကိုင်းလည်းမြရောင်၊ တောင်လည်းဖီလာ၊ ဆီးကာသန်းသန်း၊ ကျော်က်တန်းပေါ်ပေါ်၊ အမော်ခြောင်းခြောင်း၊ ခနောင်းထွေးထွေး၊ ယက်ပြေးရန်ရန်၊ လျှည့်တုန်သီးသီး၊ ရေစီးဆင့်ဆင့်၊ ကျွန်းမြင့်မြင့်ရှာ၊ စွင့်စွင့်လျံညီ၊ တသီသီနှင့်၊ စေတီဆိုင်းဆိုင်း၊ မျှော်လိုက်တိုင်းသည်၊ ။နှန်လှိုင်းရေချီချီသကာ။

စပ်နည်းများကို၊ ဥပမာအမျိုးမျိုးဆောင်၍ပြဆိုသော
တတိယကဏ္ဍဤတွင်ရွှေ့ပြီး၏။

## ဥပမာ-၁၀-ပါးအကြောင်း။

မြန်မာဘာသာ၊ကဗျာကတ်ဘ၊စပ်ဆိုသီကုံးပြောဟောရာ၌၊ စကားအရာလိမ္မာစွာတင်စားစပ်ဟပ်သီကုံး ပြောဆိုလေ့ရှိကြ၏၊ထိုကဲ့သို့ပြေပြစ်သာယာသွယ် ဖြစ်အောင်တင်စား၍၊ ပြောဆိုစပ်ဟပ်အပ်သောစကားမျိုးကို“ဥပစာစကားဟူ၍ ခေါ် ဆိုလေသည်။

## ရင်းဥပမာ-၁၀-ပါးကား၊

[၁]၊ **၊ကာရဏူပစာ၊** ၊အကြောင်း၏အမည်ကို၊ အကျိုး၌တင်စား၍ပြောဆိုအပ်သော စကားမျိုးကိုခေါ်သည် ဥပမာ၊ သလိပ်သည်၊တင်းလဲမည်၏ဆိုရာ၌၊ တင်းလဲကို သောက်သဖြင့် သလိပ်ဖြစ်ထတ်သောကြောင့်တင်းလဲကားအကြောင်း၊သလိပ် ကားအကျိုးဖြစ်သည်၊ထိုကဲ့သို့၊အကြောင်းဖြစ်သော တင်းလဲ၏အမည်ကို၊အကျိုးဖြစ်သောသလိပ်၌တင်စား၍၊ သလိပ်ကိုပင် တင်းလဲဟုခေါ်ဆိုခြင်းကြောင့်၊ကာရဏူပစာမည်၏၊

**တခြားဥပမာများ၊** ၊ပညာသည်ဥစ္စာမည်၏၊ခိုးသူသည် ရန်သူမည်၏၊ဝန်တိုခြင်းသည်သူတောင်းမည်၏၊

[၂] **ဖလူပစာ၊** ၊အကျိုး၏ အမည်ကို၊ အကြောင်း၌ တင်စား၍၊ပြောဆိုအပ်သော စကားမျိုးကိုခေါ်သည်၊ ဥပမာ၊ ထမင်းကိုချက်၏၊ဆိုရာ၌၊အကျိုးဖြစ်သောထမင်း၏အမည်ကို၊ အကြောင်းဖြစ်သောဆန်၌တင်စား၍၊ဆန်ကိုပင် ထမင်းဟုခေါ် ဆိုခြင်းကြောင့်၊ ဖလူပစာမည်၏၊ **တခြားဥပစာများ၊** ၊ပုဆိုး ရက်သည်၊မီးထွန်းသည်၊အိမ်ဆောက်သည်၊ ထမ်းလုပ်သည်၊ ရေတွင်းတူးသည်၊

[၃] **သာမိရူပစာ၊** ၊အတူဖြစ်သော ဝတ္ထုတစုံတရာ၏ အမည်ကို၊အတူရှိသောဝတ္ထု၌ တင်စား၍ပြော ဆို အပ်သော စကားမျိုးကိုခေါ်သည်၊ဥပမာ၊မြဲသော့သည့်ထီချင်းဆို၏၊ဟူရာ

နှို၊ခြင်္သေ့သည် သားတိရစ္ဆာန်များနှင့်ရဲရင့်ဘိသကဲ့သို့၊ သဘင် သည်လည်း လူပရိတ်သတ်၌ ရဲရင့်ခြင်း ထူးသောကြောင့်၊ လူ သဘင်သည်ကိုပင်ခြင်္သေ့ဟုတင်စား၍ဆိုခြင်းသည်၊သဒိသရူပ စာမည်၏၊

**တခြားဥပမာများ။** ၊သူ၏မျက်နှာသည့် လပြည့် ဝန်းကဲ့ သို့ဖြစ်၏၊မြေဖြင့်ဗွတ်ပိုး၍ချမ်းဧတနိုင်ဘ်၊ ဖြစ်နေကြသောပြည် သား ပြည်သူတို့အား၊ ရှင်ဘုရင်သည် ဘုန်းမီးဖြင့် ကင်၏၊ ဤကလေးမျှောက်ဖြစ်၏၊

[၄] **ဌာနူပစာ၊** ၊ဌာန၏အမည်ကို၊ဌာနီဖြစ်သောပုဂ္ဂိုလ် ၌တင်စား၍ပြောဆိုအပ်သော စကား မျိုးကိုခေါ်သည်၊ ဥပမာ၊ ကျောင်းစောင်းတို့သည်ကြွေးကြော်ကြကုန်၏၊ ဟုရာ၌၊ ကျောင်း စောင်းပေါ်ရှိလူတို့ ကြွေးကြော်သည်ကို၊ ကျောင်းစောင်းကြွေး ကြော်သည်ဟုဌာနဖြစ်သောကျောင်းစောင်း၏အမည်ကို၊ ဌာနီ ဖြစ်သောလူ၌ တင်စား၍၊ လူကို ကျောင်းစောင်းဟူ၍ ဆိုခြင်း ကြောင့်ဌာနူပစာမည်၏၊ **တခြားဥပမာများ။** ၊ဤပွဲ အလွန် ဆူညံ၏၊ထိုကျောင်းတိတ်ဆိတ်၏၊ ဤကျောင်းတော်ကြီးသည်၊ အလွန်ပညာတတ်မြောက်၏၊

[၅] **ဌာနျူပစာ၊** ၊ဌာနီ၏အမည်ကိုဌာန၌တင်စား၍ ပြော ဆိုအပ်သော စကားမျိုးကိုခေါ်သည်၊ ဥပမာ၊ ၊လှံတို့သည် သွားကြကုန်၏၊ဟုရာ၌၊လှံစွဲကိုင်သည့်လူတို့က၊အသီးသီးသွား ကြသည်ကို၊ လှံသွားသည်ဟု၊ လှံ၏အမည်ကို ဌာနဖြစ်သော လှံထမ်းယောကျ်ား၌ တင်စား၍ ဆိုခြင်းကြောင့်၊ ဌာနျူပစာ မည်၏၊

**တခြားဥပမာများ။** ၊မြင်းထွက် တိုက်ပေ၊ သေနတ်ဝင် ပေ၊မြှားငင်ပေ၊

(၆) **ရုဏှူပစာ၊** ၊ဂုဏ်အခြင်းအရာ၏အမည်ကို၊ဂုဏ်ဘော ဖြစ်သောပုဂ္ဂိုလ်၌တင်စား၍ပြောဆိုအပ်သော စကားမျိုးကို ခေါ်သည်၊ဥပမာ၊ညိုသောပုဆိုးဟုရာ၌၊ “အညို”ဟုသောဂုဏ်

အခြင်းအရာ၏အမည်ကို၊ ဝတ္ထုဖြစ်သော ဂုဏ်ရိုးဖြစ်၌တင်စား၍၊ ဂုဏ်ရိုးဟူသောခြင်းကို၊ ညီသော ဂုဏ်အခြင်း အရာသို့လိုက်၍၊ အညီဟုပြောဆိုသောကြောင့် ဂုဏရူပကမည်၏၊ **တခြားဥပမာ များ။** ၊အနီယူခဲ့၊အဝါယူခဲ့၊အပြာယူခဲ့၊အစိမ်းယူခဲ့စသည် များဖြစ်ကြသည်။

(၇) **ဧကဒေသရူပကာ၊** ၊အပေါင်း၏ အမည်ကို၊ တစိတ် တဒေသ၌တင်စား၍၊ပြောဆိုအပ်သောစကားမျိုးကို ခေါ်သည် ဥပမာ၊ ၊ငါသည်သမုဒ္ဒရာကိုမြင်၏၊ ဟူရာ၌၊ အပေါင်းဖြစ် သော၊သမုဒ္ဒရာကြီးတခုလုံးအမည်ကို၊မျက်စိဖြင့်ကြည့်၍ မြင် ကောင်းသော၊တစိတ်တဒေသ၌ တင်စား၍၊ သမုဒ္ဒရာတခုလုံး ကိုမြင်သကဲ့သို့၊ ပြောဆိုခြင်းသည်၊ ဧကဒေသရူပကမည်၏၊ **တခြားဥပမာများ၊** ၊ရိုးမတောင်ကိုငါမြင်၏၊ဧရာဝတီမြစ်ကို ငါမြင်၏ မြန်မာနိုင်ငံသည်သာယာစည်ပင်၏၊ ဤမြို့ကိုမီးလောင် ၏၊ စသည်များဖြစ်ကြသည်။ ။

[၈] **သမီပရူပကာ၊** ၊အနီးရှိသော အရာဝတ္ထု၏ အမည် ကို၊အနီး၌ဖြစ်သောအရာဝတ္ထု၌တင်စား၍၊ ပြောဆိုအပ်သော စကားမျိုးဖြစ်သည်၊ ဥပမာ၊ ၊ဂင်္ဂါမြစ်၌ ကောက်ပင်သည် သည်၏၊ ဟူရာ၌၊ ၎င်းကောက်ပင်သည်၊ မြစ်ထဲ၌မသည်ဘဲ၊ ကမ်းနား၌သာသည်ရှိသည်ကို၊နိုးစပ်ရာတင်စား၍၊ မြစ်ကမ်း နားကိုပင်ဂင်္ဂါမြစ်ဟုဆိုခြင်းကြောင့် သမီပရူပကမည်၏၊ **တခြား ဥပမာများ၊** ၊လူတို့သည်လယ်ထဲ၌နေကြ၏၊နေ့နှင့်လတို့သည်၊ ယုဂန္ဓိုရ် တောင်ထွန်းမှ မြင့်မိုရ်တောင်ကို ဖွည့်ပတ်သွားလာ ကြ၏။

(၉) **တစ္စမ္ဗန္ဓရူပကာ၊** ၊ထင်ရှား ရှိသော အရာ ဝတ္ထု၏ အမည်ကို၊ထင်ရှားမရှိသော အရာဝတ္ထု၌တင်စား၍ ပြောဆို အပ်သောစကားမျိုးကိုခေါ်သည်၊ ၊ဥပမာ၊ယုန်၏ဦးချို၊ ဟူရာ ၌၊ဦးချိုအထင်အရှားရှိသောကျွဲ၊နွားအစရှိသောတိရစ္ဆာန်တို့၏ အမည်ကို၊ဦးချိုထင်ရှားမရှိသော၊ယုန်၌ တင်စား၍၊ ယုန်ချိုဟု

ဆိုသောကြောင့်၊ တစ္ဆုဗ္ဗုပစာမည်၏။ ။ထေခြားဥပမာများ။ ။မိန်းမ မြို့သားသည်၊ ကောင်းကင်ပန်းကိုပန်၍၊ တံလျှပ်ဝတ်ကိုဝတ်ဆင် ပြီးလျှင်၊ ယုန်ချိုလေးကိုထမ်းလျက်လာသည်။ ယုန်ချိုထိပ်မွေး။ ဇုဋ္ဌနှင့်သွေး၊ တုန်းကြီးခေါင်းပေါင်းစသည်များဖြစ်ကြသည်။

(၁၀) **အသောခအသောဒုပစာ။** ။မကွဲ ပြားဘဲကို၊ ကွဲပြားဘိ သကဲ့သို့ထင်စား၍ပြော ဆိုအပ်သောစကားမျိုးကို ခေါ်သည်။ ဥပမာ၊ ကျောက်သား၏ကိုယ်၊ ဟုရာ၌၊ ကျောက်သားနှင့်ရင်း၏ ကိုယ်သည်၊ မကွဲမပြား၊ တစပ်တည်းရှိသည်ကို၊ ကွဲပြားဘိသကဲ့ သို့၊ ကျောက်သားတခုတည်းကိုပင်၊ ကျောက်သား၏ ကိုယ်ဟု တင်စား၍ဆိုသောကြောင့်၊ အသောခအသောဒုပစာမည်၏။ ။ **ထခြားဥပမာများ။** ။ငါ၏ကိုယ်၊ သမုဒ္ဒရာ၏ရေ၊ စသည်များ ဖြစ်ကြ၏။

## စထောကြီးဆယ်မျိုးအကြောင်း။

ရှေးပညာရှိတို့ မိန့်ဆိုတော်မူသော၊ "ကြွမ်းပေါက်ကျုံ ကား၊ နှုတ်၍ရ၏၊ စကားကျုံကား၊ နှုတ်မရ" ဟူသောစကားပုံအရ၊ သူ တပါးအားလွန်ကျူးပြောဆိုမိသောစကားကို နှုတ်သိမ်း၍ရန်များ စွာခဲယဉ်းပေသည်၊ သို့ဖြစ်၍၊ စကားပြောဆိုရာ၌၊ သုဘာသိတ၊ ပိယဝါစာ၊ သဏှာဝါစာ၊ ညီလေးဝနှင့်ညီညွတ်စေပြီးလျှင်၊ မိမိစကား ကိုကြားရ၍၊ တရံကြားဘူးသူ-သူစိမ်းပင် ဖြစ်သော်ငြားလည်း၊ နှစ်သိမ့်ကြေချမ်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်စိမ့်သော၄၊ "မိတ် အကြောင်းရင်း၊ ဥပမာ-ပုံပမာနှိုင်းယှဉ်ချက်၊ နိဂုံး-စကားချုပ်၊ နိဒါန်း=စကားအစချီး၊ သက်သေ=ဝတ္ထုသာဓက တင်ဆောင် ပြဆိုခြင်း၊ ပြယုဂ်=မျက်မြင်ဒိဋ္ဌကိုယ်တိုင် လုပ်ပြခြင်း" တည်း ဟူသော စကားတန်ဆာ ဆင်၊-၆-ပါးနှင့်လည်း၊ ညီညွတ်စွာ၊ ရှေ့နောက်ဆင်ခြင်၍ ပြောဆိုအပ်ပေသည်၊ သို့မှသာလျှင်စကား အရာ၊ လိမ္မာတတ်မြောက်ရာရောက်ပေသည်။ ထို့ကြောင့်၊ ရှေး

ပညာရှိတို့သည်။ အထက်ပါအချက်များနှင့် တကွ၊ အောက်၌ ပြဆိုသတ်သောစကားကြီး ဆယ့် ခွန်းတို့နှင့်လည်း။ နည်းအမျိုး မျိုးဆောင်၍ပြောဆိုသုံးစွဲခဲ့ကြလေပြီ၊

ယင်းသို့ဖြစ်၍၊ယခုအခါ။ ၎င်းစကားကြီးဆယ်မျိုးကိုအကိုး အကားဥပမာဆောင်ပုဒ်များနှင့်တကွပြဆိုပေတော့အံ့။

——o——

## စကားကြီးဆယ်မျိုး။

ရေကူး ညာတင်၊ ကောက်ပင်ရိပ်လှိုး၊ ရေစီးဘောင်ဆန်၊အိုး တန်ဆန်ခတ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင်ဇှေ့ရန်ရှောင်၊တောင်သူ ယာခုတ်၊ ကြွက်ဆုတ်ခွပ်ပစ်၊ ရေစစ်ခရား၊ ရေသွားသောသွင်၊ ခက်တင်မောင်းနှင်း၊ဤဆယ်ခင်းကို၊ဝမ်းတွင်းအမြဲ၊မှတ်ယူစွဲ၊

### (၁) ရေကူးညာတင်စကားအကြောင်း။

ရေကူးညာတင်စကား။ ။မြစ်တဘက်ကမ်း၌၊အလိုရှိအပ် သောဆိပ်ကမ်းသို့ကူးလိုလျှင်၊ အထက်မြစ်ညာက တင်ကြို၍ ကူးမှသာ၊လိုရာဆိပ်ကမ်းသို့ရောက်နိုင်ဘိ သကဲ့သို့ စကားပြော ဆိုရာ၌လည်း။မိမိတို့အလိုရှိရာသို့ရောက်နိုင်အောင်။ သင့်လျော် လျောက်ပတ်သည့် စကားကစ၍။ တင်ကူး ပြောဆိုခြင်းသည်၊ ရေကူးညာတင်စကားပြောဆိုနည်းမည်၏။

စကားပုံဝတ္ထုသက်သေမှာ၊ ။ရှေးသရောအခါ။ ကုဋေ့ရှစ် ဆယ်ကြွယ်သောသူဌေးတဦး၌။သားတယောက်ရှိ၏။ ထိုသတို့ သားသည်။ ငွမ်းထိုးကစားရာတွင်၊ အရူထုံး၍အစားအသောက် မဝင်။ ကျင်ကြီးကျင်ငယ်မဖြောင့် ရောဂါဝေဒနာအထွေအထူး ရောက်၍၊ သေလုနီးနီးရှိလေရကား။ ကျမ်းတတ်ပုဏ္ဏားများ၊ ဆရာ ကျော်များနှင့်ကုစားပါသော်ငြားလည်း။ ရှိရင်းဝေဒနာမှ၊ ကင်း လွတ်ချမ်းသာခွင့် မရလေသောကြောင့်၊ နောက်ဆုံး၌၊ သမား တော်ဒီဝကအားပင့်ခေါ်၍၊ ကုသဘာသိမ်ခါပါဘူး၊ တော၎င်းသန်ခသ

ထေသော်၊ ဇီဝကဆရာကြီးက၊ ဝေဒနာကို မေးမြန်းစမ်းသပ်ပညာဖြင့် သင်ခြင်လတ်သောအခါ၊ ထိုသတို့သား၏ ဝေဒနာသည်၊ ဝမ်းထဲ၌အူလုံး၍ဖြစ်သည်၊ ထိုလုံးသောအူကို ဝမ်းကိုခွဲလျက်ဖြေမှ၊ ချမ်းသာခွင့်ရနိုင်မည်ဟုသိမြင်သဖြင့်၊ ထိုသူအားခုနစ်ရက်လည်အောင်အိပ်စေတတ်သောဆေးကိုပေးပြီးမှ၊ အိပ်ပျော်နေမိုက်ခွဲရမည်ဖြစ်သောကြောင့်၊ ခုနစ်ရက်အိပ်ရန်ကိုသာအလိုရှိပါလျက်နှင့်၊ ထိုသတို့သားအား၊ ခုနစ်လအိပ်နိုင်ပါမည်လောဟုမေး၏၊သူဌေးသားလည်း၊ခုနစ်လလည်အောင်မအိပ်နိုင်၊ပါဟုဆိုလျှင်၊ ခြောက်လ-ငါးလ-လေးလ-သုံးလ-နှစ်လ-တလ စသည်ဖြင့်တရွေ့ရွေ့ဆုတ်ခါဆုတ်ခါ၊ မေးမြန်းခဲ့ပြီးနောက်. မိမိအလိုရှိအပ်သောခုနစ်ရက်သို့ရောက်မှ၊ အိပ်ပါတော့မည်ဟုသော ဝန်ခံချက်ကိုရ၍၊ အိပ်စေတတ်သောဆေးကိုပေးသဖြင့်၊အိပ်ပျော်နေမိုက်မှာ၊ ဝမ်းကိုခွဲပြီးလျှင်၊ လုံးသော အူကိုဖြေ၍၊ပကတိအတိုင်းဖြစ်အောင်ဆေးဖြင့်ထိမ်းကျုံးသရော၊ ခုနစ်ရက်စေ့၍နိုးလတ်သောအခါ၊ ထိုဝေဒနာမှ၊ သူဌေးသားသည်လုံးလုံးကင်းလွတ်ချမ်းသာသွားလေ၏၊ ဤဝတ္ထုသက်သေ၌ဆရာဇီဝကသည်၊ အလိုရှိအပ်သောခုနစ်ရက်ကို၊ ခုနစ်လကပင်တင်ကူး၍၊အကျိုးထူးကိုမြင်သဖြင့် ပြောဆိုလေသောကြောင့်၊ ရင်းသည်ရေကူးညွှာတင်စကားပြောဆိုနည်းမည်၏၊ ၎င်းပြင်၊ တေမိယဇာတ်တော်၌လည်း၊ စန္ဒာဒေဝီ မိဖုရားကြီးသည်၊ သားတော်တေမိမင်းသားအား၊ အဘမည်းတော် ကာသိကရာဇ်မင်းသည်လုတ်တိုင်းသို့လုတ်၍၊ သတ်ရန်ရာဇာမန်ဖြင့် အသေသတ် ထားသည်ကို၊ တားဆီး၍၊ သားတော်အား၊ ခုနစ်ရက်ခန့်မျှအလိုစမ်းအဖြစ်ဖြင့်၊ထီးနန်းအပ်နှင်းလိုသည်ကို၊ ခုနစ်နှစ်-ခြောက်နှစ်-ငါးနှစ်- လေးနှစ်- သုံးနှစ်-နှစ်နှစ်- တနှစ်-ခြောက်လ- ငါးလ-စသည်အားဖြင့်တင်ကူး၍ လျှောက်ထားလေသောကြောင့်နောက်ဆုံး၌၊မိမိအလိုရှိသော၊ ခုနစ်ရက်ကိုခွင့်ရလေသတည်း၊ ထိုကဲ့သို့ပြောဆိုခြင်းသည်လည်း၊ရေကူးညွှာတင်စကားပင်ဖြစ်ပေသည်၊

## (၂) ကောက်ပင်ရိပ်ထိုးစကားအကြောင်း။

ကောက်ပင်ရိပ်ထိုးစကား။ ။ကောက်ပင်များကို လက်အထက်ဖြင့်၊ ကြပ်တည်းမြဲမြဲထွာ ဆုတ်ကိုင်ပြီးမှ၊ အရင်းဘအစဥ်ဖြင့် ရိတ်ဖြတ်လျှင်၊လက်တွင်း၌ ဆုပ်ကိုင်ထားသမျှသော စပါးတို့ကိုရ၍၊ လိုရာသုံးဆောင်ရသကဲ့သို့၊ စကားပြောဆိုရာ၌လည်း။ သူတပါးတို့၏စကားကိုမြဲမြဲထွာဘာဝမိအောင် ကြည့်ပြီးမှ၊မိမိစကားဖြင့်၊ အရင်းကဖြတ်ပိုင်းမိအောင် ချေဖိမ်းခေါင်းဖိုက်ပြောဆိုခြင်းသည်၊ကောက်ပင်ရိပ်ထိုးစကားပြောဆိုနည်းမည်၏။

စကားပုံဝတ္ထုသက်သေမှာ။ ။ရှေးသရောအခါ၌သူဌေးသားတယောက်သည်၊ဥဇျိုင်းကိုလေးနှင့်ပစ်၍ဆောင်ယူလာသည်ကို၊ တခြားသူဌေးသား တဦးမြင်လေလျှင်၊ ရင်ပတ်စည်တီးနှိုက်ကြီးတင်၊ ငိုရှိုယန့်ဆင်၍၊ ထိုဥဇျိုင်းသည်၊ သ မညဥဇျိုင်းမဟုတ်ပါ၊ တနေ့လျှင်၊ ရွှေစင်တကျပ်သားအန်ထုတ်၍ ပေးနိုင်သော ဥဇျိုင်းဖြစ်ပါသည်၊ ကျွန်ုပ်၏ အတိုးထိုက်တန်သောဥဇျိုင်းကိုလေးနှင့် မ စ်သတ်ထိုက်ကြောင်းစွဲဆိုလေ၏၊ ထိုအခါ-ဥဇျိုင်းကိုသတ်ပစ်သော သူဌေးသားက၊ထိုဥဇျိုင်းသည်သင့်အားတနေ့လျှင်ရွှေစင်တကျပ်သားခံတွင်းကအန်ထုတ်၍ပေးသည်မှာ၊နှစ်လအတိကျကြုံပြီနည်းဟုမေးလေ၏၊ ဥဇျိုင်းရှင်ဆိုသူ-သူဌေးသားကလည်း၊ ငါ့ဥဇျိုင်းသည်တနေ့လျှင် ရွှေစင်တကျပ်သားကျ၊ ခံတွင်းမှအန်ထုတ်ပေးသည်မှာ၊ တနှစ်ရှိပြီဟုပြောဆိုလေလျှင်၊ ဥဇျိုင်းကိုပစ်သော သူဌေးသားကလည်း၊ ထိုဥဇျိုင်းသည်ငါ၏အိမ်ရှေ့တွင်းရပ်ထားသောရွှေစင်ကို၊ တနေ့လျှင် အချိန်တကျပ်သားကျနေ့စဥ်ခိုးယူသွားသောကြောင့်၊ နေ့တိုင်းရက်တိုင်း ချောက်တွန့် ဘဏ်ဆီး မြောင်းနှင်ပါသော်လည်း မရနိုင်၊ယခုမှထိုခိုးသောဥဇျိုင်းကိုရပါသည်၊ သင်လည်းသူခိုးလက်ခံဖြစ်သည်၊ ထိုကြောင့်တနှစ်အတွက် ရွှေစင်သုံးဗိုဿာ

ခြောက်ဆယ်သားကို၊ဖြန့်လည်ပေးသင့်ကြောင်းနှင့်၊ ချေပပြောဆိုလေသောကြောင့်၊ ဥဇ္ဇိုင်းရှင်က၊ ဥဇ္ဇိုင်းကိုခုလေးနှင့်ပစ်သူအား။ ရွှေစင်သုံးပိဿာ ခြောက်ဆယ်ကျပ်သားပေးလျော်ရသူလေသည်။ ဤဝတ္ထုသက်သေ၌။ ဥဇ္ဇိုင်းကိုသတ်သောသူဌေးသားက။ ဥဇ္ဇိုင်းရှင်ဟုဆိုလာသော သူဌေးသား၏ စကားကို ခြေသိမ်းခေါင်းပိုက်၊ အလွတ်မရှိ၊ ရမိအောင်ပြောဆိုခြင်းသည်။ ကောက်ပင်ရိတ်လှီးစကားပြောဆိုနည်းမည်၏။

## (၃) ရေစီးသောင်ဆန်စကားအကြောင်း။

ရေစီးသောင်ဆန်စကား။ ။သောင်ကြီးသည်အထက်ဖြစ်ညာသို့ဆန်တက်သောအခါ၊လိုဘွယ်ဝတ္ထုပစ္စည်းအရပ်ရပ်တို့ကို ဖြည့်ရုံလုံလောက်အောင်၊တင်ယူပြီးမှ၊သောင်ကိုတဖြည်းဖြည်း ဆန်တက်သွားလျှင်၊လိုရာအရပ်သို့ဆိုက်ရောက်၍၊လိုအင်ကိစ္စ ဟူသမျှတို့ကို၊ဆန္ဒရှိတိုင်း ပြုလုပ်ဆောင်ရွက်နိုင်ဘိကဲ့သို့။ ထို့အတူစကားပြောဆိုရာ၌လည်း၊ ခြေသိမ်းခေါင်းပိုက်၊ ဥပမာ၊ ဥပမေယျနှင့် မိမိလိုရာဆန္ဒသို့ရောက်အောင်၊ လေးလေးဖွန့်ဖွန့်၊ စဉ်းစားဉာဏ်ဖြင့် ပြောဆိုခြင်းသည်။ ရေစီးသောင်ဆန်စကား ပြောဆိုနည်းမည်၏။

စကားပုံဝတ္ထုသက်သေမှာ၊ ။ရှေးသရော အခါ၊ဟံသာဝတီ ပြည်ကြီးကို အစိုးရတော်မူသော ရာဇာဓိရာဇ်မင်းကြီး၊ ရွှေလက်ထက်တော်တွင်၊ ဒွါရာဝတီရွှေနန်းရှင် ယိုးဒယားဘုရင်သည်၊ ရဲမက်ဗိုလ်ပါအခြံအရံနှင့်ချီတက်လာရာ၊ မြိတ်၊ တနင်္သာရီသို့ ဆိုက်ရောက်၍၊တပ်မတော်ချနေစဉ်၊ ယိုးဒယားဘုရင်၏ရဲမက် ဗိုလ်ပါတို့သည်ထားဝယ်မြို့သို့ ဆိုက်ရောက်လာ၍။ တိုင်းနိုင်ငံ မငြိမ်မသက်ရှိကြောင်းကို၊ ဟံသာဝတီမင်းရာဇာဓိရာဇ်ကြားသိ တော်မူ၍၊သံတမန်အရာ၌လိမ္မာကျွမ်းကျင်သော၊အမတ်ပညာရှိ တယောက်ကို၊ ချွတ်အိတ်ထုံးဆိပ်ပါသော ရွှေပေစာနှင့်စေလွှတ်

လိုက်ရာ မြိတ်တနင်္သာရီ၊ဒွါရာဝတီ၊ယိုးဒယားမင်းထံသို့ရောက်သဖြင့်၊ဆက်သ,လေသော်၊ရင်းချိတ်အိတ်တံဆိပ်နှင့်ရွှေပေစာကိုဖြည့်၍ကြည့်တော်မူသောအခါ၊ ထိုစာ၌၊"အမေတ္တာတော် ဒွါရာဝတီရွှေနန်းရှင်၊မြိတ်၊တနင်္သာရီနယ်များသည်၊ ဒွါရာဝတီရွှေနန်းရှင်၏လက်နက်နိုင်ငံဖြစ်ပေသည်၊ရေး၊ဝါခရု၊ထားဝယ်ကျိုင်း၊ကလိန်အောင်ရပ်များသည်၊ ဟံသာဝတီ လက်နက်နိုင်ငံဖြစ်ပါသည်၊"ဟူ၍ပါရှိလေ၏၊ ထိုအကြောင်းကိုဒွါရာဝတီယိုးဒယားမင်းမြင်၍မိန့်ဆိုတော်မူသည်မှာ၊ရေး၊ဝါခရု၊ထားဝယ်ကျိုင်း၊ ကလိန်အောင်ရပ်များသည်၊ ဟံသာဝတီလက်နက်နိုင်ငံဖြစ်သည်ဟု ဆိုသည့်စကားမှာမှန်စေတော့၊ ငါမှာဘေးလောင်းတော်တို့၏ ယခုတိုင်ဆင်းသက်၍ရေးအဆက်ဆက်ဘုရင်၊ ဒွါရာဝတီ၊ ထီးရိုးနန်းရိုးဓာတ်ရင်းဖြစ်သည်၊ ရာဇာဓိရာဇ်မှာမူကား၊ ရက္ခမကသွား၍ဟံသာဝတီ၌မင်းပြုရသော၊ ပဝတ္တိမင်းဖြစ်သည်၊ ထိုကဲ့သို့သော မင်းကိုစင်ဝရက် အမေတ္တာတော်ဟုရွှေပေစာပေးသည်၊ ဤကဲ့သို့ပေးသင့်ကြောင်းကိုဟံသာဝတီမင်း၏ သံတော်တို့ကချေဆိုစေ၊ မချေဆိုနိုင်လျှင်၊ ဆီအိုးကင်း၌ထည့်၍ ကြော်မည်ဟုအမိန့်တော်ရှိသောကြောင့်ဟံသာဝတီမင်း၏သံတော်တို့ကချေဆိုသည်မှာ၊ရှေးလွန်လေပြီးသောအခါကာလ၌၊ ပွင့်တော်မူကြပြီးကုန်သော၊ တဏှင်္ကရာ-သရဏင်္ကရာ-မေဓင်္ကရာ-ဒီပင်္ကရာစသောဘုရားရှင်တို့မှစ၍၊ ယခုထက်တိုင်ဆင့်ပွားယူဘုရားရှင်တို့သည်၊ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူလျှင်၊ ဆွေတော်မျိုးတော်တို့ကို ညီတော်နောင်တော်ဟုခေါ်ဝေါ်သောထုံးတမ်းမရှိပါ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော၊ ကိုယ်တော်အချင်းချင်းကိုသာ ခေါ်ဝေါ်မြဲထုံးတမ်းရှိပါသည်၊ ထိုကဆင်းသက်၍ ယခုထက်တိုင်၊ ဘုရားတပည့်ဖြစ်သော သင်္ဃာတော်တို့မှာလည်း၊ ရဟန်းဘဝက တော်စပ်သောဆွေမျိုးများပင် ရှိလေငြားသော်လည်း၊ ထိုသူတို့ကိုညီတော်နောင်တော်ဟူ၍ ခေါ်ဝေါ်သော ထုံးမရှိပါ၊ ကျောင်းနေရဟန်းထိ

သစ္စာတော်အချင်းချင်းကိုသာလျှင်၊ ညီတော် နောင်တော်ဟု ခေါ်ငေါ်ခြင်းတို့ရှိ ါသည်။ ထိုနည်းတူတိုင်းပြည်နိုင်ငံကို အစိုးရတော်မူသောအရှင်မင်းမြတ်တို့မှာလည်း၊ရွှေထီးရွှေနန်းမစံစားရသေးသော ဆွေတော်မျိုးတော်တို့ ိုု၊ အဆွေတော်အကြည်တော်ဟု ချစ်အိတ်တံဆိပ်နှင့်။ ရွှေပေစာပေးတုံးပေးနည်းမရှိပါ၊ တနိုင်ငံနှင့် တနိုင်ငံရွှေထီးရွှေနန်းကို အစိုးရတော်မူသော ထီးဆောင်းနန်းနေချင်းဖြစ်မှသာလျှင်၊ အဆွေတော် အကြည်တော်ဟုချစ်အိတ်တံဆိပ်နှင့်ရွှေပေစာပေးတုံးပေးနည်းရှိသောကြောင့် ဘုရားကျွန်တော်မျိုးတို့၏အရှင်သည်လည်းဟံသာဝတီရွှေနန်းရှင်ဘုရင်မင်းမြတ်ဖြစ်သောကြောင့်။ အဆွေတော်အကြည်တော်ဟုချစ်အိတ်တံဆိပ်ရွှေပေစာနှင့်ပေးပါသည်ဟု လျှောက်လေလျှင်၊ ဒွါရာဝတီယိုးဒယားမင်းတွင်ပါသောမှူးတော်မတ်တော်ရဟန်းပုဏ္ဏားစသည်တို့က ။ဟံသာဝတီမင်း၏သံတို့လျှောက်ဆိုသောစကားသည်ထီးဆောင်းနန်းနေချင်းဖြစ်၍ အဆွေတော်အကြည်တော်ဟု ရွှေပေစာပေးသည်ကိုတိုက်ရိုက်မဆိုဘဲ၊ဝေါကာသုံးပါးတွင်ဓလေ့မရှိသော၊သဗ္ဗညုရှင်တော်ဘုရားတို့ကိုဥပမာပြု၍။ သစ္စာတော်အရှင်တို့နှင့်တကွ။ ရေမြေအရှင်သို့တိုင်အောင် ခေါ်ငေါ်ပြောဆိုသောထုံးပုံဥပမာဆောင်ကို သွယ်ဝိုက်၍ချေဆိုသည်မှာ၊ ထုံးသာဓက။ ပြုသင့်ပြုထိုက် ဖွယ်ပေသည်ဟု-ချီးမွမ်းထောမနာသြဘာပြုကြလေ၏။ဒွါရာဝတီမင်းကြီးသည်းစကားချေဆိုသည်မှာ။ အလွန်သင့်မြတ်ဖွယ်ပေ၏ဟုမိန့်တော်မူ၍သံအမတ်တို့အားဆုလာဘ်ချ၍ ရွှာ။ ပေးသနားတော်မူတူးလေ၏။ ။ထိုကဲ့သို့ဥပမာ-ဥပမေယျတို့နှင့်တင်၍ လိုရာသို့ရောက်အောင် ပြောဆိုခြင်းသည်ရေစီးဘောင်ဆန်စကားပြောဆိုနည်းမည့်၏။

ရင်းမြစ်အကြောင်းတ ုံမှာ၊ ။ဘိုးတော်ဘုရားလက်ထက်တော်၌ဂန္ဓာလရာဇ်ဝင် ရုပ်ပြည်မှ၊ ဆက်သရန်လက်ဆောင်ပဏ္ဏာတော်များနှင့် သံအမတ်တို့ရောက်လာသဖြင့်၊ ကြီးကျယ် ခမ်းနားစွာစီရင်၍၊ဘိုးတော်ဘုရားသည်းအနေးအမြော်ဝိုက်စံမှုယ်တော်

ယူရာ၊ သဗ္ဗာသီတော်ထက်ခြေတဘက်တင်၍၊ ကျန်တဘက်မှာ ခြေနင်းတော်ထက်ချလျက်စံတော်မူသဖြင့်၊ ဝတ်လဲတော်လည်း စွဲ၍ဆည်းတော်မူသော နေ့ဖြစ်သည်နှင့်၊ ဖြေကာနံ့အား၊ အသသား တောင့်တင်း၊ ဟင်းလင်းခေါက်ချိုးရှိရကား၊ ယောက်ျားမြတ် အင်္ဂါသည် ထင်ရှားလုံးရုံ အထုန့်ပွင့်လစ်လျက်ရှိရှေ၍၊ ထိုအခါ တရုပ်ဆံအမတ်များလည်းဖူးမြော်ကန်တော့ရုံသော်၌ ဝင်မည် ခဲခဲအခါဖြစ်နေသဖြင့်၊ စန့်ရှင်တော်မင်းကြီးများလည်း၊ ၎င်းအ ကြောင်းကိုဘဝရှင်မင်းတရားအားမလျှောက်မထားပုံကြရကား၊ ဧတွင်းဝန်ကြီးဦးပေါ်ဦးသို့အရိပ်အခြေပြ၍ တင်လျှောက်ရန်တိုက် တွန်းကြ သောကြောင့် အဖါးတော်ဝယ် မိမိနှင့်လျှောက်ပတ် သောနေရာသို့ချဉ်းကပ်ပြီးလျှင် ဤသို့သံတော်ဦး တင်လေ၏၊ ညှပ်ညှ၊အချုပ်ဖြစ်သော်၊ ဥက္ကုမ္ဘအုပ်၊ရဲရဲညီသား၊ မိပထီဘုန်း ကြွယ်၊နေနတ်နွယ်၏၊သဏ္ဌာပ်စံခန်း၊ သိကြွားနန်းတွင်၊ ရှိသန်း ဗိုလ်ခြေ၊အကုဋေနှင့်၊ခြွေရွေပတ်ဝန်း၊ပမာညွန်းသော်၊ကျွန်းကြီး ချက်ချာ၊သာဓကမသို့၊တောစာလျှံကွန့်၊သဏ္ဌာန်ညွန့်ကို၊ အစွန့် ဝေးရွှ၊တိုင်းပြည်သာယာ၊မဟာရဋ္ဌ၊ဂန္ဓာလမှ၊ ဆက်သပဏ္ဏာ ထံတော်ထားသည်၊နရာဘတ၊ပြဿတန်ခိုင်း၊စောဒိုရိုင်း၊ ကြိ သိုင်းပတ်လည်၊မြိုင့်မြိုးစည်သား၊ရွှန်းကြည်ပညာဝါ၊ အလင်္ကာ ဖြင့်၊ဝါစာချိုမြ၊လိုတော်ကျကို၊ဆိုသဆက်တတ်၊ ကဝိမြတ်ဟု၊ အမတ်ရည်မွန်၊ဘုရားကျွန်သည်၊ရှိညွှန်ရွှေမျှော်၊လျှောက်ပြီရှင့် ဒေဝရင့်စက်ဖျားခဝပ်တွား၊ ဤသို့အမတ်ကြီးဦးပေါ်ဦးသည်၊ ဘုန်းတော်သွဲ့၊ရွှေနားတော်သွင်း လျှောက်ထားဖြင့်၊ သံတော်ဦးတင် လေလျှင်၊ ဘဝရှင်မင်းတရားကြီးသည် ပယင်းသဗ္ဗာသီထက်၊ သစင်မှီခုန်းတော်ကိုမှီလျက်စံတော်မူရာမှ၊ အမတ်ကြီးဦးပေါ် ဦးသို့မေးတော်မူသည်မှာ၊ပေါ်ဦးအဘယ်သို့သော အကြောင်း ဖြင့်သံတော်ဦးတင်ရန်ရှိသနည်းဟုမေးတော်မူလေ၏၊ ထိုအခါ အမတ်ကြီးဦးပေါ်ဦးကသံတော်ဦးတင်သည်မှာ၊ရွှေဘုန်းတော် ကျွန်၊ဝန်ပေါ်ဦးသည်အထူးကိုတင်ဆိုဖါရစေ၊ပိဋကတ်အစရှိ၍

ကမ္ဘာဦးသူတို့၏ဘုန်းတံခြောင့်ရင်း။ ဖြစ်မြဲ မွေ့တာအားဖြင့် ရင်။ အတွင်းကားရွှေ၊ အပကားဖလ်ဇတ်ပြီးသော၊ အချင်းယူဇနာငါးဆယ်၊ အဝန်းယူဇနာ တရာ့ငါးဆယ်ရှိသော၊ ဘာဏုရာဇာအမည်ရှိသောရောင်ခြည်တထောင်ဆောင်သော နေမင်းသည်၊ တပေါင်းလပြည့်နေ့၊ မိန်ရာသီ၌၊ နှစ်ဆယ့်ခြောက်လုံးသောဥတ္တရာဘဒြပိုက်နက္ခတ်ကိုစီးလျက်၊ ပြုဗ္ဗဝိဒေဟ၏ဥဒဉ်တောင်ထိပ်မှ၊ ထွက်ပေါ်လာ၍၊ အလင်းကိုဖြစ်စေ၏၊ ကမ္ဘာဦးသူတို့သည် ကြောက်ခြင်းကင်း၍၊ ရဲရင့်ခြင်း ဖြစ်ကုန် သောကြောင့်။ သူရိယဟုခေါ်ဝေါ်ကုန်၏၊ ထိုသို့ပေါ်လာသောနေမင်းသည်၊ နာရီသုံးဆယ်အခန့်လှည့်၍၊ ယုဂန္ဓိုရ်တောင်ကွယ်ခဲ့သော်၊ အမိုက်အတိဖြစ်၍၊ ကမ္ဘာဦးသူတို့သည်၊ တခုသောအလင်းကို ရစေသတည်းဟုတောင့်တ ကုန်သည်ရှိသော် အတွင်းပတ္တမြား၊ အပကားငွေအတိပြီးသော အချင်းလေးဆဲ့ကိုးယူဇနာ၊ အဝန်းတရာ့လေးဆဲ့ခုနစ်ယူဇနာရှိသောလမင်းသည်၊ ကန်ရာသီ၌တဆဲ့နှစ်လုံးသော ဥတ္တရာဘရဂုဏ္ဏီနက္ခတ်ကိုစီး၍၊ နက္ခတ်တာရာကြယ်အပေါင်းခြံရံလျက်၊ အရှေ့မျက်နှာမှထွက်ပေါ်လာသည်ရှိသော်၊ ကမ္ဘာဦးသူတို့သည်၊ ဝမ်းမြောက်ဝမ်းသာ၊ ရွှင်မြူးစွာဖြစ်ကြကုန်၏၊ ငါတို့အလိုဆန္ဒအတိုင်း ရပေသည်ဟူ၍ဆန္ဒအမည်ဖြင့်ခေါ်ဝေါ်ကြကုန်၏ဟူ၍ ထေရုပ္ပတ္တိကျမ်း၊ လောကဒီပနီကျမ်းတို့၌ လာပါသည်၊ ဤသို့ကမ္ဘာဦးသူတို့၏ကြောက်ခြင်းမှ၊ ပျောက်ကင်းအောင်၊ အလင်းကို ပေးနိုင်သောနေမင်းလမင်းအတွက်၊ နတ်ကောက်သလဲကို၊ လုယူစားသောက်တရားပေါက်၍၊ အထောက်မတန်၊ ကျင့်ကြံညစ်ညမ်း ဆိုးသော့ညွှမ်းသော အမိုက်တိုက်ကိုဖျောက်လျက်၊ သီလသမာဓိတည်းဟူသောအရောင်ဖြင့်၊ ထွန်းပနှိပ်နင်းတော်မူသဖြင့်၊ နှစ်ခုမြော်သောနေမင်းကဲ့သို့ပင်ဟု၊ ငှတ်ထင်အားကျိုးခြင်းပြု၍၊ သုံးလှ့ထွန့်ထား၊ ဂေါတမရှင်တော်ဘုရား၏အလောင်းတော်ကိုမဟာသမတမင်းဟုတင်မြှောက်ရကား၊ သူရိယဝံသ၊ စန္ဒရဝံသမင်း

မျိုးဟုခေါ်သိုဂိုင်းခြား၊ မင်းမျိုးနှစ်မည်ပြားပါသည်၊ ဤသို့ပြား သည်ကို၊အဘယ်ကိုထောက်၍ သိရအံ့နည်းဟူငြားအံ့၊(အာဒိစ္စ ကုလသမ္ဘူတော၊ သုဝိသုဒ္ဓဂုဏာကရော၊ မဟာနုဘာဝေါရာ ဇာသိ၊မဟာသမ္မတာနုဝံသမကော၊ ။ယောစက္ကဗ္ဘူတော လော ကသသ၊ဂုဏရံသီလမုဇ္ဇတော၊ တမောနုဒေါဝိရောစိတ္ထ၊ ဒုတိ ယောဝိယဘာဏုမာ)ဤသို့လာသောဂါထာကိုထောက်သဖြင့် သိရာသည်၊ထိုဂါထာကိုမြန်မာပြန်သော်ကား၊ (အာဒိစ္စကုလ သမ္ဘူတော၊နေမင်းအနွယ်ဖြစ်ထသော၊သုဝိသုဒ္ဓဂုဏာကရော၊ စင်ကြယ်သောဂုဏ်၏တည်ရာဖြစ်ထသော၊မဟာသမ္မတာနုဝံသမ ကော၊မဟာသမ္မတဟူသောအမည်ရှိထသော၊ မဟာနုဘာဝေါ ကြီးသောအာနုဘော်ရှိထသော၊ရာဇာ၊မင်းသည်၊အသိ၊ဖြစ်၏၊ လောကဿ၊လူ၏၊စက္ခုဗ္ဘူတော၊ မျက်စိသဘွယ်ဖြစ်ထသော၊ ဂုဏ်ရံသိလမုဇ္ဇတော.ဂုဏ်တည်းဟူသောအရောင်ဖြင့်တောက်ပ ထသော၊ ယောရာဇာ၊ အကြင်မဟာသမ္မတမင်းသည်၊ယော၊ နှစ်ခုမြောက်သော၊ဘာဏုမာဝိယ၊နေမင်းကဲ့သို့ တမောနုဒေါ၊ အမိုက်ကိုပျောက်ပျက်၊ဝိရောစိတ္ထ၊ထွန်းပြီ၊)ဤသို့လာသည် ကိုထောက်ဆသော်၊ဘဝရှင်မင်းတရားကြီးဘုရားသည်လည်း၊ စင်စစ်နေမင်းမျိုးဟူ၍ သိရပါသည် ထိုသို့နေမင်းမျိုး ဖြစ်ပြန် ကာထည်း၊ဘာဏုရာဇာအမည်ရှိသော၊ ရောင်ခြည်ထောင် ဆောင်သောနေမင်းသည်၊နေ့အခါကိုသာထွက်သကဲ့သို့၊ ဘဝ ရှင်မင်းတရားကြီးသည်လည်း၊ နေမင်းမျိုး ဖြစ်သည်နှင့်အညီ၊ နေ့ကိုသာထွက်တော်မူရာသည်၊ ဇာတ်တွင်းကားပဏ္ဍမြား၊ အပ ကားငွေဖြင့်ပြီးသော ဆန္ဒဟူ၍ရင်း၊စန္ဒဟူ၍ရင်း၊ခေါ် ဆိုသရုတ် ကြသောလမင်းတို့ မည်သည်၊ ညဥ့်အခါ၌သာ ထွက်ပေါ်ထိ သကဲ့သို့၊စန္ဒရဝံသမင်းမျိုးတို့သည်လည်း၊ညဥ့်အခါ၌ ညီလာခံ ထွက်တော်မူသင့်ပါသည်၊ နေမင်းသည်ညဥ့်အခါ၌ ထွက်၍ လမင်းသည်နေ့အခါ၌ထွက်အံ့၊လောကအလုံးသည်ပြောင်းပြန် လန်ဘွယ်ရှိရာ၏၊နေမင်းနှင့်လမင်းနှစ်ပါးတို့နေ့အခါ၌ဟုဥ်ပူး၍

ထွက်ရုံးညှဥ့်အခါသည်အမိုက်အတိုသာဖြစ်ရာ၏၊ ဤအရာ၌ (ဝဏ္ဏကာလ ဇာပေဟိတော၊ ဝဏ္ဏခြားရော၊ ကာလခြားရော) ဟူသို သောကြောင့်၊နေမင်း၊မိုး၊လမင်း၊မိုး၊တို့သည် ကာလ၏အပိုင်း အခြားကိုသတိထား၍ ထွက်တော်မူသင့် ဖုပါသည်၊ ထိုသို့ ကာလအခါ၏အပိုင်းအခြားကိုတိရစ္ဆာန်ဖြစ်ကြရုန်သောကျီး ခင်ပုတ်တို့သည်ပင်သျှင်၊ သတိမူ၍ဆင်ခြင်ခြင်း၊ ဂရုပြုကြရ ကြောင်းကို ကန်တော်မင်းကျောင်းဆရာတော်သည်၊ တူတော် ဖြစ်သောမင်းခေါင်ကြီးထို့ ဆက်သွင်းသုံးမသော စာတမ်းတွင် (ကာလအသိအိုး၊ကျီး၊ကား၊နေ့ဥက်၊နေ့မှထွက်၏၊ကုတ်သရုပ် သည်၊ခင်ပုပ်ညဥ့်ဥက် ညဥ့်မှထွက်၏၊ လူမဟုတ်သည်၊ ဥက် ပုတ်တို့မျှ၊ကာလမှတ်ကြွား၊နေ့အားထွက်မူ၊ ခင်ပုပ်ဥက်သည်၊ ကျီးမည်လက်တွင်၊သေပျက်ရှုံး၏၊ရှုံးလေသပြီး၊ ငါသို့ကျီးကို၊ အနိုးအစပ်၊ရင်ပွဲမည်လော၊တွေးတောမှဲ့တဲ၊ခင်ပုပ်ထဲသို့၊ ရှဲပ ချေမူ၊လှည့်ကူတချက်၊ခင်ပုပ်လက်တွင်ကျီးနက်ရှုံး၏)ဟူသော စကားကိုသစ္စာမင်းတရားသည်၊ထောက်ထားဆင်ခြင်တော် မူသဖြင့်၊ယခုတရုပ်သံတို့အဖုးစြေခ်ဝင်မည့်အခါတွင်၊ ဖြည် သူလုံးထုံးခါပ်၊ကင်ပ ဒိတ်သည်၊ အရိပ်အရောင်ပြ၍ ထွက်စံ စမ္ပါယ်တော် မူနေသည်မှာ၊ သိမ်းဆည်းတော် မူပါမည့်အ ကြောင်း၊ရွှေဘဝါးတော်မြတ်ဆောက်၊ ရှိခိုးသံတော်ဦးတင်ပါ သည်ဘုရား၊ဟုလျှောက်ထားလေသော်၊ မင်းတရားကြီးသည်၊ ဖကန့်ဝတ်လဲတော်ကိုဆွဲ၍ ရန်းတော်မူပြီးလျှင်၊ "တော်တော် ရှုပါဟယ်၊ပေါ် ဦးရယ်"ဆို၍ပြုံးတော်မူလျက် မျက်နှာလွှဲ၍ စံတော်မူလေ၏၊ဤကဲ့သို့ဥပမာဥပမေယျတို့နှင့်ထင်၍၊ လိုရာသို့ ရောက်အောင် ပြောဆိုခြင်းသည်၊ ခရီးသောင်သန်း စကား ပြောဆိုနည်းမည်၏။

## (၄) ဒိုးတန်ဆန်ခတ်စကားအကြောင်း။

ဒိုးတန်ဆန်ခတ်စကား။ ။ဆန်ကိုဒိုးနှင့်တန်အောင်ချက်ပြုတ်ပါလျှင်၊ ကောင်းမွန်နူးနပ်သောထမင်းကို သုံးဆောင်ရဘိသကဲ့သို့၊ အကြောင်းနှင့်တန်ရုံ၊ ကောင်းမြတ်သောအကျိုးဖြစ်ထွန်းအောင်ပြောဆိုခြင်းသည်၊ဒိုးတန်ဆန်ခတ်စကားမည်၏။

စကားပုံဝတ္ထုသက်သေမှာ။ ။ရှေးသရောအခါ၊အရှင်ဒုကူလပါရိကတို့သည်ဝေပုလတောင်ခြေရင်း၌ သူခဘော်သူမြတ်အသွင်ဖြင့် ရသေ့ပြု၍နေကြစဉ်၊ မြွေမှုတ်၍ မျက်စိရုံးထုံးကန်းသောကြောင့်၊ သားတော်ဘုရားလောင်း သုဝဏ္ဏသာမသည်၊ မိခင်ဘခင်မျက်မမြင်နှစ်ပါးအား၊တောသစ်ဥ၊သစ်ဖု၊သစ်သီး၊သစ်ပွင့်တို့ဖြင့် ရှာကြံ၍ ရှိသေလေးမြတ်စွာ၊ လုပ်ကျွေးခယမွေးမြူသည့်ပြင်၊ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်အစဝကိုလည်း ပြုလေ၏၊ ဘုရားလောင်းသည်သမင်နှစ်စီးအပေါ်တွင်ရေအိုးတင်၍၊ အနီးအနားနှင့်ရှိသော မြစ်တရသို့နေ့စဉ်နေ့တိုင်းသွား၍ မိဘတို့သောက်ချိုးသုံးဆောင်ရန်ရေခပ်ရ၏၊ တနေ့သ၌ ဗာရာဏသီပြည်ရှင်၊ ပိဠိယက္ခမင်းကြီးသည်၊ သမင်သားကို ပွဲတော်တည်လိုသောကြောင့်လေးမြားစွဲကိုင်လျက်၊ ဟိမဝန္တာတော သို့၊ သမင်လိုက်သွားရာ၊ယခင်မြစ်နားသို့ရောက်၍၊ဘုရားလောင်းသုဝဏ္ဏသာမအား၊သမင်နှစ်စီးနှင့်ရေခပ်လာသည်ကိုမြင်သောအခါ၊ လေးနှင့်ခွင်းလိုက်လေ၏ ထိုအခါ၊လေးခသောဝေဒနာပြင်းထန်သည်နှင့်ငွေဆဆင်းနှင့်တူသော ကမ်းခြေသောင်ပြင်ထက်၌၊ မိဘရှိရာဦးခေါင်းမူပြီးလျှင် ရွှေတုံးကြီးကဲ့သို့တုံးလုံးလဲလေ၏၊ ပိဠိယက္ခမင်းကြီးလည်းကွယ်ဝှက်ရာမှထွက်၍ အနီးသို့ချဉ်းကပ်ကြည့်ရှုလာသောအခါ၊သုဝဏ္ဏသာမက၊ သင်အသူနည်းဟုမေးလေရာ၊ ဗာရာဏသီပြည်ကို အစိုးရသော ပိဠိယက္ခမင်းတည်းဟုပြောလေလျှင်၊သင်သည်ပြည်သူတို့၏မိဘဖြစ်ပါလျက်၊ဘသယ်အတွက်ကျွန်ုပ်ကိုလေးနှင့်ခွင်းဘိသနည်း။ ကျွန်ုပ်မှာ၊ ရှေးကအဖ၊ ကရုသံ

ဝိပါက်ကြောင့်သူတကာတို့မလွတ်နိုင်သော သေခြင်းဆင်းရဲကို တွေ့ရမည်မှာ၊ တွေ့ပါစေတော့။ သို့ရာတွင် ကျွန်ုပ်၏အမိနှင့်ဘ နှစ်ယောက်တို့သည်၊ မျက်မမြင်သူ ဖြစ်၍၊ လုပ်ကျွေးမွေးမြူမည့် သူမရှိခြင်းကြောင့်၊ များမကြာမီ အာဟာရပြတ်သဖြင့် သေဆုံး ကြရတော့မည်။ ထိုဖြစ်၍မိဘတို့အတွက်ကြောင့်သာ၊ စိုးရိမ်ပူပန် ခြင်းဖြစ်ပါသည်ဟုဆိုသောအခါ၊ ပိလိယက္ခမင်းကြီးသည်၊ အခ ဖြစ်မရှိ၊ အမိအဘကိုလုပ်ကျွေးမွေး မြူသော သူတော်ကောင်းကို ငါလေးနှင့်ခွင်းမိချေပြီ။ အကယ်၍ သေဆုံးခဲ့လျှင်၊ ငါသည်ငရဲ၌ ကြီးစွာသော ဆင်းရဲကိုခံရ၍၊ ကျွတ်နိုင်တော့မည်မဟုတ်ဟု၊ ကြောက်လန့်ပိုးရိမ်ခြင်းဖြင့် သင့်မိဘကိုငါပင်လုပ်ကျွေးပါတော့ မည်ဟုဝန်ခံပြီးလျှင်၊မိဘတို့၏နေရာကိုမေးလေ၏၊သုဝဏ္ဏသာမ လည်း၊မိမိဦးခေါင်းမှုရာဖြင့်ညွှန်ကြားလိုက်သောကြောင့်၊နေရာ သင်္ခမ်းသို့ရောက်၍၊ သား၏အကြောင်းအရာတို့ကို ပြောပြရာ၊ သင်သည်ငါတို့အား မလုပ်ကျွေးပါနှင့်၊ ငါတို့သားရှိရာအရပ်သို့ သာဆောင်ယူပါလော့ဟုဆိုခြင်းကြောင့်၊နှယ်ကြိုးဖြင့်၊ သုဝဏ္ဏ သာမရှိရာအရပ်သို့ဆောင်ယူခဲ့လေ၏၊ သား၏ထံသို့ရောက်သော အခါ၊အဘကားဦးခေါင်းရင်းက၊အမိကားခြေရင်းကနေ၍၊သုဝဏ္ဏ သာမ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းတယူ ငိုကြွေးကြစဉ်၊ သိကြား မင်းသည်ဆင်းသက်လာ၍၊ဒုကူလ-ပါရိကတို့အား ဤသို့ဆို၏၊ အရှင်ရသေ့တို့၊ သင်တို့၏ မျက်စိကိုတည်း။ အလင်းရစေလို သလော၊ သားတော်ကိုတည်းအသက်ရှင်စေလိုသလော၊ သို့ တည်းမဟုတ်၊ သင်တို့တသက်တွင် သုံးစွဲစားသောက်၍မကုန် နိုင်သော၊ အလိုဆန္ဒရှိသမျှကို ပြည့်ဝစေနိုင်သောရွှေအိုးကြီးကို တည်းရလိုသလော၊ဤသုံးပါးသောဆုတွင်၊တခုခုမိမိအလိုရှိရာ၊ ရွေးချယ်တောင်းဆိုလော့၊ငါသည်သင်တို့အားပေးခဲ့အံ့ဟုဆို၏၊ ထိုအခါ၊ဒုကူလ၊ပါရိကတို့က၊ ရွှေအိုးကြီးရတနာ၊ သားရှင်လာ သည်ကိုမြင်လိုပါ၏ဟု တချက်တည်းနှင့် ပြီးအောင် ဆိုသော ကြောင့်၊ မိမိတို့လည်းမျက်စိမြင်၊ သားတော်လည်းရှင်ပြီးလျှင်၊

ဓမ္မအိုးကြီးရတနာကိုလည်း ရဘူးလေ၏၊ ဤကဲ့သို့အလုံရှိသော စကားကိုမယုတ်မလွန်မူ၍ ပီပီအလိုသန္တနှင့်ပြည့်စုံအောင်ပြေခ ဆိုခြင်းသည်၊အိုးဘနုဆနံခတ်စကာ ပြောဆိုနည်းမည်၏၊

စတုတ္ထအုပ်ကိုဆက်၍ကြည့်ပါလေ၊

## (၅) ဆီပွတ်ကျည်ပွေ့စကားအကြောင်း။

ဆီပွတ်ကျည်ပွေ့စကား၊ ။ဆီကိုအလိုရှိသော သူသည်၊ နှမ်းကိုအထပ်ထပ်အကြိမ်ကြိမ် ပွတ်ကြိတ်ခြင်းအားဖြင့်၊ ဆီကို ထွက်အောင် ပြုသကဲ့သို့။ အလိုရှိသောစကားကို အကြိမ်ကြိမ် အထပ်ထပ်၊ လိုအပ်သောအကျိုးဖြစ်ထွန်းအောင်၊ မခြွတ်မထပ် ပြောဆိုခြင်းသည်ဆီပွတ်ကျည်ပွေ့စကားပြောနည်းမည်၏။

စကားပုံ ဖွဲ့သက်သေမှာ။ ။တစ်ရံရောအခါ ဘိုးတော် ဘုရားသည်၊မင်းဝံတောင်စွယ်၌၊ မင်းရှာဟူသောအမည်ရင်းကို ပျောက်၍၊ မင်းကွန်းဘုရား ကြီးတည်ရာသို့ ထွက်တော်မူရာ၊ မင်းကွန်းဘုရားကြီးတောင်ဘက်။ သဲမြို့ချောင်းအနီး၊ ထန်းမြင့် ဥယျာဉ်တော်၌ ဓိုလ်ရှုညီလာခံလျက်စံတော်မူ၏၊ ထိုသို့စံနေ တော်မူခိုက်တွင်၊ သည်းထန်စွာသောလေအနာသည့်၊ နိုင်ငံ ဘိစီးတော်မူရကား။ ခုနစ်ဥ်သမားတော်တို့ကို ခေါ်တော်မူ၍ မည်သည့်ဆေးဝါးဖြင့်သင့်လျော်ပါမည်နည်းဟုမေးတော်မူရာ၊ သမားတော်တို့လည်း။ နက္ခတ်ရာသီ၊ ကြိုက်ညီတော်သင့်သော အရာတို့ဖြင့်၊အသီးသီးတင်လျှောက်ကြကုန်၏၊ ဤသို့တင်လျှောက် သော်လည်း။ ဘဝရှင်မင်းတရားကြီးသည်၊ ခါး-ငံ-စပ်-ဖန်သော ဆေးဝါးတို့ကိုပွဲတော်မတည်လိုသဖြင့်၊သဘောကြိုက်ညီတော် မမူရကား။အမတ်ကြီးဦးပေါ်ဦးသို့ခေါ်တော်မူ၍၊ ပေါ်ဦး။ ကိုယ် တော်မြတ်သည် ထောပတ်ကိုပွဲတော်တည်သော်၊ သင့်လျော် ပါမည်လောဟုမေးတော်မူလေလျှင်၊ဦးပေါ်ဦးသည်ထောပတ်၏ ဓါတုရသတို့ကိုလွန်စွာချီးမွမ်း၍၊ ဘဝရှင်မင်းတရားကြီးအလို တော်ရှိသောထောပတ်လည်းသင့်လျော်လှပါ၏၊ မျှင်းရည်လည်း သင့်လျော်လှပါ၏ဟု သံတော်ဦးတင်လေ၏၊ ထိုအခါဘဝရှင် မင်းတရားကြီးက၊ ပေါ်ဦး။ တင်းလဲကိုရွေးစေ၍ နှမ်းဆီခပ်၍ ပွဲ တော်တည်သော်၊ သင့်လျော်ပါမည်လောဟု မေးတော်မူပြန် သော်။ဘုန်းတော်ကြောင့်၊ဆီ၂၊တင်းလဲ၊ စသည်လည်း ကောင်း

ပါ၏၊ ပျား၊ ရည်ထည်းသင့်လျော်ပါ၏ဟုတင်ပြန်၏။ ထိုအခါ ဘဝရှင်မင်းတရားကြီးက၊ ပေါ်ဦး၊ မောင်မင်းတင်သောပျားရည် ဒညင်ရင်း၊ ကိုယ်တော်မြတ်မေးတော်မူသော၊ ထောပတ်၊ တင်လဲ ဆီဦးစသည်တို့ထည်ရင်း၊ အဘယ် အစသည်သာလွန်၍ သင့် မြတ်ပါမည်နည်းဟုမေးတော်မူပြန်ရာ၊ ဘဝရှင်မင်းတရားကြီး မိန့်တော်မူသော ထောပတ်-တင်လဲ-ဆီဦးစသည်တို့ကို၊ ပျား ရည်နှင့်တကွ၊ အလေးတူကြို့ချက်၍စတုမဓုအဖြစ်ဖြင့် ပွဲတော် တည်လျှင်၊ သာလွန်၍သင့်လျော်ပါမည်၊ အဘယ်ကိုထောက်၍ သိရအံ့နည်းဟုပြောအံ့၊ သကျသာကီဝင်ဖြစ်သော ရဟန်းတော် တို့ကို၊ မြတ်စွာဘုရားခွင့်ပြုတော်မူရာဝယ်၊ သာသနာဟိတဖြစ်စေ ခြင်းငှါ၊ ကြွံရာပန့်ခါးထိုးစသည်ကို၊ နွားကျင်ငယ်ဖြင့်စိမ်၍၊ သုံး ဆောင်အပ်၏၊ ရှေးဘုန်းရှေးကံရှိ၍၊ အလွန်လှသော်များခဲ့ရ၊ ပျား- တင်းလဲ-ထောပတ်-ဆီဦး တို့ကို သုံးဆောင် ဧ ဝ်သေး၏ဟု ပရိယာတ်၊ ပဋိပတ်ကို အားထုတ်ကြကုန်သော၊ ရဟန်းသံဃာ တော်တို့အား၊ လေရောဂါမျှပပျောက်စေခြင်းအလို့ငှါ၊ ပရိယတ္တိ သာသနိသာရ၊ ဆေးအဖြစ်ဖြင့် ရင်းဆေးဝါးကိုစတုမဓုပြုလုပ်၍၊ သုံးဆောင်အပ်ကြောင်း၊ ပါရှိပါကြောင်းကို၊ ဗုဒ္ဓဘာဝါးတော်မြတ် အောက်၊ ရှိခိုးသံတော်ဦးတင်ပါသည့်ဘုရား ဟု လျှောက်ထား လေသော်၊ ဘဝရှင်မင်းတရားကြီး ႔ည် လွန်စွာနှစ်သက်တော် မူရကား၊ စတုမဓုပြုလုပ်၍၊ ပွဲတော်တည်တော်မူသောကြောင့်၊ အညီးထန်စွာသောလေ ႔ရောဂါသည်လျင်စွာအင်းပျောက် ချမ်း သာခြင်းသို့ရောက်လေ၏၊ ဤကဲ့သို့ မိမိလိုအပ်သောအကျိုးဖြစ် ထွန်းအောင်၊ စကြိမ်ကြိမ်အထပ်ထပ်၊ မပြတ်မလတ်ပြောဆို ခြင်းသည်၊ ဆီပွတ်ကျည်ပွေ့ စကားပြောနည်းမည်၏၊

## [ ၆ ] ဆင်ဖွေ့ရန်ရှောင်စကားအကြောင်း။

ဆင်ဖွေ့ရန်ရှောင်စကား။ ။ဆင်သည် ဖွေ့မည်ဟု လိုက် လာသောအခါ၊ ရပ်ခံလျက်နေလျှင်၊ ထိုထိုရန်ကွာနိသည် အားကြီး

လွှန်းသောကြောင့်ဘေးရောက်မည်ဖြစ်၍၊ ထိုကြောင့်မရစ်မခံ ဘဲဘိမ်းရှောင်လွှဲပယ်ကာနေမှသာလျှင်၊ချမ်းသာရာရမည်ဖြစ် သကဲ့သို့စကားဆိုရာ၌လည်း၊ ကိုယ်သို့ဘေးရောက်မည့်စကား များကိုရှောင်လွှဲ၍၊လျောက်ပတ်သင့်တင့်ရာပြောဆိုခြင်းသည်၊ ဆင်ဌေ့ရန်ရှောင်စကားပြောဆိုနည်းမည်၏၊

စကားပုံဝတ္ထုသက်သေမှာ၊ ၊ရှေးသရောအခါ၊မင်းဥက ရာဇ်တပါးသည်၊ ညီတော်ကိုအိမ်ရှေ့အရာအပ်နှင်းပေးသနား တော်မူလေ၏၊ညီတော်အိမ်ရှေ့မင်းသည် အခါတပါးကျောင်း ဆောက်လှူဒါန်းလေရာ၊ ကျောင်းတိုင်များကို၊ ယက်မအောက် မြေကြီးသို့ရောက်အောင် ရွှေချထားစေ၏၊ ထိုအခြင်းအရာကို၊ မြို့ဝန်တယောက်မြင်လေလျှင်၊မင်းဥက်ရာဇ်ကို တုပ၍၊မြေကြီး ထိအောင်ရွှေမချသင့်ဟုအောက်မေ့သည်နှင့်၊ ရွှေများကိုတိုက် ဖျက်စေ၏၊ ထိုအကြောင်းကို အိမ်ရှေ့မင်း ကျောင်းတော်သို့ လာရာတွင်မြင်တော်မူ၍၊ငါ့ကောင်းမှုကုသိုလ်ကိုမည်သူဖျက် ဆီးဘိသနည်းဟုမေးလေလျှင်၊ မြို့ဝန်ဘဦး ဖျက်ဆီးကြောင်း တင်လျှောက်ကြလေ၏၊ ထိုအခါ အိမ်ရှေ့မင်းသည်၊ ထန်စွာ သောဘာဇမာန်ဖြင့်နန်းတော်သို့ ပြန်လာပြီးသော်၊ မြို့ဝန်ကိုခေါ် စေ၍ရောက်လျှင်၊ မြို့ဝန်သည် ငါ့ကောင်းမှုတော်ကို အဘယ် ကြောင့်ဖျက်ဆီးဘိသနည်းဟု စစ်ဆေ မေးမြန်းတော်မူလေ၏၊ အိမ်ရှေ့မင်းကိုမြို့ဝန်ကတိုက်ရိုက် ဟုတ်တိုင်း မှန်ရာကို တင် လျှောက်ချေသော်၊ အသက် သေရအုံသည် ကို ကြောက်ရွံ့ သဖြင့်၊စကားဘိမ်းရှောင်လွှဲပယ်ကာ၊ဤသို့တင်လျှောက်လေ၏၊ အရှင် အိမ်ရှေ့ဝံဘုရား၊နောင်တော်ရွှေနန်းဘုရားသည်၊လူ့ပြည် ကိုငြီးငွေ့တော်မူ၍၊ နတ်ရွာသုဂတိသို့ပြောင်းလဲ စံမြန်းတော် မူသောအခါ၊နောင်တော်၏ဒွါရိပ်အရာ၊ရွှေထီးရွှေနန်းကို သိမ်း မြန်းအုပ်ချုပ်မင်းလုပ်တော်မူမည်ဖြစ်၍၊နောင်အထွတ်အမြတ် သို့ရောက်တော်မူသည့်ကာလ၊ ယခုကဲ့သို့ကျောင်းတော်ဆောက် လုပ်လှူဒါန်းလိုပါလျှင်၊ ရွှေချရန်ယက်မအောက်မြေတွင်ထိရုံသ

ရှိတော့သည်ဖြစ်၍၊ ပြည်သားပြည်သူ၊ ရှင်လူရဟန်းတို့က၊ မင်းကြေရာဇ်မဖြစ်မီ၊ အိမ်ရှေ့စံတော်မူစဉ် ဆောက်လုပ် လှူဒါန်းသော ကျောင်းနှင့် မင်းဖြစ်ပြီးမှ ဆောက်လုပ် လှူဒါန်းသော ကျောင်းတော်သည်၊ ကွဲပြား ခြားနားခြင်း မရှိဟူ၍ ဆိုဘွယ်ရှိသောကြောင့်၊ အရှင်ဘုရားသည်၊ နောင်ရွှေထီးရွှေနန်းသိမ်းမြန်းစိုးစံတော်မူသောအခါ၊ ဤကဲ့သို့သောကောင်းမှုတော် ကျောင်းကြီးကိုယာခုကစ၍ရွှေချ ဆောက်လုပ်လှူဒါန်းတော်မူလျှင်၊ ရွှေချရန်မရှိမည်ကို စိုးရိမ်မကောင်းဖြစ်ပါသဖြင့် အခန်းလွတ်ထားပါသည်ဟု တင်လျှောက်လေ၏။ အိမ်ရှေ့မင်းသည်လည်း၊ ဤသူသည်ငါ့၏အကျိုး ၊ လိုလားသောသူဖြစ်သည်ဟု မှတ်ယူတော်မူသဖြင့်မြို့စန်သည်ချမ်းသာရ ရသူလေသည်၊ ဤကဲ့သို့မိမိ ကိုယ်ကိုဘေးလွတ်အောင်၊ ဟုတ်ရာမှန်ရာလျှောက်ပတ် တင့်တယ်သောစကားဖြင့်ရှောင်လွှဲ၍ ပြောဆိုခြင်းသည်၊ ဆင်ခြေ ရန်ရှောင်စကားပြောဆိုနည်းမည်၏။

—◆◆◆◆—

## [၇] တောင်သူယာခုတ်စကားအကြောင်း။

တောင်သူယာခုတ်စကား။ ။တောင်သူတို့သည် ယာကိုခုတ်လျှင်၊ ချုံနွယ်၊ ပိတ်ပေါင်းတောစသော အပင်ငယ်များကို၊ ရှေးဦးစွာခုတ်သင် ရှင်းလင်းပြီးမှ၊ သစ်ကြီးဝါးကြီး စသည်တို့ကိုခုတ်လှဲသုတ်သင်ဘိသကဲ့သို့၊ စကားပြောဆို ရာ၌လည်း၊ စကားငယ်များကိုရှေးဦးစွာပြောဆို၍၊ နောက်မှ၊ စကားကြီးများဖြင့်မိမိလိုရာသို့ ရောက်အောင် ပြောဆိုခြင်းသည်၊ တောင်သူယာခုတ်စကားပြောဆိုနည်းမည်၏။

စကားပုံဝတ္ထုသာကော်အောမှာ။ ။ရှေးသရောအခါ၊ ဝိဒေဟရာဇ်မင်းကြီးသည်၊ ထိန်း၊ ဒေဝိန်း၊ ကာဝိန်း၊ ပုက္ကုသ်နှင့်သားတော်မဟောသဓာတို့အား၊ အချင်းတို့၊ ဉာဏ်ရှိသူနှင့်၊ ပညာရှိသူနှစ်ဦးတွင်၊ အဘယ်သူကမြတ်ပါသနည်းဟု မေးတော်မူလေလျှင်၊ သင်္နိအမတ်က၊ ဉာဏ်ရှိသောသူမြတ်ပါသည်ဆို၏။ မဟောသဓာ

ကလည်း။ သိန်းအမတ်မသိ၍သာ ဥစ္စာရှိသောသူမြတ်သည်ဟု ဆိုပါသည်၊ ပညာရှိသောသူက သာ၍ မြတ်ပါသည်ဟု ဆို၏၊ ဝိဓေယရ ဇာမင်းကြီး ကတဘန်၊ သိန်းအမတ်အား၊ အဘယ်နည်းဟု မေးတော်မူပြန်၏၊ ။သိန်းအမတ်ကလည်း။မဟော်သဓါသည်၊ ငယ်ရွယ်သူဖြစ်၍၊ နို့ရည်အနံ့ ခံတွင်းမှမပြယ်၊ မဝင်ကြွယ် သေးသောသူဖြစ်၍ သာ၊ ဤသို့ဆိုပါသည်၊ ဥစ္စာရှိသောသူကို၊ ပညာရှိသောသူမှစ၍၊ လူအပေါင်းတို့ခစားဝပ်တွားရသည်ဖြစ်၍၊ဥစ္စာရှိသောသူသာလျှင်မြတ်ပါသည်ဟုဆိုပြန်လျှင်၊ ဝိဓေယရာဇာမင်းက၊ဝေါ့သာ၊မဟော်သဓါက၊အဘယ်နည်းဟုမေးပြန်လေ၏ ထိုအခါ၊ မဟော်သဓါသုခမိန်က၊ သိန်းအမတ်ကြီးသည်မှန်ရာကိုမသိ၍ ဤသို့ဆိုခြင်းသာဖြစ်ပါသည်၊ ဥစ္စာသာရှိ၍ ပညာမရှိသောသူတို့သည်၊ကိုယ်လက်မကျန်းမမာ၊ရောဂါတစုံတခုကပ်ရောက်လာသောအခါ၊ အနာရောဂါမှ ကင်းလွတ်ရာရအောင်၊ ဆေးသမားဟူးရေး၊အရေအတွက်မြောက်သောပညာရှိတို့ထံသို့ သာသည်းကပ်ခစားရပါသည်၊ သို့ဖြစ်၍၊ ပညာရှိသောသူက သာ၍မြတ်ပါသည်ဟုဆို၏၊ ဝိဓေယရာဇာမင်းကြီးက၊ သိန်းအမတ်၊ အဘယ်နည်းဟုမေးပြန်လျှင်၊ သိန်းအမတ်က၊မဟော်သဓါ သတို့သားသည်မသိမ္မာသူဖြစ်၍၊ဤသို့ဆိုပါသည်၊ဥစ္စာရှိသူကို ဥပမာဖြင့် ဆိုရသည်ရှိသော်၊ အသီးအပွင့်နှင့် ပြည့်စုံစွာသော သစ်ပင်ကို၊ ခိုသိမ်းသော၊ ငှက်များ သတ္တဝါအပေါင်းတို့ သည်၊မှီခိုဆည်းကပ်ကြရသကဲ့သို့၊ဥစ္စာရှိသောသူကိုလည်း။ လူခပ်သိမ်းတို့မှီခိုဆည်းကပ်ကြရပါသည်၊ ထို့ကြောင့် ဥစ္စာရှိ သောသူသာလျှင် မြတ်ပါသည်ဟုဆိုပြန်၏၊ ဝိဓေယရာဇာမင်း ကြီးက မဟော်သဓါ အဘယ်နည်းဟုမေးပြန်လျှင်၊ သိန်းအမတ် သည်ရွှေတော်ကြီးနှင့်တူ၏၊ရွှေတော်ကြီးတို့မည်သည်၊ ထမင်း ဆုပ်ကျရာပိုင်းဖို့သကဲ့သို့၊တခဏမျှချမ်းသာကိုသာမြင်သည်၊ ဥစ္စာရှိ၍ ပညာကင်းမဲ့သော သူမိုက်တို့သည်၊ ကုသိုလ်၊ အ ကုသိုလ်တရားကိုပိုင်းခြား၍မသိ၊ အကုသိုလ်တရားကိုကျင့်၍

အပေါ်ယံဆင်းရဲခံရမည်ကိုမမြင်။ ပညာရှိသောသူမှာ။ မကောင်းသောအကျင့်ကိုပယ်၍။ ကောင်းသောတရားကိုကျင့်ကြံသဖြင့်။ ကောင်းသော သုဂတိသို့သွား၍။ ကောင်းကျိုးခံစားရမည်ကို သိမြင်သည်ဖြစ်သောကြောင့်။ ပညာရှိသောသူကသာလျှင် မြတ်ပါသည်ဟုဆို၏။ ဝိဒေဟရာဇ်မင်းကြီးက။ ထိုနှံအမတ်ကိုအသို့နည်းဟုမေးတော်မူပြန်လျှင် ထိုနှံအမတ်က။ မဟောသဓါသည်ဟုတ်မှန်ရာကိုမသိ၍သော။ ဤသို့ဆိုခြင်းဖြစ်ပါသည်။ မြစ်ကြီးငါးသွယ်။ မြစ်ငယ်ငါးရာတို့သည်။ မဟာသမုဒ္ဒရာထဲသို့သောပေါင်းဝင်စီးဆင်းကြရဘိ သကဲ့သို့။ လူခပ်သိမ်းတို့သည်။ ဥစ္စာရှိသောသူထံ သို့သာလျှင် ခစားလာကြရကုန်၏။

"ရှေးသားချာအခါ။ ဂေါဝိန္ဒသူဌေးသည်ခံတွင်းမှ အရည်အခွဲကျသည် ဖြစ်၍ မိမိ၏ဥစ္စာကြွယ်ဝချမ်းသာသောကြောင့်။ နတ်သွီးအဆင်းနှင့်တူသော မိန်းမငယ်တို့သည်။ ဝတ်ကောင်းစားလှတို့ကိုဆင်ယင်ကြ၍။ ကြာညိုပန်းတို့ဖြင့် အလှည့်ကျသုတ်ရပါသည်"ဤကိုဆောက်၍။ ဥစ္စာရှိသောသူသာလျှင်မြတ်ပါသည် ဟုဆို၏။ ဝိဒေဟရာဇ်မင်းကြီးက သားတော်မဟောသဓါအသို့နည်းဟုမေးပြန်လျှင်။ မဟောသဓါသခမိန်က။ ထိုနှံသည်လူကြီးပင် ဖြစ်သော် ငြားလည်း။ လူမိုက်ကြီး ဖြစ်ချေသောကြောင့်ဆိုခြင်းသာဖြစ်ပါသည်။ မဟာသမုဒ္ဒရာရေသည်ကမ်းသို့ရောက်လျှင်ပျောက်၍။ ကမ်းကို မလွန်ဆန်နိုင် ဘိသကဲ့သို့။ ဥစ္စာသာရှိ၍ပညာမရှိသောသူသည်။ သဘင်ပွဲလယ်သို့ရောက်သောကာလ။ ပညာရှိသူတို့၏နောက်ကနေရပါသည်။ ပွဲလယ်၌နေခြင်းငှါမထိုက်။ လျှာမဲ့သောငါးကဲ့သို့ ဆိတ်ဆိတ်သာနေရပါသည်။ ပညာရှိမှ သာပွဲသလယ်၌နေခြင်းငှါထိုက်၍။ ပညာရှိသောသူသာလျှင်။ သုခရှိသောစကားကိုပြော ဆိုတတ်သဖြင့်။ လူတကာချီးမွမ်းခြင်းကိုလည်း ခံထိုက်ပါသည်။ ဂေါဝိန္ဒသူဌေးမှာ။ ငရဲအရည်။ ယိုစီးတတ်သောကြောင့်။ ပွဲလည်၌ နေခြင်းငှါ မထိုက်ပါ။ ဥပမာဆိုသော်။ ဥမင်တွင်း၌ဥစ္စာပစ္စည်းအမြောက်

အမျှားရှိပါသော်လည်း။ ဆီမီးဟူသော အလင်းကိုရ၍သာရွေး ချယ်သုံးဆောင်နိုင်ပါသည်၊ ဆီမီး၏အလင်းကို မရခဲ့ပါလျှင်၊ ယူငင်သုံးဆောင်ခြင်းငှါမတတ်စွမ်းနိုင်သကဲ့သို့၊ ဥစ္စာရှိ၍ပညာ မရှိသောသူတို့သည်၊ ဆီမီးနှင့်တူသောပညာရှိနှင့်ကင်း၍ ချမ်း သာသုခကိုမရနိုင်သောကြောင့် ပညာရှိသောသူသာလျှင် မြတ် ၏ဟုဆို၏၊ သိန်းအမတ်က၊ မဟောသဓာသည်မသိ၍ ဤသို့ဆို ပါသည်၊ အရှင်မင်းကြီးသည် ဝိဒေဟရာဇ်တိုင်းနိုင်ငံနှင့်တကွ မိဖုရားပြည်ကြီးကို အစိုးရ၍ ရွှေထီးရွှေနန်းသခင် ဖြစ်တော် မူသောစည်းစိမ်ဥစ္စာရှင်ဖြစ်ခြင်းကြောင့်၊ကျွန်တော်မျိုးတို့ပညာ ရှိသူခမိန်ငါးယောက်သည်၊ဥစ္စာသခင်၊ အရှင်မင်းကြီးကိုနေ့စဉ် နေ့တိုင်းခစားရကြပါသည်၊ မဟောသဓာသည်မသိ၍ သူယုတ် မာတို့၏စကားကိုသာ ပြောဆိုလေ့ရှိခြင်းကြောင့်၊ ပညာရှိသော သူသာမြတ်သည်ဟု ဆိုခြင်း ဖြစ်ပါသည်ဟု လျှောက်ပြန်လေ သော်၊ဝိဒေဟရာဇ်မင်းကြီးက၊ ငါ့သာ မဟောသဓာအသို့နည်း ဟုဆိုလျှင်၊ အရှင်မင်းကြီး။ သိန်းသည်မသိမလိမ္မာ၍သာဆိုခြင်း ဖြစ်ပါသည်။သောကဗျိုပွင့်တော်မူကြွကုန်သော၊အဆင့်ဆင့်သောဗုဒ္ဓ ဘုရားရှင်တို့သည်၊ တချင်ရွေးသော ဥစ္စာကိုမျှ သိမြိုးတော် မမူပါ၊ ဓမ္မပိတ်ကျွန်းမြို့နေကြကုန်သော ပြည်တောင်ထီးဆောင်း နန်းနေမင်းအပေါင်းတို့သည်၊ ဦးညွှတ်၍ ပူဇော်ကြရပါသည်၊ လူ့ပြည်နတ်ပြည်ဗြဟ္မာပြည်မှစ၍၊နဂါး၊ဂဠုန်၊ဂန္ဓဗ္ဗ၊ ယက္ခ တို့ပါ၊ သုံးလူ့ထွဋ်ထား မြတ်ဘုရားနှင့်၊ ပစ္စေကဗုဒ္ဓါ၊ရဟန္တာ၊ ပညာရှိ သူတော်သူမြတ်ကိုသာလျှင်၊ ခစားဆည်းကပ်ကြရပါ သည်၊ထို့ဖြစ်၍ပညာရှိသောသူသာ မြတ်ပါသည်ဟုဆို၏၊ ဝိဒေ ဟရာဇ်မင်းကြီးက၊သိန်းသုခမိန် အသို့နည်းဟုမေးပြန်လျှင်၊ သိန်း အမတ်သည်၊ ရေကုန်သောငါးကဲ့သို့၊ ချေဆိုစရာ စကားမရှိ သဖြင့်ဦးခေါင်းကိုချ၍ဆိတ်ဆိတ်နေရလေ၏၊ထိုအခါ၊ ဝိဒေဟ ရာဇ်မင်းကြီးက၊ပညာရှိမြတ်၏ဟု၊ သားတော်မဟောသဓာဆို သောစကားသည်မှန်ပေ၏၊ ဤလောကသုံးပါးတွင်၊ အတုမရှိ

သော သမ္မာညဏ်တဥာဏ်ကိုရတော်မူသော မြတ်စွာဘုရားထက်။ အဘယ်ဥစ္စာရှိသူသည် သာလွန်နိုင်ဦးမည်နည်း၊ ဥစ္စာရှိသော သူထက် ပညာရှိသောသူ မြတ်ပေ၏ဟု ဆိုလျက် ဘုရားတော် မဟောသော ဓာအားများစွာသော ဒေသနာတော်တို့ကိုပေးသနားတော် မူလေ၏၊ ဤကဲ့သို့ရှေးဦးစွာ၊ စကားငယ်တို့ကိုပြောဆို၍၊ နောက် မှစကားကြီးတို့ကိုဖွင့်ပြီးလျှင်၊ ဟုတ်တိုင်းမှန်ရာဖြင့်၊ မိမိလိုရင်း အချက်သို့ရောက်အောင်ပြောဆိုခြင်းသည်၊ ထောင်သွယ်ခတ် စကားပြောနည်းမည်၏၊

## (၈) ကြက်ဆေတ်ခွပ်ပစ်စကားအကြောင်း၊

ကြက်ဆုတ်ခွပ်ပစ်စကား။ ။ကြက်တို့ခွပ်ကြသည့်အခါ၊ ရှေ့တိုးနောက်ဆုတ်ပြုံ့သုပ်လျက်၊ စီးမိမှသာခွပ်ကြဘိသကဲ့သို့၊ စကားပြောဆိုရာ၌လည်း၊ သူ့အလိုသို့လိုက်တန့်လိုက်၍၊ စီးမိမှ သာ၊ မိမိအလိုသို့ရောက်အောင်ပြောဆိုခြင်းသည်၊ ကြက်ဆုတ် ခွပ်ပစ်စကားပြောဆိုနည်းမည်၏၊

စကားပုံဝတ္ထုသက်သေမှာ၊ ။ရှေးသရောအခါ၊ ရခိုင်ပြည် ကအမတ်ပညာရှိနှင့် အင်းဝပြည်က၊ အမတ်ပညာရှိတို့စကား စစ်ထိုးကြရာ၌၊ ရခိုင်ပညာရှိအမတ်ကပြောဆိုသည်မှာ၊ ရခိုင် မည့ဝတီပြည်ကြီးသည်ကား၊ နတ်ပြည်နတ်နန်းကဲ့သို့၊ တင့်တယ် လျောက်ပတ်၍၊ လိုရာဆန္ဒဟူသမျှနှင့်ပြည့်စုံသဖြင့်၊ တိုင်းသူ ပြည်သား၊ လူအများတို့သည်၊ ငြိမ်းချမ်းသာယာဝပြောခြင်းရှိ၍၊ ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၌သာ မွေ့လျော်ကြ၏၊ ဗုဒ္ဓနန်းရှင်မင်းကြီးသည်လည်း၊ မင်းကျင့်တရား ဆယ်ပါးနှင့်အညီကျင့်တော်မူ၍၊ ပြည်သူပြည်သားတို့မှာ၊ ရော ဂါဘယမရှိဘဲ၊ ငြိမ်းချမ်းသာယာစွာနေကြရ၏ဟုဆိုလျှင်၊ အဝ ပညာရှိအမတ်က၊ ထိုကဲ့သို့ပြောဆိုသောစကားသည်၊ မိမိသို့ မရောက်မထိခိုက်သည်ကိုသိ၍၊ တုတ်မှန်ဘွယ်ရှိ၏ဟုဆိုလေ၏၊

ထိုနောက်၊အာဝပညာရှိအမတ်ကား၊ကျွန်ုပ်တို့သခင်အဝရွှေနန်း ရှင်၏နိုင်ငံတော်သည်၊စည်ပင်သာယာဝပြောစွာရှိ၍သောကြောင့်ဆယ်နှစ်ရာသီ၊တနှစ်ပတ်လုံး၊တနေ့တခြား၊ အလှူဒါန၊ ပွဲသမ်းသဘင်ပြုလုပ် ကျင်းပဘန်များ၍၊ မည်သူ တဦးတယောက်မှပွဲသမ်းသဘင်မကြည့်ကြပဲ လေ၏၊ ထိုစကားကို၊ ရခိုင်ပညာရှိအမတ်ကြားလေလျှင်၊အာဝပညာရှိအမတ်ပြောသောစကားကိုကြားသိရပေပြီ၊ သို့ရာတွင်၊ ကျွန်ုပ်-၏ အရပ်သို့ဆိုက်ရောက်လာသောအခါ၊က အာဝသူ၊အာဝသားတို့ ၊ ည်၊အတိုင်းမသိ တိုး၍မပေါက်အောင် လာရောက်ကြည့်ရှုကြသည်ကား၊ အဘယ့်ကြောင့်နည်းဟု မေးလေလျှင်၊အာဝပညာရှိအမတ်ကရခိုင်ပညာရှိအမတ်သာစဉ်ကား၊ အာဝသူအာဝသားတို့၊ ဆီးကြိုရ၍အတိုင်းမသိကြည့်ရှုကြသည်ဟုဆိုသည်မှာ၊ ဟုတ်ကောင်း ဟုတ်လေသိမ့်မည်၊အာဝသူအာဝသားတို့သဘောသည်၊မင်းကြီးကရေ့ဇ၏မင်္ဂလာဆင်တော်ကို၊ရွှေကြိုး၊ရွှေကထာင်လျက်၊ အထီးအမှတ်နှင့်နေ့စဉ်နေ့တိုင်းမပြတ် သုံးကြိမ်စီ ရေချသည်ကို၊ တဦးတယောက်မှကြည့်ရှုမည့်သူမရှိပါ၊ တောဆင်ရိုင်းကို ဆောင်ယူလာမှသာအတိုင်းမသိတိုး၍ ကြည့်တတ်ကြ၏၊ အသင် အမတ်ကြီးကိုလည်း၊ ရခိုင်လူရိုင်း၊လူပိုင်းဖြစ်သည်ဟုထင်မှတ်၍၊ ကြည့်ရှုကြသည်ဟုပြောလေလျှင်၊ရခိုင်ပညာရှိကား၊ သင်စကားတချက်စီးမိပေ၏ဟုဆို၍အရှုံးခံရဘူးလေ၏၊ ဤကဲ့သို့စကားကိုမိမှသာစီး၍လိုရာသို့ရောက်အောင် ပြောဆိုခြင်းသည်၊ ကြက်ခရတ်ခွပ်ပစ်စကားပြောနည်းမည်၏။

## (၉) ရေစစ်ကရားစကားအကြောင်း။

ရေစစ်ကရားစကား။ ။ရဟန်းတော်များဆောင်ထွေ့ရှိသောရေစစ်ခမောက်ရိုက်ကို၊ ရေတွင်နှစ်၍၊ ရေပြည့်မှ၊ လေပေါက်ကိုလက်မဖြင့်ပိတ်ဆို့ကာသွဲ့ယူလျှင်၊ ရေမထွက်နိုင်၊ အပြည့်ပါလာသကဲ့သို့၊ စကားပြောဆိုရာ၌လည်း၊ သူတပါးပြောဆိုသော

စကားကိုမထွက်မလွှတ်နိုင်အောင် ပိတ်ဆို့၍၊ တခါတည်းမှိမှိ လိုရာသို့ရောက်အောင် ပြောဆိုခြင်းသည် ရေစစ်ကာရေးစကား ပြောဆိုနည်းမည်၏။

စကားပုံဝတ္ထုဆက်သောမှာ၊ ။ရှေးလွန်လေပြီးသောအခါ၊ သူအိုဘယောက်နှင့် သူငယ်လေးယောက် တို့သည် ယုံတမ်းစကားပြောကြသည်တွင်၊ မယုံဘူးဆိုသူကို ကျွန်ပြုစေမည်ဟု ချိန်းချက်၍ပြောဆိုကြလေ၏။

(၁) သူငယ်တယောက်က ပြော ဆိုသည်မှာ၊ ငါ့ကိုအမိ ပဋိသန္ဓေနေသည်တွင်၊ အမိသည်ချဉ်သီးစားချင်သည်ကိုငါသိ၍၊ အမိဝမ်းတွင်းကထွက်ပြီးလျှင်၊ချဉ်သီးရှာ၍ အမိကိုပေးပြီးမှ ဝင်မြဲဝင်၍နေသည်၊ ငါ့အမိလည်းမသိပါ၊ သည်စကားကိုယုံကြပါ၏လောဟုမေးလျှင်၊ယုံကြပါ၏ဟုဆိုကြလေ၏။

(၂) ထို့ပြင် သူငယ်တယောက်က ပြောဆိုပြန်သည်မှာ၊ ငါသည်မကျည်းသီးစားချင်သောကြောင့်၊မကျည်းပင်သို့တက် ရာ၊မတက်နိုင်သည်နှင့်၊ ခြေမကိုကိုင်၍ပစ်လိုက်ရာ၊ မကျည်း ပင်ပေါ်သို့လွှပါရောက်သွား၍၊ မကျည်းသီး သုံးရာငါးဆယ့် ခြောက်တင်းရရှိပြီးနောက်၊ မကျည်းပင်ပေါ်မှဆင်းရာ မဆင်း နိုင်သည်နှင့်၊အိမ်သို့ပြန်သွားပြီးလျှင်၊ လှေကားယူခဲ့၍၊ မကျည်း ပင်မှာ ထောင်ပြီးသောအခါမှ ဆင်းသက်လာခဲ့ရသည်၊ ထို စကားကိုယုံကြပါ၏လောဟုမေးလျှင်၊ ယုံကြပါ၏ဟုဆိုကြလေ၏။

(၃) ထို့နောင် သူငယ်တယောက်က ပြောပြန်သည်မှာ၊ ငါသည်ငါးစားချင်သောကြောင့်၊ ရေထဲမှာငါးကိုငုတ်၍ လိုက် လျှင်၊ငါးတခုကိုဘမ်းဆီးရမိသော်လည်း၊ မယူနိုင်၍ရေထဲတွင်၊ ငါးကိုမီးဖုတ်ပြီးလျှင်၊ကျက်သောအခါမှ၊ ဝွှာစား၍ငါလာခဲ့ရ သည်၊ယုံကြပါ၏လောဟုမေးလျှင်၊ ယုံကြပါ၏ဟုဆိုကြလေ၏။

(၄) ၎င်းပြင်ကျန်သူငယ်တယောက်က ပြောပြန်သည်မှာ၊ ငါတို့၏မိဘအိမ်သည်အလွန်ကြီးမြင့်လှသောကြောင့်၊အိမ်တွင်

စေခိုင်းထားသော။ ကျွန်မပြည့်ဝသည်။ သားမွေးသွားရေ တွင်း၊ ကလေးသည်ကြမ်းပေါက်ကြားမှအိမ်အောက်သို့ကျသွားလေ၏ ထိုသူငယ်သည် ဆံပင်ဖွေးဖွေးဖြူမှ အောက်သို့ရောက်သည်၊ မသေမပျောက်မကျိုးမပဲ့ပါ။သည်စကားကိုယုံကြပါ၏လောဟု မေးလျှင်။ယုံကြပါ၏ဟုဆိုကြလေ၏၊

(၅) ဤကဲ့သို့သူငယ်လေးယောက်သည်၊ အသီးသီးပြောဆို၍ပြီးသောအခါ၊ သူဒိုက၊ ထခါငါပြောတော့မည်။ မင်းတို့နားထောင်ကြဟုဆို၍။ပြောသည်မှာ။ငါတောင်ယာလုပ်သောအခါ ဝါစေ့ကြဲ၏။ ဝါပင်ကြီးပေါက်လာသောအခါ၊ ထိုဝါပင်ကြီး၌ အကိုင်းလေးကိုင်းထွက်၍၊ တကိုင်းလျှင် ဝါသီးတလုံးစီသီး၏၊ ထိုဝါသီးထဲက။သူငယ်လေးယောက်ပေါက်လာ၍၊ ကောင်းမွန်စွာကျွေးမွေးထားသဖြင့်၊ သူငယ်တို့သည်။ အသက်နှစ်ဆယ်ကျော်ခရောက်ခန့်ရှိလျှင်၊ အိမ်မှထွက်ပြေးတိမ်းရှောင်သွားကြ၏၊ ငါသည်။ ထိုသူငယ်တို့ ကို လိုက်လံရှာဖွေရာ။ ယခုမှတွေ့ရ၏။ သင်တို့လေးယောက်တို့သည်။ ငါ့ဝါသီးကပေါက်သောသူငယ်များဖြစ်ကြပေသည်၊ ထို့ကြောင့်ငါ့ကျွန်ချည်းဖြစ်တော့သည်။ ထိုကျွန်တို့၏အမည်ကား။တယောက်ကံ့ဗိဇ္ဇ။တယောက်ကိုနန္ဒ။ တယောက်ကိုကုမာရ။တယောက်ကိုဘာသိတ။ ငါအမည်မှည့်ထား၏၊ မင်းတို့လေးယောက်သည် ငါ့ကျွန်ချည်းဖြစ်ကြသည်၊ ဟုဆို၍ထိုစကားကိုယုံကြပါ၏လောဟု မေးလေလျှင်၊ ယုံပါ၏ ဟုဆိုလျှင်လည်း ထိုသူဒိုး၏ ကျွန်ဖြစ်မည်၊ မယုံပါဟုဆိုလျှင်လည်း။ထိုသူဒိုး၏ကျွန်ဖြစ်မည်၊ ထိုသူငယ်လေးယောက်သည် စကားမတုံ့ပြန်နိုင်သောကြောင့်၊ ကျွန်ဖြစ်ဘူးလေ၏၊ ဤကဲ့သို့ သူ့စကားကိုပိတ်မိ၍။ မိမိအလိုသို့ရောက်ရှိအောင်ပြောဆိုခြင်းသည်၊ရေစက်ကရေးစကားပြောနည်းမည်၏၊

## (၁၀) ခက်ထင်မောင်းနှင်းစကားအကြောင်း၊

ခက်တင်မောင်းနှင်းစကား။ ။စကားကိုဟုတ်၏ဟု၍လည် မဆို။မဟုတ်ဟု၍လည်းမဆို၊မတင်မကျနှစ်ခွန်းထွက်၍။မှုသာ

ဝါဒမှကြဉ်ရှောင်ကား၊ဝိနည်းပရိယာယ်၊ရာဇပရိယာယ်၊ပညာရှိပရိယာယ်အားဖြင့် ပြောဆိုခြင်းသည် ခက်တင်မောင်းနှင်းစကားပြောဆိုနည်းမည်၏။

စကားပုံဝတ္ထုသက်သေကား။ ။ရှေးသရောအခါ၊ လူဆိုးတယောက်သည်။ မှူးမတ်တို့ကို အလွန်အကြူး၊ အထူးသဖြင့်ညဲ့မိသောကြောင့်၊ ဘမ်းဆီးချည်နှောင်၍ ထောင်းသတ်မည်ပြုရာတွင်၊လူဆိုးကငါသည်တခြားလူမဟုတ်၊တောင်ဘီလာဆရာတော်ဘုရားကြီး၏တူဖြစ်သည်ဟုဆိုလေလျှင်၊ မှူးမတ်များက၊ ဆရာတော်ဘုရားကြီး၏တူမှန်လျှင်မသတ်သင့်ဟုဆိုပြီးနောက် ထိုသူကိုဆရာတော်ဘုရားကြီးထံတော်သို့ ခေါ်သွားကြ၍၊ အကျိုးအကြောင်း ငိုပြောပြီးလျှင်၊ဤသူကား။ ဆရာတော်ဘုရားကြီး၏တူတော်ဖြစ်သူဟုပြောပါသည်။မှန်သည်၊ မမှန်သည်ကို အမိန့်ရှိတော်မူပါဘုရားဟုလျှောက်ထားကြလေ၏၊ဆရာတော်ဘုရားကလည်း။ ထိုသူငါ့တူမဟုတ်ဟုဆိုလိုက်လျှင်၊ ဧကန်စင်စစ်သေဘေးချောက်ရှာတော့မည် အကယ်၍ ဟုတ်၏ဟုဆိုလိုက်ပြန်ကလည်း။ငါ့မှာမုသားမလွတ်ရှိချေတော့မည်ဟုကြံ၍၊ နှစ်ခွန်းထွက်စကားဖြင့်"ထိုသူကိုငါ့တူမဟုတ်ဟု မည်သူကဆိုသနည်း"ဟုမြွက်ဟတော်မူပြီးလျှင်၊ရှေ့ခြေမပျက်၊ စကားဆက်ထက်၍မပြောဘဲ၊ဆိတ်ဆိတ်နေတော်မူလေ၏၊ထိုအခါ၊မှူးမတ်တို့သည်၊စကားကိုမယူဆနိုင်ဘဲ၊ ရှင်းလင်းခြင်းမရှိ၊ ဖြစ်သော်ပြောလည်း၊ နောက်တဖန်ထပ်မံပြန်လှန်၍၊ မလျှောက်ထားဝံ့ကြသဖြင့်၊ကျောင်းတော်မှဆင်းလာကြ၍၊ ထိုလူဆိုးကိုဆရာတော်ဘုရား၏အမှတ်ထင်ကြခြင်းကြောင့် ချမ်းသာခွင့် ပေးလိုက်ကြရလေ၏၊ ဤကဲ့သို့စကားနှစ်ခွန်းမတင်မကျ၊ ဝိဝိလိုရာရောက်အောင်ပြောဆိုခြင်းသည်၊ခက်တင်မောင်းနှင်းစကားပြောနည်းမည်၏။

# နိဂုံးချုပ်။

မြန်မာဘာသာ၊ကဗျာရင့်များ၏၊အနှစ်သာရကိုခံစားနိုင်ကြရန်၊မြန်မာတိုင်းသူ၊ ကျောင်းသား-ကျောင်းသမီးများအတွက်၊ ဤမျှသောအစီအစဉ်ဖြင့်၊ အနှစ်သာရကို၍၊ ရှေးဦးစွ သင်ကြားနည်းယူလိုသူတို့၏ လိုလားရာဖြစ်သော၊ ကဗျာဆီ၊ ကဗျာနှစ်၊ ကဗျာညွှန့်များကို၊ တကွနက်ပေါင်းရ ဘော်ဖြစ်ရာ ဖြစ်သော၊ အကြွင်းသို့သော ကဗျာညွှန့်ပေါင်း၊နည်းလမ်းကောင်း၊ Fssen Tias of Burmese pr0s0dy, စာအုပ်သည်၊ပြီးမြောက်အောင်မြင်ခြင်းသို့ရောက်ပေပြီ၊ဤအကျိုးဆက်ကြောင့်၊ ကျွန်ုပ်အားလိုလားအပ်သောဆုထူး၊ဆုမြတ်တို့နှင့်တကွနက် ပြည့်စုံသည့်ဖြစ်ပါစေသတည်း။

ပြီး၏။